BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၇၃) ခရစ်နှစ်၊ ၂၀၀၆ ခုနှစ်၊ မေလ | မြန်မာသက္ကရာဇ် (၁၃၆၈) | ( ၁၅-၁-၈၉ ) ရက်နေ့တွင်စတင်တည်ထောင်သည်။

# လူထု၏မကျေနပ်ချက်များ တိုက်ပွဲဆီသို့ဦးတည် ဝါရင့်သတင်းစာဆရာမကြီး လူထုဒေါ်အမာသတိပေး



ဝါရင့်သတင်းစာဆရာမကြီး လူထုဒေါ်အမာ

နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ စတင်ရန် အဲန်အယ်လ်ဒီ၏ နောက်ဆုံးကမ်းလှမ်းချက်ကို နအဖဘက်က ဆက်လက်ငြင်းဆန်နေလျှင် လူထု၏မကျေနပ်မှုများသည် မကြာမီ ပေါက်ကွဲမှုတခုဆီသို့ ဦးတည်လာနိုင်သည်ဟု အမေလူထုဒေါ်အမာက သတိပေး ပြောဆိုလိုက်သည်။

ဧပြီလ (၂၅) ရက်နေ့ ဒီဗွီဘီနှင့်ဆက်သွယ်မေးမြန်းခန်းတွင် မန္တလေးမြို့တွင်နေထိုင်သော ဝါရင့်သတင်းစာဆရာမကြီး လူထုဒေါ်အမာက နအဖသည် အဲန်အယ်လ်ဒီက ပေးထားသော တွေ့ဆုံဆွေးနွေးရေး ထွက်ပေါက်များကိုမယူဘဲ ဆက်လက်အချိန်ဆွဲနေလျှင် လူထုပေါက်ကွဲနည်းကသာ စစ်တပ်အုပ်ချုပ်ရေးကို အဆုံးသတ်လိမ့်မည်ဟု ဆိုသည်။

"..... ..... အဲန်အယ်လ်ဒီက ဘယ်လိုပဲ ထွက်ပေါက်ပေးပေး သူတို့မယူတတ်ဘူး။ ..... ..... မမျှော်လင့်တဲ့နေရာ မထင်မှတ်တဲ့နေရာကနေပေါက်ကွဲမှုတွေဖြစ်လာမယ်။ အဲ့တော့မှ ပဲစခန်းသိမ်းမယ်။ ငါတော့ ဒီလိုပဲထင်တယ်။ ပေါက်ကွဲမှုဖြစ်မှ ထင်တာပဲ ..... ....." ဟု အမေလူထုဒေါ်အမာကပြောသည်။

အမေလူထုဒေါ်အမာသည် ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး ကျောင်းသားလှုပ်ရှားမှုများတွင် တက်ကြွစွာတိုက်ပွဲဝင်ခဲ့ပြီး လွတ်လပ်ရေးခေတ်ဦး လူထု၏မီးရှူးတန်ဆောင်ဖြစ်သော လူထုဂျာနယ်နှင့် လူထုသတင်းစာတွင် လက်ထောက်အယ်ဒီတာနှင့် အယ်ဒီတာအဖြစ် တာဝန်ယူ၍ သတင်းစာခေါင်းကြီးများရေးသားခဲ့သည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် သခင်ကိုယ်တော်မှိုင်းနှင့်အတူ ပြည်တွင်းစစ် ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး (၁၉၆၀) အလွန်နှစ်များတွင် နိုင်ငံခြားတိုင်းပြည်များသို့ နိုင်ငံကိုယ်စားပြုသတင်းစာဆရာအဖြစ် သွားရောက်ခဲ့သည်။

ယခုအခါ အသက် (၉၀) ရှိပြီဖြစ်သော အမေမာသည် လူမှုရေးနှင့်မြန်မာယဉ်ကျေးမှုဆိုင်ရာ စာပေဆောင်းပါးများရေးသားနေဆဲဖြစ်ပြီး တိုင်းပြည်၏ နိုင်ငံရေးအကြပ်အတည်းကို ဖြေရှင်းနိုင်ရန် အမျိုးသားရင်ကြားစေ့ရေး အမြန်ဆောင်ရွက်ကြရန် မကြာခဏမေတ္တာရပ်ခံ တိုက်တွန်းခဲ့သည်။

အရပ်ဘက်နှင့် စစ်ဘက်ဝန်ထမ်းလစာများကို (၅) ဆမှ (၁၁) ဆသို့တိုးမြှင့်မည်ဟု နအဖက ကြေညာခဲ့ပြီးနောက်ပိုင်းတွင် နိုင်ငံတကာငွေလဲလှယ်နှုန်းတွင် မြန်မာကျပ်ငွေဈေးနှုန်း သိသိသာသာကျဆင်းလာပြီး၊ ဆန်၊ ဆီစသော အခြေခံစားကုန်များ မရပ်မနားဈေးတက်နေသဖြင့် လူထုမှာ ထမင်းနပ်မမှန်အောင်ဖြစ်နေသည်ဟု ရန်ကုန်မြို့ခံတဦးက ပြောသည်။

ပြီးခဲ့သည့်လ (၂၁) ရက်နေ့က ထုတ်ပြန်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြေညာချက်တွင် တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေးအခြေအနေများ စိုးရိမ်ရသည့် အနေအထားဖြစ်နေပြီး နိုင်ငံတကာမှအကူအညီများ အပူတပြင်းလိုအပ်နေသည်ဟု ဖော်ပြထားသည်။

မကြာခင်က မြန်မာပြည်၏ကျန်းမာရေးအခြေအနေကို သွားရောက်စုံစမ်းခဲ့သော သတင်းထောက် (Orlando de Guzman) က မြန်မာနိုင်ငံတွင် အေ့စ်ရောဂါ အခြေအနေဆိုးရွားနေပြီး ဆေးရုံများတွင် ဆေးဝါးပြတ်လပ်မှုများကြုံနေရသည်ကို သူမြင်တွေ့ခဲ့ရသည်ဟုဆိုသည်။

ဤအတောအတွင်း နအဖဗိုလ်ချုပ်မှူးကြီးသန်းရွှေက "ဒီမိုကရေစီစနစ်တည်ဆောက်ရေးသည် အချိန်ယူတည်ဆောက်ရမည့်ကိစ္စဖြစ်ပြီး၊ ပထမအဆင့်အနေဖြင့် တိုင်းပြည်ကိုတည်ငြိမ်အောင် စီးပွားရေးခိုင်မာအောင်တည်ဆောက်ရမည့်အပြင်"လူတွေကို ဒီမိုကရေစီစနစ်ဆိုတာဘာလဲ ဆိုတာသိအောင် အရင်လုပ်ရဦးမည် "ပြောကြားခဲ့သည်။

❖




ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၊ ကိုကိုကြီးတို့နှင့် အတူ

## အဲန်အယ်လ်ဒီ၏ ကမ်းလှမ်းချက်ကို နအဖ လက်မခံ မတရားအသင်း ကြေညာမည်ဟု ခြိမ်းခြောက်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တွေ့ဆုံဆွေးနွေးမည်မဟုတ်ဟု နအဖပြန်ကြားရေးဝန်ကြီးက ဧပြီလ (၂၆) ရက်နေ့တွင် ပြောကြားလိုက်သည်။

ရှမ်းပြည်နယ် ကျိုင်းတုံတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဗိုလ်မှူးချုပ်ကျော်ဆန်းက ယခုကဲ့သို့ ပြောဆိုလိုက်ခြင်းဖြစ်ပြီး အဲန်အယ်လ်ဒီပါတီသည် တရားမဝင်အဖွဲ့အစည်းများနှင့် ဆက်သွယ်နေသဖြင့် အချိန်မရွေး ဖျက်သိမ်းပစ်နိုင်သည်ဟု ခြိမ်းခြောက်ခဲ့သည်။

နအဖဝန်ကြီး၏ ပြောဆိုချက်နှင့်ပတ်သက်၍ အဲန်အယ်လ်ဒီပြောခွင့်ရသူ ဦးဉာဏ်ဝင်းက 'ဖေဖော်ဝါရီလ (၁၂) ရက်နေ့ ကျနော်တို့ ဒုတိယအကြိမ်ကြေညာခဲ့တဲ့ နောက်ထပ်ကြေညာချက်ကို အဖြေမပေးဘဲနဲ့ အကြောင်းပြနေတာပါ' ဟု မှတ်ချက်ပေးပြီး ယခုကဲ့သို့ အကျိုးမဲ့စွပ်စွဲနေမည့်အစား တိုင်းပြည်အတွက် အကျိုးရှိမည့် အသွင်ကူးပြောင်းရေး ကာလတခုအတွက် အတူတကွ စလုပ်သင့်သည်ဟုဆိုသည်။

ဧပြီ (၂၁ ) ရက်နေ့ နောက်ဆုံးထုတ်ပြန်ချက်တွင် အဲန်အယ်လ်ဒီက ယခင်ပြည်ထောင်စုနေ့တောင်းဆိုချက်များကို လုပ်ငန်းပိုင်းဖြည့်စွက်၍ တိုင်းပြည်တွင်အထွေထွေအကြပ်အတည်းကြောင့် ပြည်သူများအတိဒုက္ခရောက်နေကြောင်း၊ တိုင်းပြည်၏ပြဿနာကိုဖြေရှင်းရန် နိုင်ငံရေးဆွေးနွေးပွဲများအမြန်စရန် နအဖကို ထပ်မံတောင်းဆိုခဲ့သည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ (၁၂) ရက် ပြည်ထောင်စုနေ့ကမ်းလှမ်းချက်တွင် အဲန်အယ်လ်ဒီက ပြည်သူ့ကိုယ်စားလှယ်များပါဝင်သော လွှတ်တော်ခေါ်ယူပေးရေးနှင့် အမျိုးသားရင်ကြားစေ့ရေးကို ဦးတည်သော တွေ့ဆုံဆွေးနွေးပွဲများပြန်စရန် နအဖကို တောင်းဆိုခဲ့သော်လည်း နအဖကအကြောင်း

စာမျက်နှာ (၈) ကော်လံ (၁)သို့....

ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) အတည်ပြု

အချပ်ပိုသို့

မင်းဆိုးကို ⚡မိုးကြိုး⚡ ပစ်ပြီ

## အယ်ဒီတာ့အာဘော်

# အာတီကယ် (၂၀) ပါ အခွင့်အရေးအတွက် တိုက်ပွဲဝင်ကြ

နအဖ စစ်အစိုးရ၏ သတင်းထုတ်ပြန်ရေးကော်မတီသည် ယခုနှစ်ဧပြီလ (၉) ရက်နေ့နှင့် (၂၇) ရက်နေ့များတွင် သတင်းစာရှင်းလင်းပွဲ (၃/၂၀၀၆) နှင့် (၄/၂၀၀၆) တို့ကို ပြန်ကြားရေးဝန်ကြီးမှ ဦးဆောင်ကျင်းပခဲ့သည်။

ပထမ သတင်းစာရှင်းလင်းပွဲတွင် အဲန်အယ်လ်ဒီပါတီဝင်များ၊ ဝါရင့်ပုဂ္ဂိုလ်များအား ပြင်ပရောက်အကြမ်းဖက်သူများနှင့် ဆက်သွယ်မှုရှိနေကြောင်း အဓိကထားရှင်းလင်းခဲ့ပြီး ဒုတိယသတင်းစာရှင်းလင်းပွဲတွင်မူ အဲန်အယ်လ်ဒီအား မတရားသင်းကြေညာနိုင်ရန် ခိုင်လုံတဲ့အထောက်အထားများ ရှိနေပြီဖြစ်ကြောင်း၊ နအဖအနေနှင့် အဲန်အယ်လ်ဒီနဲ့တွေ့ဆုံဆွေးနွေးရေးကို ဆောင်ရွက်မည်မဟုတ်ကြောင်း ရှင်းလင်းခဲ့သည်။

လေ့လာသူတဦးကမူ ၃/၂၀၀၆ သည် အဲန်အယ်လ်ဒီအား မတရားသင်းကြေညာနိုင်မည့်အချက်အလက်များကို လုပ်ကြံဖန်တီးတင်ပြထားပြီး ၄/၂၀၀၆ တွင်မူ ကြေညာမည်ဟုခြိမ်းခြောက်ခြင်းဖြစ်ကြောင်း ယခုလောလောဆယ် မဟုတ်စေကာမူ နောင်ကာလတခုတွင် ယင်းသို့ လုပ်ကောင်းလုပ်လာနိုင်မည်ဖြစ်ကြောင်း မှတ်ချက်ချပြောဆိုခဲ့သည်။

အဲန်အယ်လ်ဒီနှင့် နအဖအကြား ယခုဖြစ်ပွားနေသောပြဿနာကို အသေအချာသုံးသပ်ကြည့်ပါက "သူခိုးကလူဟစ်"သော ပြဿနာဖြစ်သည်။ အဲန်အယ်လ်ဒီ သည် (၁၉၉၀) ပြည့် ရွေးကောက်ပွဲမှ လူထုတရပ်လုံး၏ (၈၀) ရာခိုင်နှုန်းကျော်ဆန္ဒမဲဖြင့် အခွင့်အာဏာပေးအပ်ခံရသော အစိုးရဖွဲ့စည်းရမည့် တရားဝင်နိုင်ငံရေးအဖွဲ့အစည်းဖြစ်သည်။ နအဖမှုကား ပြည်သူလူထုကိုသတ်ဖြတ်လျက် စစ်အာဏာသိမ်းပြီး အာဏာရယူထားသော တရားမဝင်အဖွဲ့အစည်းဖြစ်သည်။ တရားမဝင်အဖွဲ့အစည်းက တရားဝင်အဖွဲ့အစည်းအား တရားမဝင်ကြောင်း ကြေညာမည်ဟူသော ကြွေးကြော်မှုသည် လောကပါလတရားသုံးပါးကို ပြက်ရယ်ပြုလှောင်ပြောင်မှုသာဖြစ်သည်။ ဤပျက်ရယ်ပြုမှုသည်လည်း မဝေးကွာလှသောကာလတရပ်တွင် ပြည်သူတို့၏ လှိုင်းတံပိုးပမာပြင်းထန်သောဒဏ်ခတ်တုန့်ပြန်မှုကို ခံရမည်ဖြစ်ပေသည်။

မြန်မာပြည်၏ ဒီမိုကရေစီဖြစ်ထွန်းရေးကြိုးပမ်းမှုသည် ရှည်ကြာလေးဖင့်သည်နှင့်အမျှ ခက်ခဲကြမ်းတမ်းလှသည်။ အဘယ်ကြောင့် ဘာကြောင့်ဟူ၍ ညည်းညူနေ၍မရ။ မည်သူကိုမျှအပြစ်တင်၍မရ။ ကျားကုတ်ကျားခဲ စိတ်ဓာတ်ဖြင့် မဆုတ်မနစ်ကိုယ့်အားကိုယ်ကိုးကာ ကြိုးပမ်းကြရမည်မှာ ယနေ့ကာလ မျိုးချစ်ပြည်ချစ်လူငယ်များ၏ တာဝန်ဖြစ်သည်။ ယနေ့ကာလ ဒီမိုကရေစီရေးလှုပ်ရှားမှုအား သေနင်္ဂဗျူဟာအရ ရှုမြင်ရာတွင် "ဆန်စင်ရာကျည်ပွေ့ မလိုက်ဘဲ" "အသီးတရာအညှာတခု" မူကို ကျင့်သုံးရန်လိုအပ်သကဲ့သို့၊ အလျှော့ပေးစေ့စပ်နိုင်မည့်အရာများ၊ အပေးအယူလုပ်နိုင်မည့်ကိစ္စများရှိသော်လည်း တပြိုင်တည်းမှာပင် နှလုံးသည်းပွတ်ကဲ့သို့ တန်ဘိုးထား၍ အပေးအယူမလုပ်သင့်ပဲ စောင်ရှောက်ရမည့်စံတန်ဘိုးများ ကိုလည်း သတ်သတ် မှတ်မှတ် ချမှတ်ထားသင့်ပေသည်။ ယင်းသို့ စောင့်ရှောက်တန်ဘိုးထားလျက် အမြဲမပြတ်ရယူ အရေးဆိုတိုက်ပွဲဝင်မည့်အခွင့်အရေးမှာ ကုလသမဂ္ဂ လူ့အခွင့်အရေးကြေညာစာတမ်း အပုဒ် (၂၀) ပင်ဖြစ်သည်။ ယင်းအခွင့်အရေးမှာ လူတိုင်းလူတိုင်း ငြိမ်းချမ်းသောနည်းဖြင့် လှုပ်ရှားဆောင်ရွက်နေသော အဖွဲ့အစည်းများသို့ ဝင်ရောက်ပိုင်ခွင့်ရှိသည်ဆိုသည့်အချက်ဖြစ်သည်။ အတိအကျ ဆိုရလျှင် (က) လူသားတိုင်း ငြိမ်းချမ်းစွာ လူစုလူဝေး စုဝေးပိုင်ခွင့်နှင့် အသင်းအဖွဲ့များ ထူးထောင်ပိုင်ခွင့်ရှိသည်။ (ခ) မည်သူတဦးတယောက်ကိုမျှ ၎င်း၏ဆန္ဒသဘောထားမပါဘဲ အသင်းအဖွဲ့များသို့ သွတ်သွင်းခြင်းအလျဉ်းမရှိစေရဟု ကြေညာချက်တွင် ဖော်ပြထားသည်။ ဤအခွင့်အရေးသည် ခေတ်မီ၍ တိုးတက်ဖွံ့ဖြိုးသော လူ့အဖွဲ့အစည်းတရပ်ဖြစ်ပေါ်ရေးအတွက် အခြေခံအကျဆုံးသော စံတန်ဘိုးတရပ်ဖြစ်သည့်အတွက် နှလုံးသည်းပွတ်ပမာ စောင့်ရှောက် ကာကွယ်ကြရမည်ဖြစ်ကြောင်း တင်ပြအပ်ပေသည်။

❖

# ဒေါ်အောင်ဆန်း စုကြည်နှင့် မြန်မာ့နိုင်ငံရေးအကြောင်း အိန္ဒိယနိုင်ငံ၏ အထက်တန်းကျောင်းသုံးစာအုပ်တွင်ဖော်ပြ



အသစ်ပြင်ဆင်ပြဋ္ဌာန်းလိုက်သော အိန္ဒိယနိုင်ငံ၏ အထက်တန်းကျောင်းစာအုပ်တွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာ့နိုင်ငံရေးအကြောင်းကို ထည့်သွင်းထားကြောင်း သိရှိရသည်။

(၂၀၀၆–၂၀၀၇) ပညာသင်နှစ်တွင် စတင်မည့် နဝမတန်း နိုင်ငံရေးသိပ္ပံစာအုပ်တွင် ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်၏ မြန်မာ့ဒီမိုကရေစီရေး ဦးဆောင်ကြိုးပမ်းမှုများအပြင် မြန်မာနိုင်ငံရှိ ထောင်ချီသော နိုင်ငံရေးအကျဉ်းသားများကိစ္စ၊ (၁၉၉၀) ရွေးကောက်ပွဲရလဒ်ကို စစ်အုပ်စုက အသိအမှတ်မပြုဘဲ အကြောက်အကန် ဆက်လက်ငြင်းပယ်နေသည့်ကိစ္စတို့ကို မြန်မာ့နိုင်ငံရေး နောက်ခံသမိုင်းကြောင်းများနှင့် ပြည့်ပြည့်စုံစုံဖော်ပြထားသည်။

ယခုပြဋ္ဌာန်းချက်အသစ်ကို အိန္ဒိယအစိုးရ လူသားစွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနလက်အောက်ခံ အမျိုးသားပညာရေးသုတေသနနှင့် လေ့ကျင့်ရေးကော်မတီက ပြုစုခဲ့ခြင်းဖြစ်ပြီး၊ ပြည်နယ် (၂၈) ခုအနက် (၁၀) ပြည်နယ်တွင် ပြဋ္ဌာန်းသင်ကြားမည်ဖြစ်ကြောင်းသိရှိရသည်။

နယူးဒေလီမှ အထက်တန်းကျောင်းသားတဦးက ကျောင်းသုံးစာအုပ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာ့နိုင်ငံရေးအကြောင်းကို ထည့်သွင်းပြဋ္ဌာန်းလိုက်ခြင်းဖြင့် အိန္ဒိယကျောင်းသူကျောင်းသားများအနေဖြင့် မြန်မာ့နိုင်ငံရေးအပေါ် နားလည်စာနာနိုင်လာရုံမျှမက အနာဂတ်မျိုးဆက်များအကြားတွင် မြန်မာ့ဒီမိုကရေစီအရေးကို ပိုမိုထောက်ခံလာမည့် အကျိုးဆက်များရှိလာမည့်ဖြစ်သဖြင့် ဝမ်းမြောက်မိသည်ဟု ဆိုသည်။ အိန္ဒိယသည် ယခင်က မြန်မာ့ဒီမိုကရေစီအရေးကို အပြည့်အဝထောက်ခံခဲ့သောနိုင်ငံဖြစ်သော်လည်း (၁၉၉၀) အလွန်နှစ်များမှစ၍ စစ်အုပ်စုနှင့် စီးပွားရေးအရ ပိုမိုဆက်ဆံလာခဲ့သည်။ လေ့လာသူများက ဒီမိုကရေစီစနစ်ကျင့်သုံးသော အိန္ဒိယနိုင်ငံ၏ ပေါ်လစီအပြောင်းအလဲသည် နအဖနှင့်၎င်း၏အာရှပြိုင်ဖက်တရုတ်နိုင်ငံတို့ ပိုမိုနီးကပ်လာမည်ကို စိုးရိမ်ရာမှ စတင်လာခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

လောလောဆယ်တွင် အိန္ဒိယနှင့်တရုတ်တို့သည် မြန်မာနိုင်ငံမှ ဓာတ်ငွေ့ကိုရယူရန် အပြိုင်အဆိုင်အားထုတ်နေကြပြီး၊ အပြန်အလှန်အနေဖြင့် နအဖက နှစ်နိုင်ငံစလုံးမှ နည်းပညာနှင့် ငွေကြေးအကူအညီရအောင် ကြိုးပမ်းလျက်ရှိသည်။

အိန္ဒိယသည် မြန်မာနိုင်ငံအား ဂြိုလ်တုဆက်သွယ်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ (၁၀) သန်း ချေးငွေထုတ်ပေးထားပြီး မြန်မာဘက်ကလည်း အိန္ဒိယကုမ္ပဏီများကို မြန်မာနိုင်ငံတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသည်။

အိန္ဒိယနိုင်ငံ၏ သမိုင်းဖတ်စာသစ်တွင် ဒေါ်အောင်ဆန်းစုကြည်၏ ဒီမိုကရေစီအရေးကြိုးပမ်းချက်ကို ကမ္ဘာက အသိအမှတ်ပြုကြောင်းရေးသားထားပြီး မြန်မာနိုင်ငံရေးအပြောင်းအလဲအတွက် နိုင်ငံသားအားလုံးပူးပေါင်းပါဝင်ရန်လိုအပ်ကြောင်း ဒေါ်စု၏ ပြောကြားချက်ကိုလည်း ကိုးကားထားသည်။

ဒေါ်အောင်ဆန်းစုသည် အသက် (၁၅) နှစ်အရွယ်တွင် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်အဖြစ် တာဝန်ပေးအပ်ခံရသော မိခင်ဒေါ်ခင်ကြည်နှင့်အတူ အိန္ဒိယနိုင်ငံသို့ လိုက်ပါသွားခဲ့ပြီး ဒေလီတက္ကသိုလ်တွင် ပညာသင်ကြားခဲ့သည်။

ရွေးကောက်ပွဲရလာဒ်ကို စစ်အုပ်စုက အသိအမှတ်မပြုဘဲ
အကြောက်အကန် ဆက်လက်ငြင်းပယ်နေသည့်ကိစ္စ...
မြန်မာ့နိုင်ငံရေးအပေါ် နားလည်စာနာနိုင်လာရုံမျှမက
အနာဂတ်မျိုးဆက်များအကြားတွင် မြန်မာ့ဒီမိုကရေစီအရေးကို
ပိုမိုထောက်ခံလာမည့် အကျိုးဆက်များရှိ လာမည်ဖြစ်သဖြင့်...

❖



# မင်းကိုနိုင်နှင့် ကျောင်းသားမျိုးဆက်များကို ပြန်လည်ဖမ်းဆီးရန် နအဖကြံစည်



ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်နှင့် ကိုကိုကြီး

မင်းကိုနိုင်အပါအဝင် ဒီမိုကရေစီအရေးလှုပ်ရှားနေသောကျောင်းသား နိုင်ငံရေးအကျဉ်းသားဟောင်းများကို ပြန်လည်ဖမ်းဆီးနိုင်ရန်အတွက် အချက်အလက်များ ရှာဖွေပြင်ဆင်ထားရန် နအဖအဆင့်မြင့်ခေါင်းဆောင်များက လျှို့ဝှက်ညွှန်ကြားထားကြောင်း အာရ်အက်ဖ်အေ သတင်းအရ သိရှိရသည်။

(၁၁) ကျောင်းသား ခေါင်းဆောင်များဖြစ်သော မင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဒေးကြွယ်တို့၏ လှုပ်ရှားမှုများကို အနီးကပ်စောင့်ကြည့်၍ အချိန်မရွေး အမှုဆင်ဖမ်းဆီးနိုင်ရန် ညွှန်ကြားထားချက်များကို တပ်တွင်း လျှို့ဝှက်မှတ်တမ်းများမှ မိမိတို့သတင်းရရှိထားသည်ဟု အာရ်အက်ဖ်အေ သတင်းတပုဒ်ကဆိုသည်။

နအဖ ထိပ်ပိုင်းခေါင်းဆောင်များက မင်းကိုနိုင်သည် ဒေါ်အောင်ဆန်းစုကြည်ပြီးလျှင် အလားအလာအရှိဆုံးခေါင်းဆောင်ဖြစ်သဖြင့် မင်းကိုနိုင်၏လှုပ်ရှားမှုများကို သတိကြီးကြီးဖြင့် စောင့်ကြည့်ရန် ညွှန်ကြားထားကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

နအဖ၏ အဆိုပါ ကြံရွယ်ချက်ကို နိုင်ငံရေးအကျဉ်းသားဟောင်းများ ကူညီစောင့်ရှောက်ရေးအသင်းမှ တွဲဖက်အတွင်းရေးမှူး ကိုဘိုကြည်က "လူမိုက်ဆန်သော နိုင်ငံရေးအောက်လမ်းနည်း"ဟု ကင်ပွန်းတပ်လိုက်ပြီး နအဖသည် ပြန်လည်ဖမ်းဆီးမည့် နိုင်ငံရေးအကျဉ်းသားဟောင်းများကို စနစ်တကျစာရင်းပြုစုထားသည့်သတင်းကို မိမိတို့လည်း ရရှိထားသည်ဟုဆိုသည်။

"စာရင်းပြုစုထားပြီးတဲ့အခါကျတော့ အနီရောင်အဆင့်၊ အဝါရောင်အဆင့်၊ လိမ္မော်ရောင်အဆင့်ဆိုပြီးတော့ သတ်မှတ်ထားတာတွေရှိတယ်၊ အဲဒါက မြန်မာနိုင်ငံထဲမှာ တခုခုဖြစ်ခဲ့တယ်ဆိုလို့ရှိရင် အနီရောင်အဆင့် သတ်မှတ်ထားတယ်ဆိုတဲ့ သူတွေကို ချက်ချင်းဖမ်းဖို့၊ အဝါရောင်အဆင့် သတ်မှတ်ထားတယ်ဆိုတဲ့သူတွေကို ဘယ်လိုဆက်ဆံဖို့၊ ဘယ်လို လုပ်ကြံဖို့ဆိုတာတွေကို စနစ်တကျစီစဉ်ထားတယ်ဆိုပြီးတော့ ကျနော်တို့ ကြားသိရတာရှိတယ်" ကို ဘိုကြည်ကပြောသည်။

ဆက်လက်၍ ကိုဘိုကြည်က နအဖသည် ကြံ့ဖွံ့အဖွဲ့ကို အသုံးပြု၍ မင်းကိုနိုင်၊ ကိုကိုကြီးစသော ကျောင်းသားခေါင်းဆောင်ဟောင်းများ၏အသက်ကို ရန်ရှာလာနိုင်သည့်အတွက် စိုးရိမ်မိသည်ဟုဆိုသည်။

နအဖသည် (၂၀၀၃) ခုနှစ် မေလက ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် အဲန်အယ်လ်ဒီခေါင်းဆောင်များကို သတ်ဖြတ်ရန်အတွက် "ဒီပဲယင်းလူသတ်ပွဲ"ကို ဖန်တီးခဲ့သည်။ စစ်ကိုင်းတိုင်း၊ ဒီပဲယင်းအနီး၊ ကျည်ရွာတွင်ဖြစ်ပွားခဲ့သော ယင်းလုပ်ကြံမှုအတွင်း လူရာပေါင်းများစွာ အသက်ဆုံးခဲ့သည်။

မကြာမီက နိုင်ငံရေးအကျဉ်းသားဟောင်း ကိုသက်နိုင်ဦးကို လူပုံအလယ်တွင် စည်ပင်ရဲနှင့် မီးသတ်အဖွဲ့များက ဝိုင်းဝန်းသတ်ဖြတ်မှု ဖြစ်ပွားပြီးနောက်ပိုင်းတွင် ပြည်တွင်း၌ ဒီမိုကရေစီရေးလှုပ်ရှားနေ သော လူငယ်ကျောင်းသားခေါင်းဆောင်များကို လုပ်ကြံသတ်ဖြတ်မည်ဆိုသော သတင်းများ ထွက်ပေါ်လာခဲ့သည်။

ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်ကယခုကဲ့သို့ အန္တရာယ်ရှိနေသည့် အခြေအနေတွင် ဒီမိုကရေစီအင်အားစုများအနေဖြင့် သတိကြီးကြီးဖြင့် တရားဥပဒေအတိုင်း ဖြောင့်ဖြောင့်မတ်မတ် ရင်ဆိုင်သွားမည်ဟု ပြောဆိုထားသည်။

❖

# ကဗျာစာအုပ်ထုတ်ဝေသဖြင့် အဖမ်းခံထားရသောကျောင်းသားများကို ပြန်လွှတ်ပေးရန် သတင်းသမားကာကွယ်ရေးအဖွဲ့များ တောင်းဆို

ကဗျာစာအုပ်ရေးသားဖြန့်ချိသဖြင့် လွန်ခဲ့သောနှစ်လခန့်က အဖမ်းခံထားရသော ပဲခူးတက္ကသိုလ်မှ ကျောင်းသားများကို ပြန်လွှတ်ပေးရန် နယ်ခြားမဲ့သတင်းထောက်များအဖွဲ့နှင့်ပြည်ပအခြေစိုက် မြန်မာ့သတင်းသမဂ္ဂတို့က တောင်းဆိုလိုက်သည်။

ပဲခူးကောလိပ်မှ ကျောင်းသား (၇) ဦးသည် "ဒေါင်းမာန်" အမည်ရှိ ကဗျာစာအုပ်ကို ရေးသားထုတ်ဝေခဲ့ကြသဖြင့် မတ်လ (၂၉) ရက်နေ့က ဖမ်းဆီးခံခဲ့ရသည်။

အဖမ်းခံရသူများတွင် ကျောင်းသူ (၂) ဦးနှင့် ကျောင်းသား (၅) ဦး ပါဝင်ပြီး ဧပြီလ (၁၀) နေ့က ကျောင်းသူ (၂) ဦးနှင့် ကျောင်းသား (၃) ဦးကိုပြန်လွှတ်ပေးခဲ့သည်။

ကဗျာရေးသားသူထဲမှ ကိုမောင်မောင်ဦး၊ ကိုဇေယျာအောင်နှင့် ကဗျာစာအုပ်များနှင့်အတူ မြဝတီမြို့တွင် အဖမ်းခံခဲ့ရသူကိုအောင်သန်းကို ပဲခူးထောင်တွင် ဆက်လက်ဖမ်းဆီးထားပြီး တရားမဝင် စာအုပ်ထုတ်ဝေမှုဖြင့် ရုံးထုတ်စစ်ဆေးနေခဲ့သည်။

ပြည်နည်းပညာတက္ကသိုလ်တွင် (၂၀၀၀) ခုနှစ်က ကဗျာစာအုပ်ထုတ်ဝေမှုဖြင့် ထောင် (၅) နှစ်ကျခံခဲ့ရသူ ကျောင်းသားတဦးက "ကျနော်တို့တုန်းကလည်း အင်းစိန်အထူးခုံရုံးမှာ ရုံးထုတ်တာပါပဲ။ ရှေ့နေလည်းငှားခွင့်မပေးဘူးဗျ။ ကျနော်တို့ကို လာဖမ်းတဲ့ရဲက သက်သေလုပ်တယ်။ ထောင်ဘယ်နှယ်နှစ်ချတယ်ဆိုတာကို လာအသိပေးတဲ့သဘောပါပဲ"ဟုပြောသည်။

အာဏာပိုင်များသည် ပြီးခဲ့သည့် မတ်လက ပျဉ်းမနားမြို့ကားလမ်းပေါ်တွင် ရှုခင်းဓာတ်ပုံရိုက်သော ဓာတ်ပုံသမား ဓာတ်ပုံသတင်းထောက်နှစ်ဦးကို ဖမ်းဆီးထောင်ချခဲ့ပြီး (၅) ရက်အကြာတွင် ကျောင်းသား (၇) ဦးကို ကဗျာရေးသားမှုဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

နယ်ခြားမဲ့ သတင်းထောက်များအဖွဲ့က နအဖသည် သတင်းထောက်များ၏ လွတ်လပ်စွာပုံနှိပ်ထုတ်ဝေခွင့် အာဏာသုံးပိတ်ပင်နေသည်သာမက လူငယ်များ၏ အခွင့်အရေးများကိုလည်း ကန့်သတ်ချုပ်ချယ်လျက်ရှိသည်ဟုရှုတ်ချသည်။

နယ်ခြားမဲ့သတင်းထောက်များအဖွဲ့၏ အာရှနှင့်ပစိဖိတ်ရေးရာတာဝန်ခံ ဗင်းဆင့်ဘရော့ဆဲလ်က လွတ်လပ်စွာပြောဆိုရေးသားခွင့်ကိုပိတ်ပင်သော လူ့အခွင့်အရေးချိုးဖောက်မှုသည် မြန်မာပြည်တွင် အဆန်းတကျယ်မဟုတ်သော်လည်း ၎င်းတို့အတွက်မူ အထိတ်တလန့်ဖြစ်စေသည့် ကိစ္စဖြစ်သည်ဟု ပြောသည်။

နအဖ၏ ပုံနှိပ်ထုတ်ဝေမှုကို ကန့်သတ်ထားသော ဥပဒေအရ ကျောင်းသားများကို ထောင်ဒဏ် (၇) နှစ် ချမှတ်ဖွယ်ရှိကြောင်း သိရှိရသည်။❖

# ကျောင်းသားနိုင်ငံရေးအကျဉ်းသား ကိုသက်ဝင်းအောင် လွတ်မြောက်ရေးလှုံ့ဆော်ပွဲ လန်ဒန်တွင်ကျင်းပ

ဒီမိုကရေစီအရေးလှုပ်ရှားမှုကြောင့် မန္တလေးထောင်တွင် ထောင်ဒဏ် (၅၉) နှစ်ကျခံနေရသော ကိုသက်ဝင်းအောင် လွတ်မြောက်ရေးလှုံ့ဆော်ပွဲတခုကို မေလ (၂) ရက်နေ့တွင် လန်ဒန်မြို့တွင်ကျင်းပရန် ပြင်ဆင်ထားကြောင်းသိရသည်။

ယင်းလှုံ့ဆော်ပွဲကို ဘာလေရင်ပြင်တွင် ကျင်းပမည်ဖြစ်ပြီး နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ယူကေမှ တာဝန်ယူစီစဉ်နေခြင်းဖြစ်သည်။ ထိုလှုပ်ရှားမှုအတွင်း ကိုသက်ဝင်းအောင် လွတ်မြောက်ရေးတောင်းဆို လက်မှတ်ရေးထိုးထားသော လက်မှတ်ခြောက်သောင်းကျော်ကို ပါလီမန်အဖွဲ့ဝင်တဦးကလက်ခံပြီး နအဖသံရုံးသို့ ပေးပို့သွားမည်ဟုလည်းသိရသည်။

ယခုအခါ အသက် (၃၃) ရှိပြီဖြစ်သော ကျောင်းသားခေါင်းဆောင် ကိုသက်ဝင်း


ကိုသက်ဝင်းအောင်

အောင်သည် (၁၉၉၈) ကျောင်းသားလှုပ်ရှားမှုကို ဦးဆောင်မှုတွင် ဖမ်းဆီးခံခဲ့ရပြီးကလေး၊ ခန္တီးစသော ဝေးလံသောထောင်များသို့ ပြောင်းရွှေ့ချုပ်နှောင်ခံခဲ့ရသည်။

ယခုအခါ မန္တလေးထောင်တွင် အကျဉ်းကျခံနေရသော ကိုသက်ဝင်းအောင်သည် ကျန်းမာရေးဆိုးရွားနေပြီး ခန္ဓာကိုယ်အောက်ပိုင်းသေသကဲ့သို့ ဖြစ်နေသည့်အတွက် ဘီးတပ်ကုလားထိုင်ဖြင့်သွားနေရသည်ဟု သူ့အား ထောင်ဝင်စာသွားတွေ့ခဲ့သည့် အကိုဖြစ်သူ (၈) လေးလုံး မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးဖြစ်သူ ကိုပြုံးချိုက ဒီဗွီဘီသို့ပြောသည်။

ကိုသက်ဝင်းအောင် လွတ်မြောက်ရေးအတွက် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးကတောင်းဆိုနေပြီး ကျန်ရှိနေသော နိုင်ငံရေးအကျဉ်းသား (၁၃၀၀) ကို အမြန်ဆုံးလွှတ်ပေးရန်လည်း အဖွဲ့ကတောင်းဆိုထားသည်။

❖

# ရှမ်းမျိုးဆက်သစ်ခေါင်းဆောင်ကွယ်လွန်


ဦးမြင့်သန်း

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးနှင့်အတူ အဖမ်းခံထားရပြီး ရခိုင်ပြည်နယ်၊ သံတွဲမြို့ အကျဉ်းထောင်တွင် နှစ်ရှည်ထောင်ချခံနေရသူ ရှမ်းမျိုးဆက်သစ်မှ ဦးမြင့်သန်း (၅၅) နှစ်သည် မေ (၂) ရက်နေ့ညက သံတွဲဆေးရုံကြီးတွင် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

ယမန်နှစ် နိုဝင်ဘာလက ထောင်ဒဏ် (၇၉) နှစ် ပြစ်ဒဏ်ကျခံခဲ့သော ဦးမြင့်သန်းသည် ယခင်က ကျန်းမာရေးကောင်းသူဖြစ်သော်လည်း ထောင်ထဲတွင် ရင်ဘတ်အောင့်ရောဂါနှင့် လေဖြတ်ရောဂါကို ခံစားခဲ့ရသည်။

ထို့နောက် ရောဂါအခြေအနေဆိုးရွားလာသဖြင့် မတ်လတွင် သံတွဲသို့ ဆေးရုံတက်ကုသခံခဲ့ပြီး၊ ရင်ဘတ်ကို နှစ်ကြိမ်တိုင်တိုင်ခွဲစိတ်ကုသခဲ့သော်လည်း ရောဂါမှာ မသက်သာဘဲ ယခုကဲ့သို့ ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

ဦးမြင့်သန်း ယခုကဲ့သို့ ရုတ်တရက် ကွယ်လွန်သွားသဖြင့် မြန်မာနိုင်ငံအစွန်အဖျား ဝေးလံခေါင်သီသောဒေသများရှိ အကျဉ်းထောင်ထဲများသို့ ပို့ထားခြင်းခံထားရသော အသက်ကြီး ရှမ်းခေါင်းဆောင်များ၏ ကျန်းမာရေးကို စိုးရိမ်မိသည်ဟု ဦးခွန်ထွန်းဦးတို့၏အမှုကို ဆောင်ရွက်ပေးနေသည့် ရှေ့နေဦးအောင်သိန်းက ပြောသည်။❖

# လူထုနည်းမှတပါး အခြားမရှိ

ကျနော်တို့က အာဏာခွဲဝေသုံးစွဲဖို့ အတွက် ကျနော်တို့က ပြောနေတာမဟုတ် ပါဘူး။ အခုကျနော်တို့ ပြောနေတဲ့ဟာက အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်ကို တွေ့ဆုံဆွေးနွေးကြဖို့ ပြောဆိုနေခြင်းသာ ဖြစ်ပါတယ်။ အဲဒီလိုပြောနေတာလည်း အကြိမ်ကြိမ်အခါခါရှိနေပါပြီ။ ပြီးတော့ ကျနော်တို့က ပြည်သူ့လွှတ်တော်ခေါ်ယူဖို့အတွက်ကို ဆောင်ရွက်ဖို့ပြောနေတာဟာလည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထုတ်ပြန်ထားတဲ့ ရွေးကောက်ပွဲဥပဒေနဲ့အညီ ...

ဇွန်ပိုင်း

(၁)

(နအဖ) စစ်အုပ်စုက ခုတလောမှာ ဒီဇိုင်းအဆန်းတွေလုပ်လုပ်လာတယ်။

သတင်းစာရှင်းလင်းပွဲတွေကို ရန်ကုန်မှာမလုပ်တော့ပဲ လားရှိုးမှာလုပ်လိုလုပ်၊ ကျိုင်းတုံမှာလုပ်လိုလုပ် နေရာတွေအမျိုးမျိုးပြောင်းပြီးလုပ်လာတယ်။

အော်လ်တာနေးတစ် ဖြစ်အောင်ထင်ပါရဲ့။

ဘာအထူးအဆန်းတွေရှိလို့ ရှင်းတာလဲလို့သိရအောင် (MRTV) မှာ စောင့်ကြည့်ဖြစ်ပါတယ်။ ရှင်းနေလိုက်တာ လျှားကြီးနံ့ရှည်ပါပဲ၊ တော်တော်နှင့်မပြီးနိုင်ဘူး။

ဖဲသုံးချပ်ကစားသလို အလံရှူးနဲ့ဘာနဲ့။ ငါက ဒီလိုဖြေလို့ကောင်းအောင် မင်းကဒီလိုထမေးပေးဆိုတဲ့ အချိုးတွေလည်းတွေ့ရတယ်။ ဂျာနယ်လစ်ထဲမှာလည်း အဲဒီလို ဂျာနယ်လစ်စုန်းပြူးတွေက ရှိနေတတ်တာကလား။ တော်တော်ညနက်အောင် ကြည့်ယူရတယ်။ ဘာများပါမှာလဲလို့ အသေအချာ အာရုံထည့်ပြီး ကြည့်ကြည့်တဲ့အခါ.... ပြန်ကြားရေးဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းရဲ့ ခပ်ရမ်းရမ်းအဖြေတွေကိုကြားရတယ်။

''အဖွဲ့ချုပ်ဘက်က ကမ်းလှမ်းထားတဲ့ နိုင်ငံတကာအကူအညီလက်ခံရေးနှင့် ပတ်သက်ပြီးဆွေးနွေးဖို့ရှိပါသလား''လို့ သတင်းထောက်တဦးက မေးတော့ ....

''မရှိပါဘူး''တဲ့။ ဗိုလ်မှူးချုပ်ကျော်ဆန်းရဲ့အဖြေက အတော်ပြတ်ပါတယ်။

''ဘာကြောင့်ပါလဲ'' လို့ ထပ်မေးတော့

''အဲန်အယ်လ်ဒီနှင့်ဆွေးနွေးဖို့ နိုင်ငံတော်အစိုးရဘက်က အကြိမ်ကြိမ်ကြိုးစားခဲ့ပါတယ်။ ဥပမာ (၁၉၉၃) တုန်းက အမျိုးသားညီလာခံကိုတက်ဖို့ ဖိတ်ကြားခဲ့တယ်။ အဲန်အယ်လ်ဒီက တဝက်တပျက်သာတက်ပြီး (၁၉၉၅) မှာ ထွက်သွားတဲ့အတွက် ညီလာခံကိုရပ်နားလိုက်ရပါတယ်။ အခုတခါ (၂၀၀၄) မှာပြန်စတဲ့၊ ညောင်နှစ်ပင်မှာပြန်စတဲ့ အမျိုးသားညီလာခံကိုလည်း ဖိတ်ပါတယ်။ အဲန်အယ်လ်ဒီကမတက်ပဲ သပိတ်မှောက်ခဲ့တယ်။ ဒါ့အပြင် အဲန်အယ်လ်ဒီပါတီဟာ လူထုရဲ့ယုံကြည်မှုကိုမရတော့တဲ့ပါတီဖြစ်ပါတယ်။ အဲန်အယ်လ်ဒီဟာ နိုင်ငံခြားကဆရာကြီးတွေအကြံပေးတဲ့အတိုင်း အသုံးတော်ခံနေတဲ့အတွက် ဒီလိုအဖွဲ့မျိုးနှင့်ဆွေးနွေးဖို့ မလိုတော့ပါဘူး''တဲ့။ ခပ်တင်းတင်းပဲ ပြန်ဖြေပါတယ်။ ဆက်ပြီးနားထောင်ကြည့်တဲ့အခါ....

တရားမဝင်အဖွဲ့အစည်းတွေ၊ အကြမ်းဖက်အဖွဲ့အစည်းတွေနှင့် အဲန်အယ်လ်ဒီ အဆက်အသွယ်ပြုလုပ်နေတဲ့ အချက်အလက်များ အပြည့်အစုံရရှိထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် သဘောထားကြီးစွာနှင့် စိတ်ရှည်လက်ရှည် သည်းခံနေပါကြောင်း၊ အဲန်အယ်လ်ဒီကို မတရားအသင်းကြေညာရန် အချက်အလက်များ အပြည့်အစုံရှိကြောင်း ဗိုလ်မှူးချုပ်ကျော်ဆန်းရဲ့ စွပ်စွဲခြိမ်းခြောက်သံတွေကို ဆက်တိုက်ကြားလိုက်ရပါတယ်။

(၂)

ဒီအချက်ကတော့ အရေးကြီးလာပြီ။

သူ တကယ်လုပ်တော့မှာလား။ အဲန်အယ်လ်ဒီကို တကယ်မတရားသင်းကြေညာတော့မှာလား။

အဲန်အယ်လ်ဒီကို ဖျက်သိမ်းပစ်ချင်တာ၊ ဒေါ်အောင်ဆန်းစုကြည်ကို အမှုန့်ချေပစ်ချင်တာ၊ (၉၀) ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို တစစီချေမွပစ်ချင်တာတွေဟာ စစ်အုပ်စုက စက္ကန့်တိုင်းမှာလုပ်ချင်နေတာတွေပါ။

(၁၉၉၀) ရွေးကောက်ပွဲမှာ (၈၂) ရာခိုင်နှုန်းကျော် အနိုင်ရလိုက်ကတည်းက၊ ဒေါ်အောင်ဆန်းစုကြည်က လူထုကြီးရဲ့ ချစ်ခင်ယုံကြည်တန်ဖိုးထားမှုတွေ ရရှိလာကတည်းက စစ်အုပ်စုဟာ စားလည်းဒီစိတ်၊ အိပ်လည်းဒီစိတ် ဖြစ်လာခဲ့တာပါ။

ဒါပေမယ့်.... သူပြောသလိုလုပ်ဖို့၊ သူလုပ်ချင်သလိုလုပ်ဖို့ဆိုတာကရော လွယ်ပါ့မလား၊ စီအာပီပီရဲ့ပြောရေးဆိုခွင့်ရှိသူ ဇိုမီး အမျိုးသားကွန်ကရက်ပါတီခေါင်းဆောင် ဦးပုကျင်ရှင်းထန်ကတော့ ဒီလိုပြောဆိုပါတယ်။

''ဒါကတော့ သူတို့အစကတည်းက ဒီလိုပဲပြောတယ်။ ဒီတခါတော့ လူသိရှင်ကြား အော်ပြောတာ ထုတ်ပြောတာဖြစ်ပါတယ်။ ဒါဟာ ကျနော်တို့ပြည်သူလူထုကို စော်ကားတာပါပဲ။ ပြည်သူလူထုဆန္ဒကို သူတို့သိပြီးသားပါ။ ပြည်သူလူထုဆန္ဒကို (၁၉၉၀) ခုနှစ် ရွေးကောက်ပွဲမှာ အထင်အရှားသိနေရပြီပဲ။ ''

ဒီစကားဟာ အမှန်ပါပဲ။

အဲန်အယ်လ်ဒီကို စဉ်းစားတဲ့အခါမှာ (၉၀) ရွေးကောက်ပွဲရလဒ်နဲ့ ခွဲပြီးစဉ်းစားလို့မရပါဘူး။

လူထုကြီးရဲ့ဆန္ဒကို ရယူထားတဲ့ လူထုကြီးရဲ့ (Mandate) ကို ရယူထားတဲ့၊ လူမျိုးပေါင်းစုံပြည်သူလူထုတွေရဲ့ ချစ်ခင်အားထားယုံကြည်မှုကို ရယူထားတဲ့အနေအထားကို ထည့်မတွက်လို့မရပါဘူး။

အဲန်အယ်လ်ဒီဟာ အဲန်အယ်လ်ဒီချည်းသက်သက်မဟုတ်ဘူး။ အဲန်အယ်လ်ဒီနဲ့အတူ လူထုရှိတယ်။

အဲန်အယ်လ်ဒီညီမျှခြင်း လူထုဖြစ်နေပြီ။

အဲန်အယ်လ်ဒီကို ဖျက်သိမ်းတာဟာ လူထုကြီးကိုပါ ဖျက်သိမ်းပစ်ရာကျမှာဖြစ်တာကြောင့် အရင်းအနှီးကတော့ ကြီးလိမ့်မယ်။

(၃)

စဉ်းစားတတ်တဲ့၊ အမြော်အမြင်ရှိတဲ့ ဘယ်သူမဆို မိမိရဲ့အကျိုးစီးပွားတခုတည်းကိုသာ ကွက်ကွက်ကလေးကြည့်ပြီး၊ စိတ်ခံစားချက်တွေနှင့် မလုပ်စကောင်းပါဘူး။

ဒါနှင့်ပတ်သက်ပြီး ဗကသများအဖွဲ့ချုပ် ဥက္ကဋ္ဌ ကိုမင်းကိုနိုင်က ဒီလိုထောက်ပြပါတယ်။

''ခံစားချက်ကိုဦးစားမပေးဖို့ ကျနော်တို့ကြိမ်ဖန်များစွာ ကျနော်တို့ပြောခဲ့ပြီးပါပြီ။ ချစ်တာ၊ မုန်းတာတွေနဲ့ မဆိုင်ဘူး။ လက်ရှိပကတိအခြေအနေကို အမှန်အတိုင်း၊ အရှိအတိုင်း သုံးသပ်နိုင်ဖို့ပဲလိုပါတယ်။ အဲဒါမှ ကျနော်တို့ ကုစားရမယ့်ဆေးချက်ကို ကျနော်တို့စဉ်းစားလို့ရမှာပါ။ လက်ရှိပကတိမှာ ကျနော်တို့တိုင်းပြည်ထဲမှာက အကျပ်အတည်းပေါင်းစုံ တကယ်ဆိုက်နေတာပါ။ ပြည်သူလူထုထဲမှာ ကျနော်တို့ နေ့စဉ်အတူ အသက်ရှင်သန်နေရတဲ့အတွက် ကျနော်တို့အသိဆုံးပါ။ အဲဒီလိုအခြေအနေမျိုးမှာ တိုင်းပြည်ရဲ့အဓိကအင်အားစုဖြစ်တဲ့ ဒီမိုကရေစီစနစ်ဆီကို ပြုပြင်ပြောင်းလဲချင်တဲ့ အင်အားစုတွေကို စွပ်စွဲမှုတွေ၊ တံဆိပ်တပ်မှုတွေနဲ့ တဖက်သတ်ဖြေရှင်းလိုက်မယ်ဆိုရင် အဲဒါဟာ တိုင်းပြည်ရဲ့ မှန်ကန်တဲ့ဖြေရှင်းမှုဖြစ်လာမှာမဟုတ်ဘူးဆိုတာကိုတော့ အဲဒါရှင်းရှင်းလင်းလင်း အားလုံးနားလည်ထားပြီးသားပါ၊

ဒီတော့ တကယ့်တကယ် ဖြေရှင်းပေးမယ့်ပုံစံက အပြန်အလှန်အသိအမှတ်ပြုရေးပါ။ တဖက်နဲ့တဖက် အင်အားစုတွေဟာ အမျိုးသားအင်အားစုတွေပဲဆိုတာကို အသိအမှတ်ပြုဖို့က အရေးကြီးဆုံးအချက်ပါ။ လူကြီးဆန်တဲ့ လူကြီးစိတ်သဘောထားမွေးတယ်ဆိုတာ ဒါပါပဲ။ အရေးကြီးဆုံးက ရွေးကောက်ပွဲရဲ့ရလဒ်ကို ကျနော်တို့က အသိအမှတ်ပြုဖို့ပါ။ ဒီတော့ ဒါဟာ ကျင်းပပေးခဲ့တဲ့ အဖွဲ့အစည်းရဲ့ ဂုဏ်သိက္ခာလည်းဖြစ်တယ်။ မဲပေးခဲ့တဲ့ ပြည်သူတွေရဲ့ ဂုဏ်သိက္ခာလည်းဖြစ်တယ်။ ပေါင်းလိုက်တဲ့အခါမှာ တမျိုးသားလုံးရဲ့ဂုဏ်သိက္ခာဖြစ်နေလို့ပါ။ အဲဒီအတွက် အသိအမှတ်မပြုတဲ့သဘော သက်ရောက်သွားတဲ့လုပ်ရပ်တိုင်းဟာ အမျိုးသားဂုဏ်သိက္ခာကို ကျဆင်းသွားစေမယ်ဖြစ်တယ်ဆိုတာကို ကျနော်တို့ ဒီနေ့သတိပေးလိုပါတယ်။''

အားလုံးကတော့ မဖြစ်သင့်တာတွေ မဖြစ်ရလေအောင် ထောက်ပြနေကြတာပါ။

အလုံးစုံပျက်သုဉ်းရေးလမ်းပေါ်ရောက်မသွားအောင် တွေ့ဆုံဆွေးနွေးပါဆိုတာကို ထပ်ကာထပ်ကာပြောနေရတာပါ။

ဒါကိုပဲ ''ချုပ်ရိုးသစ်နဲ့လုံချည်ဟောင်းဖြစ်တယ်'' ''တခါလာလည်း မဲပြာပုဆိုးပဲဖြစ်တယ်'' တို့နဲ့ မသိသားဆိုးဝါးလို့ မဝနိုင်အောင် ဖြစ်ဖြစ်နေတာကလည်း တကယ့်ကိုအံ့ဖွယ်သုတပါ။

(၄)

လွှတ်တော်ခေါ်ပေးပါလို့ အဲန်အယ်လ်ဒီက အကြိမ်ကြိမ်တောင်းဆိုခဲ့ဖူးပြီ။

အဲန်အယ်လ်ဒီရဲ့ ပြောရေးဆိုခွင့်ရှိသူ ဦးမြင့်သိန်းရှင်းပြသလိုပဲ ....

''ကျနော်တို့က အာဏာခွဲဝေသုံးစွဲဖို့အတွက် ကျနော်တို့က ပြောနေတာမဟုတ်ပါဘူး။ အခုကျနော်တို့ ပြောနေတဲ့ဟာက အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်ကို တွေ့ဆုံဆွေးနွေးကြဖို့ ပြောဆိုနေခြင်းသာ ဖြစ်ပါတယ်။ အဲဒီလိုပြောနေတာလည်း အကြိမ်ကြိမ်အခါခါရှိနေပါပြီ။ ပြီးတော့ ကျနော်တို့က ပြည်သူ့လွှတ်တော်ခေါ်ယူဖို့အတွက်ကို ဆောင်ရွက်ဖို့ပြောနေတာဟာလည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထုတ်ပြန်ထားတဲ့ ရွေးကောက်ပွဲဥပဒေနဲ့အညီ ကျနော်တို့က ဆောင်ရွက်နိုင်အောင် ပြောနေခြင်းပဲဖြစ်ပါတယ်။''

စစ်အုပ်စုဟာ သူကိုယ်တိုင် စိတ်တိုင်းကျရေးထုပ်ထားတဲ့ ရွေးကောက်ပွဲဥပဒေအရပဲ ဖြစ်ဖြစ်၊ (၁၉၉၀) ဇူလိုင် (၂၇) မှာ သူကိုယ်တိုင်လက်ဦးမှုယူပြီး ဂန္ဒီဟောမစခင် ကမန်းကတန်းထုတ်ပြန်လိုက်တဲ့ အမိန့်အမှတ် (၁/၉၀) အရပဲဖြစ်ဖြစ် လွှတ်တော်ဟာ ခေါ်ကိုခေါ်ပေးရမှာပါ။

ဒါကြောင့်လည်း (၁၉၉၀) ဇူလိုင် (၂၈–၂၉) ဂန္ဒီဟောကြေညာစာတမ်းမှာတခါ၊ (၁၉၉၆) ခု မတ်လ (၂၅) ရက်နေ့မှာတခါ၊ (၁၉၉၈) ခုနှစ် ဇွန်လ (၂၃) ရက်နေ့မှာ တခါ၊ (၂၀၀၆) ခုနှစ် ဖေဖေါ်ဝါရီလ (၁၂) ရက်နေ့မှာတခါ၊ ဗိုလ်ချုပ်မှူးကြီးစောမောင်ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို အကြိမ်ကြိမ်တင်ပြတောင်းဆိုခဲ့တာပါ။

ဘယ်လိုပဲ တောင်းဆို တောင်းဆို တုတ်တုတ်မှမလှုပ်ခဲ့တာကလည်း စစ်အုပ်စုရဲ့မူပိုင်စတိုင်ဖြစ်နေခဲ့ပါပြီ။

ခါတိုင်း လွှတ်တော်ခေါ်ပေးခိုင်းတဲ့ အခါတွေမှာ.... ပြည်သူ့လွှတ်တော်အမတ်တွေကို တောင်ကဆီး မြောက်ကဆီးနဲ့ ရန်ကုန်ဌာနချုပ်ဆီ အသွားမခံတဲ့နည်းတွေသုံးတဲ့အခါသုံး၊ ထိမ်းသိမ်းရေးစခန်းတွေထဲ ခေါ်ပြီး ကြိုကြိုတင်တင်ထည့်ထားတဲ့အခါ ထည့်ထား။ အဲဒီလိုတွေလုပ်ခဲ့တာပါ။

အခုတခါတော့ တဘာသာဆန်းလာတယ်။

မဲဆန္ဒနယ်မြေ (၄၉၈) နေရာရှိသည့်အနက် အဲန်အယ်လ်ဒီက (၃၉၅) နေရာအနိုင်ရရှိခဲ့တယ်ဆိုသော်လည်း တချို့နုတ်ထွက်၊ တချို့သေဆုံး၊ တချို့တရားဥပဒေနဲ့ညှိစွန်း၊ တချို့အပြင်ထွက်နဲ့ လက်ရှိအနေအထားမှာ အဲန်အယ်လ်ဒီအမတ် (၈၇) ဦးသာကျန်ပါတော့သတဲ့။

တစည်းအပါအဝင် ကျန်တဲ့ပါတီတွေရဲ့အမတ်တွေနဲ့ ပါပေါင်းရင်တောင် (၁၃၀) ဝန်းကျင်ပဲရှိတော့တာမို့ လွှတ်တော်ခေါ်ပေးရန် တောင်းဆိုမှုဟာ နိုင်ငံတကာစံနဲ့မကိုက်ညီတော့ပါဘူးတဲ့။

(၁၉၇၄) ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအပါအဝင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွေမှာ လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ အနည်းဆုံး (၃၄) ရာခိုင်နှုန်းက တောင်းဆိုမှခေါ်ပေးလို့ရပါသတဲ့။

နိုင်ငံတော်အစိုးရက သဘောထားကြီးလို့ခေါ်ပေးရင်တောင် အဲဒီလွှတ်တော်ဟာ ဘယ်လိုမှ အထမြောက်နိုင်မှာမဟုတ်ပါဘူးတဲ့။ ကျိုင်းတုံသတင်းစာရှင်းလင်းပွဲမှာ ဗိုလ်မှူးချုပ်ကျော်ဆန်းက မဲ့ကာရွဲ့ကာနဲ့ ရှင်းပြခဲ့တာပါ။

ဝိုင်ကတော့ ဝိုင်ဟောင်းပဲ။ ပုလင်းအသစ်နဲ့ထည့်ပြနေတာပါ။

(၅)

ကျနော် စဉ်းစားကြည့်တယ်။

ဒီကိစ္စက ငြင်းနေရုံနှင့်ပြီးမလား။ ဟိုလိုလေးငြင်းလိုက်၊ ဒီလိုလေးငြင်းလိုက်နဲ့ အကြောင်းအမျိုးမျိုးပြပြီး ငြင်းကောင်းတိုင်းငြင်းနေရုံနှင့်ပြီးမလား။ ဒါကို စစ်အုပ်စုကလည်း ရိပ်မိပုံရပါတယ်။ ဒီအတွက် ဒေါ်ဇုံ့စုံ

စာမျက်နှာ (၁၁) ကော်လံ (၃) သို့...

# ရက်စက်ကြမ်းကြုတ်သောစစ်အုပ်စုကို လုံခြုံရေးကောင်စီကအရေးယူပေးရန် အမေရိကန်ထပ်မံတောင်းဆို

မကြာခင်က ဖြစ်ပွားခဲ့သော မြန်မာနိုင်ငံအရှေ့ပိုင်းမှ ကရင်တိုင်းရင်းသားတသောင်းကျော်ကို အိုးမဲ့အိမ်မဲ့ဖြစ်စေခဲ့သော နအဖတပ်၏ "ရက်စက်သတ်ဖြတ်မှုများ" ကြောင့် ကုလမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် စစ်အုပ်စုကိုအရေးယူရန် အမေရိကန်အစိုးရက ထပ်မံတိုက်တွန်းလိုက်သည်။

ဆယ်စုနှစ်တခုအတွင်း အပြင်းထန်ဆုံးတိုက်ခိုက်မှုများအတွင်း ကရင်ပြည်နယ်တောင်ငူခရိုင်အတွင်းမှ လူပေါင်း (၁၁၀၀၀) ခန့် အိုးအိမ်စွန့်ထွက်ပြေးခဲ့ရပြီး ရွာပေါင်း (၂၇၀၀) ကျော် ဖျက်ဆီးခံခဲ့ရသည်။

အမေရိကန်အစိုးရဌာန ပြောခွင့်ရပုဂ္ဂိုလ် ဂျူလီရီဆိုက် (Julie Reside) က ၎င်းအဖြစ်အပျက်သည် "ရက်စက်ကြမ်းကြုတ်သော စစ်အုပ်စု၏သရုပ်သကန်ကို ဖော်ပြသော မှတ်ကျောက်တခု"ဟု ပြောဆိုလိုက်ပြီး "အပြစ်မဲ့ရွာသားများကို အခုကဲ့သို့ "ရက်ရက်စက်စက်သတ်ဖြတ်နေမှု" များကို အပြင်းအထန်ရှုတ်ချလိုက်သည်။

အမေရိကန်အောက်လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဝင်၊ အောက်လွှတ်တော် လူ့အခွင့်အရေးကော်မရှင်သဘာပတိ၊ ကာလီဖိုးနီးယားပြည်နယ် ဒီမိုကရက် အောက်လွှတ်တော်အမတ် မစ္စတာတွန်လန်းတိုးစ် (Tom Lantos) က "အခုနောက်ဆုံး အပြင်းအထန်တိုက်ခိုက်နေတာတွေဟာ ကမ္ဘာပေါ်မှာအဆိုးရွားဆုံး၊ လူသားချင်းစာနာမှုအကင်းမဲ့ဆုံးအဖြစ်ဆိုးကြီးတွေကို ကိုယ်စားပြုလိုက်တာပါပဲ " ပြောဆိုလိုက်ပြီး၊ မြန်မာစစ်အုပ်စုအနေဖြင့် ယခုကဲ့သို့ အပြစ်မဲ့အရပ်သားများအပေါ် တိုက်ခိုက်နေသော စစ်ဆင်ရေးကို ရပ်တန်းကရပ်ရန် တောင်းဆိုထားသော ကြေညာချက်တစောင် ထုတ်ပြန်လိုက်သည်။

မစ္စတာတွန်လန်းတိုးစ်၏ ကြေညာချက်တွင် "(၂၀၀၅) ခုနှစ် ဒီဇင်ဘာလ (၁၆) ရက်နေ့က မကြုံစဖူး ထူးထူးကဲကဲ မြန်မာ့အရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ဆွေးနွေးနိုင်ခဲ့သော အရှိန်ကို ဆက်လက်အကောင်အထည်ဖော်ပြီး မြန်မာနိုင်ငံအပေါ် တကယ်ထိရောက်မယ့် ဆုံးဖြတ်ချက်တွေကို ချက်ခြင်းချမှတ်ရန်" တောင်းဆိုထားသည်။

အောက်လွှတ်တော်အမတ် မစ္စတာဂျိုးဇက်ပစ်ဒ် (Joseph Pitts) ကလည်း မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ်နှင့် ရက်စက်ကြမ်းကြုတ်မှုများ ရပ်တန်းကရပ်အောင် ကမ္ဘာကြီးအနေနှင့် ဝိုင်းကူကြမှဖြစ်တော့မည်ဟု သတိပေးလိုက်ပြီး၊ "မြန်မာနိုင်ငံအရှေ့ပိုင်းတွင်ဖြစ်ပွားနေသော ပြဿနာက မြန်မာနိုင်ငံပြဿနာကို လုံခြုံရေးကောင်စီမှာ ပြောဆိုဆွေးနွေးနေကြရုံနှင့် လုံလောက်မှုမရှိဘူးဆိုတာ ခိုင်ခိုင်မာမာပြသနေပါတယ် " ပြောသည်။

ဆက်လက်၍ "မြန်မာပြည်မှာ ဘာတွေဖြစ်နေသလဲဆိုတာ အခု တကမ္ဘာလုံးကလည်းသိနေကြပါပြီ။ နိုင်ငံတကာ အသိုင်းအဝိုင်းအနေနဲ့ ဘာမှမလုပ်ကြဘူးဆိုရင်တော့ ကျနော်တို့ဟာ စစ်အုပ်စုရဲ့ လူမဆန်ရက်စက်မှုတွေကို ပါဝင်အားပေးရာ ကျပါလိမ့်မယ်"ဟု မစ္စတာဂျိုးဇက်ပစ်ဒ် ကဆိုသည်။

ပြီးခဲ့သည့် စက်တင်ဘာလက နိုဗယ်ငြိမ်းချမ်းရေးဆုရှင်နှစ်ဦးဖြစ်သော ချက်သမတဟောင်း ဗာကလပ်ဟာဗယ်လ်နှင့် ဘုန်းတော်ကြီး ဒက်စ်မွန်တူးတူးတို့က လုံခြုံရေးကောင်စီသို့တင်သွင်းသော အစီရင်ခံစာတစောင် တင်သွင်းခဲ့ပြီး ဒီဇင်ဘာလတွင် မြန်မာ့အရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ပထမဆုံးအကြိမ် တခါးပိတ်ဆွေးနွေးမှုရှိခဲ့သည်။

နိုဗယ်လ် ငြိမ်းချမ်းရေးဆုရှင်နှစ်ဦး၏ အစီရင်ခံစာတွင် နအဖ၏ လူမျိုးစုတိုင်းရင်းသားများအပေါ် ရက်စက်ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် မကြာသေးမီနှစ်များအတွင်း လူပေါင်း (၇) သိန်းသည် ဒုက္ခသည်အဖြစ် ပြောင်းရွှေ့ထွက်ပြေးခဲ့သည်ဟု ဖော်ပြထားသည်။

❖



ဆယ်စုနှစ်တခုအတွင်း အပြင်းထန်ဆုံး တိုက်ခိုက်မှုများအတွင်း ကရင်ပြည်နယ် တောင်ငူခရိုင်အတွင်းမှ လူပေါင်း (၁၁၀၀၀) ခန့် အိုးအိမ်စွန့်ထွက်ပြေးခဲ့ပြီး ရွာပေါင်း (၂၇၀၀) ကျော် ဖျက်ဆီးခံခဲ့ရသည်။

# နအဖကို ထိထိရောက်ရောက်ဖိအားပေး

## တရုတ်၊ အိန္ဒိယနှင့်အာဆီယံ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်



အာဆီယံအထွေထွေအတွင်းရေးမှူး Ong Keng Yong

မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် အာဆီယံနိုင်ငံများအနေဖြင့် တရုတ်၊ အိန္ဒိယတို့နှင့် ပူးပေါင်းဆောင်သွားသင့်သည်ဟု အာဆီယံ အထွေထွေအတွင်းရေးမှူး Ong Keng Yong က ဧပြီလ (၁၉) ရက်နေ့တွင် ပြောဆိုလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ကျင်းပသော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများထိပ်သီးအစည်းအဝေးတွင် မစ္စတာ Ong Keng Yong က အာဆီယံနိုင်ငံများသည် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးခြေလှမ်းတွင် တရှုတ်တိုက်ဆွဲနေသော နအဖအုပ်စုအပေါ် သည်းခံနိုင်စွမ်းကုန်ခမ်းနေပြီဟုပြောသည်။

"အကောင်းဆုံးကတော့ အာဆီယံအနေနဲ့ မြန်မာနဲ့နယ်မြေချင်းဆက်စပ်နေပြီး စီးပွားရေးဩဇာကြီးတဲ့ တရုတ်၊ အိန္ဒိယတို့လို နိုင်ငံတွေနဲ့ပူးပေါင်းပြီး ဆက်တွန်းအားပေးသွားဖို့ပဲဖြစ်တယ်" သူကဆိုသည်။

အိန္ဒိယနှင့်တရုတ်နိုင်ငံများသည် မြန်မာနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းများတွင်ဆက်ဆံမှုရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအမြောက်အမြား ပြုလုပ်နေသောနိုင်ငံများဖြစ်သည်။

မြန်မာပြည်၏ ဒီမိုကရေစီရေးလုပ်ငန်းစဉ်တိုးတက်မှုကိုအကဲဖြတ်ရန် အာဆီယံအဖွဲ့ကိုယ်စားလှယ်အဖြစ် မတ်လအတွင်းက မြန်မာနိုင်ငံသို့ သွားရောက်ခဲ့သော မလေးရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာအယ်လ်ဘာကလည်း စစ်အုပ်စုသည် နိုင်ငံတကာတွင် အာဆီယံကို ဒိုင်းခံအဖြစ်သုံးနေသည်ဟု ပြင်းပြင်းထန်ထန်ဝေဖန်ထားသည်။

ဧပြီလအစောပိုင်း အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင်ကျင်းပသော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် မစ္စတာအယ်လ်ဘာက "သူတို့ဘက်ကရပ်တည်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းက အခြေအနေတင်ပြပေးဖို့ မြန်မာက အာဆီယံကို ပြောတယ်။ ဒီလိုလုပ်ပေးလိုက်ရင် အာဆီယံဟာ ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်တာနဲ့ အတူတူပဲဖြစ်သွားမှာပေါ့။ အာဆီယံဟာ နိုင်ငံတကာမှာ ဒိုင်းစာခံဖြစ်နေတယ်" ဟု ပြောဆိုခဲ့သည်။ စင်ကာပူနိုင်ငံခြားရေးဝန်ကြီး George Yeo ကလည်း တရုတ်နှင့်အိန္ဒိယ၏ မြန်မာနိုင်ငံအပေါ်ထားသော ပေါ်လစီကြောင့် အနောက်နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုများ မအောင်မမြင်ဖြစ်ရသည်ဟု ပြီးခဲ့သည့်လက ဝေဖန်ထားသည်။

ဤအတောအတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်ကလည်း ကမ္ဘာပေါ်တွင် အဆိုးရွားဆုံးနအဖ အာဏာရှင်အုပ်စုကိုဖိအားပေးရန် တရုတ်နှင့်အိန္ဒိယများကိုတိုက်တွန်းထားသည်။

❖

# ပြည်တွင်းကိစ္စ ဝင်မစွက်ရေးမူကြောင့်

## အာဆီယံအခက် တွေ့နေရ



အာဆီယံအစည်းအဝေးသို့တက်ရောက်လာသော နအဖဝန်ကြီး ဉာဏ်ဝင်း

အာဆီယံအဖွဲ့မှ မြန်မာနိုင်ငံကို ထုတ်ပယ်ပစ်ရန် မြန်မာ့အရေးလှုပ်ရှားနေသော အဖွဲ့များက အာဆီယံကိုဖိအားပေးနေသော်လည်း အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ (၂) ရက်ကြာ အစည်းအဝေးတွင် မြန်မာ့အရေးဆုံးဖြတ်ချက်မချနိုင်ဖြစ်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်းတွင် ဧပြီလ (၁၉-၂၀) ရက်အထိ (၂) ရက်ကြာ ကျင်းပသောအစည်းအဝေးတွင် နအဖနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းက အာဆီယံ၏ ပြည်တွင်းရေး ဝင်မစွက်ရေးမူကို ထောက်ပြ၍ မိမိတို့အနေဖြင့် အာဆီယံ၏ အကြံဉာဏ်ကိုလက်ခံစဉ်းစားမည်ဖြစ်သော်လည်း ဖိအားကိုလက်ခံမည်မဟုတ်ဟုပြောသည်။

မလေးရှားနိုင်ငံခြားရေးဝန်ကြီးက မစ္စတာ ဟာမစ်အယ်လ်ဘာက "ပုံမှန်အားဖြင့်တော့ အာဆီယံက အဖွဲ့ဝင်တွေရဲ့ ပြည်တွင်းရေးကိစ္စမှာ ဝင်မစွက်ချင်တာအမှန်ပါ။ ဒါပေမယ့် အခုကိစ္စက အာဆီယံတဖွဲ့လုံးကို ထိခိုက်နေတဲ့ပြဿနာဖြစ်နေတော့ အဖွဲ့ရဲ့အကျိုးအတွက် အာဆီယံအနေနဲ့ ပြောသင့်တာကို ပြောဆိုတိုက်တွန်းသွားဖို့ တော့ရှိပါတယ်" ဟု အစည်းအဝေးအပြီးတွင် သတင်းထောက်များကိုပြောသည်။

အစည်းအဝေးတွင် ဦးဉာဏ်ဝင်းက မြန်မာနိုင်ငံတွင် လမ်းပြမြေပုံကို အဆင့် (၁) ဖြစ်သော ဖွဲ့စည်းပုံရေးဆွဲရေးတွင် အခန်း (၁၅) ခန်းအနက် (၉) ခန်းကို အပြီးရေးဆွဲနိုင်ခဲ့ပြီဖြစ်ကြောင်း တင်ပြခဲ့သည်။

နအဖနိုင်ငံခြားရေးဝန်ကြီး၏ ပြောစကားအပေါ် ပြန်လည်သုံးသပ်၍ မစ္စတာအယ်လ်ဘာက "သူပြောသွားတဲ့အပေါ်မှာ ကျနော်စဉ်းစားလို့ရတာက ဖွဲ့စည်းပုံအတည်ပြုဖို့အတွက် သူတို့နောက်ထပ် (၂) နှစ်လောက်အချိန်ယူဦးမယ်။ အဲ့ဒါပြီးမှ သူတို့ ရွေးကောက်ပွဲလုပ်မယ်ဆိုတဲ့ သဘောပေါ့" ဟုပြောသည်။

အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်တချို့က မြန်မာ့ပြည်တွင်းရေးကို ဝင်မစွက်ဘဲ စစ်အုပ်စုကိုယ်တိုင် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်စေမည့် လုပ်ဆောင်ချက်များကို လုပ်ဆောင်ရန် ဆက်လက်တွန်းအားပေးသွားရန် ဆွေးနွေးခဲ့သည်။

စာမျက်နှာ (၈) ကော်လံ (၁) သို့...

နအဖစစ်အုပ်စု ဘေးကြပ်နံကြပ်ဖြစ်နေတာ သံသယရှိစရာမလိုဘူး။ သို့သော်လည်း အလျှော့ပေးစေ့စပ်ဆွေးနွေးအဖြေရှာရေး လွယ်လွယ်နဲ့လုပ်မှာမဟုတ်ဘူး၊ ခေါင်းမာမာနဲ့ သူတို့အာဏာတည်မြဲရေးအတွက် ဆက်လုပ်နေမှာသေချာတယ်။ အဆုံးမသတ်နိုင်တဲ့ ညောင်နှစ်ပင်ညီလာခံ အုတ်မြစ်တွေချနေတာဖြစ်တယ်။ ကြံ့ဖွံ့တို့၊ သူတို့ဇနီးမယားတွေခေါင်းဆောင်တဲ့ အမျိုးသမီးအဖွဲ့၊ စစ်ပြန်စစ်မှုထမ်းဟောင်းအဖွဲ့စတဲ့ စစ်အုပ်စုအမာခံဒေါက်တိုင်တွေလည်း ခိုင်အောင်လုပ်နေတာရှင်းပါတယ်။ ဒါတွေဟာ နအဖရဲ့ဗျူဟာမြောက် စဉ်းစားနည်းတွေနဲ့ စစ်အာဏာတည်မြဲရေး ခင်းကျင်း

**ညောင်နှစ်ပင်ညီလာခံပြဿနာ**

(NLD)နဲ့ ပြည်သူ့ကိုယ်စားလှယ် အများစုသပိတ်မှောက်ထားတာ အားလုံးအသိဘဲ။ စစ်အုပ်စု အလိုကျရွေးပြီးသားကို သူတို့ဖော်ယူထားတဲ့ ကိုယ်စားလှယ်ဆိုသူတွေနဲ့ အတင်းအဓမ္မ ကြိုးစားနေတာသာဖြစ်တယ်။ ပြည်သူကို ကိုယ်စားမပြုပါဘူး။ သူတို့ အစိုးရပြင်နေ၊ လုပ်နေကြတာဖြစ်တယ်။ သူတို့အကြံက ညောင်နှစ်ပင်ပြီးတာနဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအတည်ပြုရေးလုပ်၊ (၉၀) ခုနှစ် ရွေးကောက်ပွဲပယ်ဖျက်ပြီးသားဖြစ်၊ ငြိမ်းအဖွဲ့တွေလည်းလက်နက်ဖြုတ် သူတို့နဲ့ ပေါင်းတာမျိုးကို စည်းကမ်းရှိတဲ့ ဒီမိုကရေစီလို့ ပြောပြန်တယ်။ တလျှောက်လုံး သူတို့ တွေကြောင့် တစုံတရာအကျပ်ရိုက်နေတာမှန်ပေမယ့် ခံနိုင်ရည်ရှိနေပါသေးတယ်။ ကျနော်တို့အနေနဲ့ နိုင်ငံတကာဖိအားပေးမှုကို လိုလားပါတယ်။ ဒါပေမယ့် အဓိကတွန်းအားအဖြစ် ထားလို့တော့မရပါဘူး။ အဓိက ပြည်တွင်းကနေ ဖိအားပေးမှသာ စေ့စပ်ဆွေးနွေးရေးဆီရောက်မှာဖြစ်ပါတယ်။ ပြည်

# စစ်အုပ်စုကြံရွယ်ချက်များကို အသေအချာတားဆီးကြစို့လိုသည်

ရဲဘော်စိန်သော်

> ဘယ်သူသေသေ ငတေမာပြီးရောဆို တဲ့ စိတ်ဓာတ်မျိုးနဲ့ တိုင်းပြည်အာဏာရနေ ကြတာ တိုင်းပြည်ရဲ့ကံကြမ္မာလို့ဘဲ ပြောရမလားတောင်မသိဘူး။ လက်တဆုပ်စာ စစ်ဗိုလ်ချုပ်တွေနဲ့ သူတို့အသိုင်းအဝိုင်း လူတစုမှာတော့ တကယ့်ရွှေခေတ်ကြီးပါပဲ။ စီးပွားရေးလုပ်ငန်းကြီးတွေနဲ့ လုပ်ပိုင်ခွင့်တွေရနေကြပြီး မကြုံဘူးအောင်စည်းစိမ်တွေတက်၊ သုံးဖြုန်းနေနိုင်ကြတယ်။ အဖိနှိပ်ခံနေရတဲ့ ပြည်သူအများစုကတော့ စားဝတ်နေရေး အကြပ်အတည်းသာမက စိတ်ဓာတ်ရေးရာပါ အချိုးနှိမ်ခံနေကြရတယ်။ တိုင်းပြည်ကိုလည်း (၂၁) ရာစုအဝင်မှာ ပတ်ဝန်းကျင်နိုင်ငံတွေနဲ့ ယှဉ်မရအောင် နောက်တန်းအပို့ခံလိုက်ရပြီ....
> နေမြင့်လေအရူးရင့်လေ ဖြစ်နေတဲ့ နအဖကိုင်တွယ်နေတဲ့ပြဿနာတွေဟာ ဆုံချက်တခုနီးလာပြီဆိုတာ အာရုံစိုက်ရမယ့်အချိန်ပါ။ အရေအတွက်တွေကနေ အရည်အချင်းကို ပြောင်းတော့မယ့်အချိန်နီးနေပြီ....

အခုတစ်ခါပြန်အဖွင့်မှာ ဗိုလ်သိန်းစိန်ပြောသွားတာ လမ်းပြမြေပုံ (၇) ချက် အတိုင်းဆက်လုပ်မယ်။ ဒီနည်းမှအပ အခြားနည်းမရှိဘူးလို့ပြောတယ်။ ဒါ နအဖရဲ့ မရိုးနိုင်တဲ့ ဆုံးဖြတ်ချက်ပဲ။ ဒီမိုကရေစီအင်အားစုအတိုက်အခံတွေရဲ့ တောင်းဆိုချက်၊ နိုင်ငံတကာဖိအား၊ ကုလသမဂ္ဂဆုံးဖြတ်ချက်စတာတွေ ဂရုမစိုက်ဘူးဆိုတာ ဖြောင်ပြောလိုက်တာဘဲ။

ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ စိတ်ဓာတ်မျိုးနဲ့ တိုင်းပြည်အာဏာရနေကြတာ တိုင်းပြည်ရဲ့ကံကြမ္မာလို့ပဲ ပြောရမလားတောင်မသိဘူး။ လက်တဆုပ်စာ စစ်ဗိုလ်ချုပ်တွေနဲ့ သူတို့အသိုင်းအဝိုင်း လူတစုမှာတော့ တကယ့်ရွှေခေတ်ကြီးပါဘဲ။ စီးပွားရေးလုပ်ငန်းကြီးတွေနဲ့ လုပ်ပိုင်ခွင့်တွေရနေကြပြီး မကြုံဘူးအောင်စည်းစိမ်တွေတက်၊ သုံးဖြုန်းနေနိုင်ကြတယ်။ အဖိနှိပ်ခံနေရတဲ့ ပြည်သူအများစုကတော့ စားဝတ်နေရေး အကြပ်အတည်းသာမက စိတ်ဓာတ်ရေးရာပါ အချိုးနှိမ်ခံနေကြရတယ်။ တိုင်းပြည်ကိုလည်း (၂၁) ရာစုအဝင်မှာ ပတ်ဝန်းကျင်နိုင်ငံတွေနဲ့ ယှဉ်မရအောင် နောက်တန်းအပို့ခံလိုက်ရပြီ။ ဆယ်စုနှစ် နှစ်ခုနီးပါးရှိလာပြီ။ အာဏာသိမ်းဗိုလ်ချုပ်တွေ ဘာလုပ်နေကြသလဲ။ ကိုယ်ကျိုးကိုယ့်စီးပွားအတွက်၊ အာဏာတည်မြဲရေး၊ စစ်အာဏာရှင်စနစ် ဆက်လက်ထိန်းသိမ်းထားရေးဘဲ လုပ်နေကြတာရှင်းပါတယ်။ နေ့တဓူဝကြုံတွေ့နေရတဲ့ လူထုဘဝအခက်အခဲ ကူညီဖြေရှင်းပေးနိုင်တာ ဘာတခုမှ မယ်မယ်ရရမကြားရဘူး။ အနိမ့်ဆုံး လျှပ်စစ်မီးကိုတောင် လုံလုံလောက်လောက်ရအောင် လုပ်မပေးနိုင်တာ အများအသိပဲ။ သူတို့ စစ်တပ်ကျတော့ ငြိမ်းချမ်းရေးရနေပါပြီ ဆိုတဲ့ ခေတ်မှာ တောက်လျှောက် တပ်တွေကိုဖွဲ့ကြတယ်။ လက်နက်ခဲယမ်းတွေ အငမ်းမရ ဝယ်စုနေတယ်။ ကိုယ့်ဘာသာကိုယ် ရာထူးကြီးတွေခွဲဝေတိုးယူနေကြတယ်။ ဒီတာဝန်မဲ့ လုပ်ရပ်တွေဟာ ပြည်သူအတွက်ကြီးမားတဲ့ ဝန်ထုပ်ဝန်ပိုးတွေဆိုတာ လုံးဝထည့်မတွက်ဘူး။ ဒါဘာကြောင့်လဲ။ နိုင်ငံနဲ့ပြည်သူအကျိုးဘေးချိတ်ပြီး စစ်အာဏာရှင်စနစ် အခြေခံ လုပ်ဆောင်နေတာတွေဖြစ်ပါတယ်။

ပြည်သူ့သဘောထားနဲ့ ကင်းကွာနေတဲ့ နအဖလုပ်ဆောင်ချက်တွေဟာ အဓိကကျတဲ့ ပြဿနာကြီး (၃) ခုကို ရင်ဆိုင်နေရတာကြာပါပြီ။ အဲဒါတွေကတော့ (၁) ၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်အသိအမှတ်ပြု အကောင်အထည်ဖော်ရေးပြဿနာ၊ (၂) ညောင်နှစ်ပင် ညီလာခံပြဿနာ၊ (၃) ငြိမ်းအဖွဲ့တွေရဲ့ ပြဿနာ။ ဒီပြဿနာကြီး (၃) ခုကို ဘယ်လို ရင်ဆိုင်ကျော်လွှားဖို့ ကြိုးစားနေသလဲ။.... တစတစ အချိန်ယူဖြေရှင်း ကျော်လွှားသွားဖို့ ကြိုးစားနေတာ တွေ့နေရတယ်။

(၉၀) ခုနှစ် ရွေးကောက်ပွဲပြဿနာ (၈၈၈၈)အပြီး ပေါ်ပေါက်လာတဲ့ ပါတီတော်တော်များများ အမိန့်အာဏာနဲ့ဖျက်သိမ်းပစ်လိုက်ပြီး အဓိက (NLD) ကို ဦးတည်တိုက်နေတာသိနိုင်တယ်။ ဒေါ်အောင်ဆန်းစုကြည်ပါရှင်းပစ်ရန် အကြံပက်စက်တဲ့ ဒီပဲယင်းလုပ်ကြံမှုကြီးကို ကျူးလွန်ခဲ့ကြတယ်။ ဖျက်မရတဲ့ သမိုင်းအမည်းစက်ကြီးအဖြစ် ထင်ကျန်နေလိမ့်မယ်။ ဒီ ကျော်မကောင်း ကြားမကောင်း သွေးထွက်သံယိုလုပ်ကြံမှုကြီး ဖန်တီးခဲ့တဲ့ နအဖဟာ နောက်မဆုတ်ပါဘူး။ နည်းနာပြောင်း၊ (NLD) အဖွဲ့ဝင်တွေကို ဖိနှိပ်နေတာထင်ရှားတယ်။ အခုတလော မူးယစ်ဆေးဝါး၊ ဘိန်းထုပ်ပစ်ဖမ်းတာတွေအထိ ညစ်ပတ်နည်းတွေသုံး အကွက်ဆင်ဖမ်းနေတယ်။ နအဖဟာ (NLD) ကို အပြတ်ရှင်းချေမှုန်းပစ်ရေးထိ စဉ်းစားချက်ရှိနေတာ သတိပြုကြဖို့လိုပါတယ်။

အခင်းအကျင်း တွေပြင်ပြီးရင် အဆုံးသတ်လိမ့်မယ်။ စောင့်ကြည့်ရမဲ့ ပြဿနာဖြစ်တယ်။

**ငြိမ်းအဖွဲ့တွေရဲ့ပြဿနာ**

အားနည်းရာကို စကိုင်နေတာထင်ရှားတယ်။ မူလကတည်းက နိုင်ငံရေးအရ ဆက်ဆံတာမဟုတ်ပါဘူး။ အမျိုးသားသွေးစည်းရေး နအဖမလုပ်နိုင် တာသေချာတယ်။ မုံဂူ–လူသတ်ပွဲအကြောင်းလည်း အများကြားသိကြပြီးဖြစ်ကြပါလိမ့်မယ်။ ငြိမ်းချမ်းရေးယူထားပါတယ်ဆိုတဲ့ တပ်ကို အစုလိုက်၊ အပြုံလိုက် ပစ်သတ်ချေမှုန်းပြီး အဖွဲ့အစည်းဖျက်သိမ်းပစ်တာ အားလုံးအသိဘဲ။ အခုလည်းပဲ သွေးခွဲရေးနည်းတွေသုံးပြီး ဖွဲ့ထုတစည်းရုံးနေတာလုပ်နေပြန်ပြီ။ တဘက်ကလည်း နှစ်ရှည်ထောင်ဒဏ်တွေချ ခြိမ်းခြောက်နေပြန်တယ်။ မလုပ်သင့် မလုပ်အပ်တာတွေ လုပ်ပြနေတယ်။ ဘယ်လိုလုပ် အမျိုးသားသွေးစည်းရေးဖြစ်မလဲ။

နအဖ စစ်ဗိုလ်ချုပ်တွေဟာ နိုင်ငံရေးပြဿနာတွေကို စစ်ရေးနည်းအတိုင်း စဉ်းစားပြီး တစတစချေပစ်တဲ့နည်းနဲ့ အားနည်းအောင်လုပ်၊ နောက်ချေမှုန်းပစ်မယ်ဆိုတဲ့ အကြံနဲ့ အချိန်ဆွဲပြင်ဆင်နေတာဖြစ်တယ်။ ကွပ်ကဲရေးရုံးတွေရွှေ့နေတာ (ပျဉ်းမနားပြောင်းတဲ့ကိစ္စ) ဒီအကြံပဲဖြစ်နိုင်တယ်။ နေမြင့်လေအရူးရင့်လေဖြစ်နေတဲ့ နအဖကိုင်တွယ်နေတဲ့ ပြဿနာတွေဟာ ဆုံချက်တခုနီးလာပြီဆိုတာ အာရုံစိုက်ရမယ့်အချိန်ပါ။ အရေအတွက်တွေကနေ အရည်အချင်းကို ပြောင်းတော့မယ့်အချိန်နီးနေပြီ။ ဒီအတွက် စစ်

လုပ်နေတာ ဒီနည်းဗျူဟာပဲ။ အာဏာတည်မြဲရေး၊ စစ်အာဏာရှင်စနစ်ထိန်းသိမ်းရေး၊ ကိုယ်ကျိုးစီးပွားအပေါ် အခြေခံတဲ့စဉ်းစားချက်တွေဖြစ်တယ်။

ဒါကိုပြည်သူတွေနဲ့ ဒီမိုကရေစီအင်အားစုတွေက လုံးဝခွင့်မပြုနိုင်ဘူး။ နအဖသာ ဒီပြဿနာတွေကို ဖြေရှင်းကျော်လွှားသွားနိုင်ခဲ့ရင် စစ်အုပ်စုမင်းဆက်တွေ ဆက်တိုက်နန်းတက်ကြမယ်။ တိုင်းပြည် အခြေအနေဟာလည်း ပိုနက်ရှိုင်းတဲ့ ချောက်ကမ်းပါးထဲ လိမ့်ဆင်းသွားပါလိမ့်မယ်။ နလံထူဖို့ လွယ်မှာမဟုတ်ပါဘူး။ သူတို့ အချင်းချင်းကိုတောင်မှ အပြတ်ရှင်းနေတဲ့ နအဖ စစ်ဗိုလ်ချုပ်ကြီးများဟာ ပဒေသရာဇ်မင်းသားတွေလိုရက်စက်တယ်။ ကောက်ကျစ်မောက်မာကြတယ်။ အတိုက်အခံ ဒီမိုကရေစီအင်အားစုတွေကိုလည်း စစ်မြေပြင်မှ ရန်သူလိုသဘောထားအပြတ်ချေမှုန်းဖို့ မိုက်မိုက်ရိုင်းရိုင်းလုပ်နေကြသူတွေဖြစ်တယ်။ ဒါပေမယ့်.... ဒီနည်းတွေဟာ ခေတ်ကုန်နေပြီဆိုတာ သူတို့သဘောမပေါက်ကြသေးဘူး။ အလုပ်မဖြစ်တဲ့ ပြည်သူအပေါ် အကြမ်းဖက်နည်းတွေဖြစ်တယ်။ ပြည်တွင်းပြည်ပ အခြေအနေတွေက ခွင့်မပြုတော့ပါဘူး။

အမျိုးသားပြန်လည်သင့်မြတ်ရေးသည်သာ တိုင်းပြည်အတွက် အလင်းရောင်နဲ့ ပြည်သူတွေရဲ့ မျှော်လင့်ချက်ဖြစ်တယ်။ ပြည်သူ့ဆန္ဒသဘောထားနဲ့ ဆန့်ကျင်နေတဲ့ နအဖရဲ့ အကြံအစည်ကို ဝိုင်းဝန်းဆန့်ကျင်တားဆီးနိုင်ကြဖို့ အရေးကြီးပါတယ်။

နအဖအစိုးရဟာ နိုင်ငံတကာဖိအား

သူလူထု တကယ်လှုပ်ရှားလာရင် မခံနိုင်ပါဘူး။ ပြည်သူ့အားကို နအဖ အကြောက်ဆုံးဖြစ်ပါတယ်။ ဒီမိုကရေစီအရေးဟာ လူထုအရေးဖြစ်ပါတယ်။ လူထုပါဝင်လာမှအောင်မြင်မှာဖြစ်ပါတယ်။ ဒါကြောင့် လူထုအမြင်ရှိဖို့လိုအပ်ပြီး ပြည်တွင်းလုပ်ငန်း လုပ်ကိုင်နိုင်ဖို့ ကြိုးပမ်းရမှာဖြစ်ပါတယ်။ ဗမာပြည် ပြည်သူလူထုဟာ အစဉ်အလာရှိပါတယ်။ နအဖထက် အခြေခိုင်တဲ့ မဆလကိုတောင် (၈၈၈၈) လှုပ်ရှားမှုနဲ့ ဖယ်ရှားနိုင်ခဲ့ကြပြီပဲ။ နအဖဟာ မဆလလောက် အတောင်အလက် မစုံသေးပါဘူး။ လူထုက ရှုံ့ရှာမုန်းတီးနေတဲ့ စစ်ဗိုလ်ချုပ်တစုနဲ့ သူ့လက်ကိုင်တုတ် စစ်တပ်သာ ထီးထီးကြီးရှိနေတဲ့အချိန်ဖြစ်ပါတယ်။ ဒီမိုကရေစီအင်အားစုတွေနဲ့ ပြည်သူလူထုအနေနဲ့ ငြိမ်းငြိမ်းချမ်းချမ်းနည်းကို လိုလားတာအမှန်ဖြစ်ပါတယ်။ သို့သော် နအဖ သက်ဆိုးရှည်နေရင် သွေးထွက်သံယိုမှု ပိုမိုရှည်ကြာစွာ ခံစားကြရမှာဖြစ်ပါတယ်။ အစုလိုက်အပြုံလိုက် သတ်ဖြတ်ဖို့ဝန်မလေးသလို တဦးချင်း၊ တယောက်ချင်း သတ်ဖြတ်နေတာတွေ ရင်နင့်ဖွယ် မကြာခဏကြားနေရပါတယ်။ နယ်စွန်နယ်ဖျား လူမသိသူမသိ စစ်တပ်က သတ်ဖြတ်နေတာ ဘယ်လောက်ရှိလေမလဲ ဆိုတာလည်းမသိနိုင်ပါဘူး။ နအဖရဲ့ စစ်အာဏာရှင်စနစ်တည်ရှိနေလို့ သွေးထွက်သံယို အနိဋ္ဌာရုံတွေ ဖြစ်နေရတာဖြစ်တယ်။

ဘယ်ခေတ်ကာလနဲ့မှမတူအောင် မတရားဖိနှိပ်ခံနေရတဲ့ အမျိုးသားပြည်သူတွေနဲ့ တိုင်းပြည်ရဲ့ဂုဏ်သိက္ခာအတွက် ရည်မှန်းချက်ပန်းတိုင် မရောက်မချင်း မလျှော့သောဇွဲနှင့်တိုက်ပွဲဝင်ရမှာက ဒီမိုကရေစီအင်အားစုတွေရဲ့ တာဝန်ဖြစ်ပါတယ်။ အခြေအနေကို စောင့်ကြည့်နေလို့တော့ မရတော့ပါဘူး။ လက်လှမ်းမီသလောက် တတ်နိုင်တဲ့ဖက်က တက်ညီလက်ညီ ကြိုးပမ်းကြမယ်ဆိုရင် စစ်အာဏာရှင်စနစ်ကို နှစ်မြှုပ်ပစ်မယ့် ဒီရေလှိုင်းကြီးတခု မုချပေါ်လာပါလိမ့်မယ်။

❖

ရဲဘော်စိန်သော်
၂၅၊ ၁၂၊ ၀၅

# သံလွင်မြစ်ပေါ်က ရေကာတာစီမံကိန်းကြောင့် ဆိုးကျိုးများဖြစ်လာနိုင်



သံလွင်မြစ်အတွင်း ငါးအမျိုးပေါင်း (၁၄၀) ကျက်စားနေပြီး သုံးပုံတပုံသည် သံလွင်မြစ်တခုတည်း၌သာတွေ့ရသော ရှားပါးငါးမျိုးများ ဖြစ်သည်။

သံလွင်မြစ်ပေါ်တွင် အမေရိကန်ဒေါ်လာ (၆) ဘီလီယံ ကုန်ကျမည့် ရေအားလျှပ်စစ်စက်ရုံတခုကိုတည်ဆောက်ရန် နအဖနှင့်ထိုင်းကုမ္ပဏီတို့ သဘောတူညီလိုက်ကြောင်း မြန်မာ့အလင်းသတင်းစာက ဧပြီလအစောပိုင်းတွင် ဖော်ပြသည်။

ရန်ကုန်မြို့မှ မိုင် (၃၀၀) ခန့်ဝေးသော သံလွင်မြစ်ပေါ်တွင် မဂ္ဂါဝပ် (၇၀၀၀) ကျော် ထုတ်နိုင်ရန် ခန့်မှန်းထားသော တာဆန်းရေအားလျှပ်စစ်စက်ရုံကို ထိုင်းနိုင်ငံမှ (DMX) လျှပ်စစ်ဓာတ်အားတည်ဆောက်ရေးကုမ္ပဏီက တည်ဆောက်သွားမည်ဖြစ်ပြီး လာမည့် (၁၅) နှစ်အတွင်းပြီးစီးရန် လျာထားကြောင်း သတင်းကဆိုသည်။

တာဆန်းရေအားလျှပ်စစ်စက်ရုံမှ ရရှိမည့် လျှပ်စစ်ဓာတ်အားများကို ထိုင်းနိုင်ငံသို့ရောင်းချမည်ဖြစ်ပြီး မြန်မာနိုင်ငံသို့ ပမာဏမည်မျှပေးပို့မည်ကို အတိအကျမသိရပေ။

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ကြီးက ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် သတ်မှတ်ထားသော သံလွင်မြစ်ကြောတလျှောက်တွင် တည်ဆောက်မည့် ယင်းစီမံကိန်းကြောင့် သဘာဝပတ်ဝန်းများ ထိခိုက်စေမည်ဖြစ်သဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များက ကန့်ကွက်လျက်ရှိသည်။

လူ့အခွင့်အရေးအဖွဲ့များက နအဖ၏ ဆည်တည်ဆောက်ရေး စီမံကိန်းများကြောင့် ဒေသခံတိုင်းရင်းသားများ အတင်းအဓမ္မ မောင်းထုတ်ခြင်းခံရခြင်း၊ လုပ်အားပေးခိုင်းစေခြင်းများနှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရေလွှမ်းမိုးခြင်းစသော ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်သည် ဟုဆိုသည်။

သံလွင်မြစ်သည် မြန်မာပြည် အရှေ့ပိုင်းတွင် ရှမ်း၊ ကရင်၊ ကရင်နီ၊ မွန်၊ ဝ၊ ပအို့ဝ်၊ လားဟူ၊ ပဒေါင်၊ အခါ၊ လီဆူး နှင့် ပလောင် စသော တိုင်းရင်းသားနယ်မြေ (၁၃) နေရာများကိုဖြတ်သန်းသွားသည်။

တာဆန်းရေကာတာတည်ဆောက်မည့် နေရာသည် ရှမ်းပြည် အရှေ့ပိုင်းတွင်တည်ရှိပြီး လေ့လာမှုများစတင်ပြုလုပ်စဉ် ကတည်းက လူပေါင်း (၃) သိန်းသည် အဓမ္မရွှေ့ပြောင်းခြင်းကိုခံရသည်ဟု လေ့လာချက်များကဆိုသည်။

နိုင်ငံတကာ၏ သုတေသနလေ့လာတွေ့ရှိချက်အရ သံလွင်မြစ်အတွင်း၌ တည်ဆောက်မည့် ရေကာတာကြီးသည် ကြီးမားသော လူမှုအသိုင်းအဝိုင်းနှင့် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မည့်အပြင် မြစ်ကြောင်း၏ စီးဆင်းမှုကို ပြောင်းလဲရုံသာမက မြစ်အတွင်းနေထိုင်သော ရေသတ္တဝါများကိုပင် မျိုးတုံးစေနိုင်သည်ဟုဆိုသည်။

သံလွင်မြစ်အတွင်း ငါးအမျိုးပေါင်း အနည်းဆုံး (၁၄၀) ကျက်စားနေပြီး၊ သုံးပုံတပုံသည် သံလွင်မြစ်တခုတည်း၌သာ တွေ့ရသော ရှားပါးငါးမျိုးများ ဖြစ်သည်ဟု ဆိုသည်။

နအဖနှင့် ထိုင်းကုမ္ပဏီတို့သည် သံလွင်မြစ်တကြောတွင် နောက်ထပ် အနည်းဆုံး ရေကာတာ (၅) ခုကို လာမည့် (၁၅) နှစ်အတွင်း တည်ဆောက်ရန် စီစဉ်ထားကြောင်း သိရှိရသည်။

❖

# လက်နက်အပြီးအပိုင်အပ်ရန် ‘ဝ’ တပ် ဖိအားပေးခံနေရပြီ

မြန်မာစစ်တပ်နှင့် အစောဆုံး အပစ်အခတ်ရပ်စဲရေးလုပ်ခဲ့သော ‘ဝ’ ပြည် သွေးစည်းရေးတပ် (UWSA) ကို လက်နက်ချရန် မြန်မာစစ်တပ်အာဏာပိုင်များက ဖိအားပေးနေကြောင်း သတင်းများအရသိရှိရသည်။

ချင်းမိုင်အခြေစိုက် ရှမ်းသံတော်ဆင့် သတင်းဌာန သတင်းတပုဒ်အရ နအဖ တြိဂံတိုင်းစစ်ဌာနချုပ်က ‘ဝ’ အရာရှိများကို ဧပြီလ (၉) ရက်နေ့က ခေါ်ယူတွေ့ဆုံခဲ့ပြီး လက်နက်အပ်ရန် ဖိအားပေးခဲ့သည်ဟုဆိုသည်။

‘ဝ’ အရာရှိတဦး၏ “နအဖက မိမိတို့ကိုလက်နက်ချခိုင်းခြင်းမဟုတ်ဘဲ ထာဝရငြိမ်းချမ်းရေးနှင့် လက်နက်လဲလှယ်ရန် ဖိတ်ကြားခဲ့ခြင်းဖြစ်သည်” ဟူသော ပြောဆိုချက်ကို သတင်းဌာနများက ကိုးကားကြသည်။

‘ထာဝရငြိမ်းချမ်းရေး လဲလှယ်ရေး လက်နက်ချရေး’ ဟူသော အသုံးအနှုန်းမှာ လက်နက်ချခိုင်းခြင်းကို ဆိုလိုခြင်းဖြစ်သည်ဟု ယူဆနိုင်သော်လည်း ‘ဝ’ ဘက်က သဘောထားကို ရှင်းရှင်းလင်းလင်း မသိရသေးပေ။

အရှေ့မြောက်တိုင်း၊ အရှေ့ပိုင်းတိုင်းနှင့် တြိဂံတိုင်းတို့၏ တိုင်းချုပ်တဖြစ်လဲ ဒု–ဗိုလ်ချုပ်ကြီး ကျော်ဝင်း၏ တာချီလိတ် ရှမ်းပြည်ခရီးစဉ်အပြီး (၃)ရက်အကြာတွင် နအဖတြိဂံတိုင်းအရာရှိများက ‘ဝ’တပ်ဖွဲ့ကို ယခုကဲ့သို့ ခေါ်ယူတွေ့ဆုံခဲ့ခြင်းဖြစ်သည်။

‘ဝ’ တပ်သည် ယမန်နှစ်က နအဖတပ်နှင့်ပူးပေါင်း၍ SSA တောင်ပိုင်းဌာနချုပ်ကိုတိုက်ခဲ့ပြီး၊ အကျအဆုံးများဖြင့် ဆုတ်ခွာခဲ့ရသည်။ ‘ဝ’ တပ်၏ မအောင်မြင်သော ယင်းစစ်ဆင်ရေးကြောင့် နအဖတပ်မှူးများက “ ခင်ဗျားတို့ SSA လောက်လေး အသေးအမွှားလေးကို နိုင်အောင်မတိုက်နိုင်ဘူး၊ ခင်ဗျားတို့ လက်နက်ချဖို့ကောင်းပြီ” ဟုပြောဖူးကြောင်း ရှမ်းသံတော်ဆင့် သတင်းအယ်ဒီတာ ဦးခွန်ဆိုင်းကပြောသည်။

ဆက်လက်၍ ဦးခွန်ဆိုင်က နအဖသည် ယမန်နှစ်က ‘ဝ’ နှင့် ပတ်သက်သည်ဟု ယူဆရသောဘဏ်တိုက်ကြီး သုံးဘဏ်တိုက်ကို ပိတ်ခိုင်းလိုက်ပြီး၊ တရုတ်၏ ဖိအားပေးမှုကြောင့် စက်တင်ဘာလတွင် ‘ဝ’ တပ်များသယ်လာသော မူးယစ်ဆေးများကို ဖမ်းဆီးသိမ်းလိုက်ခြင်းသည့် ကိစ္စများကိုလျှင် ‘ဝ’ တပ် ဖိအားပေးခံနေရသည်မှာ သေချာသည်ဟုဆိုသည်။

“ပြီးခဲ့တဲ့နှစ်မှာ ကျနော်တို့ ကြည့်လိုက်မယ်ဆိုရင် တဖက်က ဖိအားပေးမှုပိုများလာတယ်ဆိုတာ ကျနော်တို့ တွေ့ရပါလိမ့်မယ်။ ဒီ့ထက် ရှေ့ လျှောက်ကြည့်မယ်ဆိုရင်လည်း ပိုပြီးများလာမယ့် အနေအထားတွေ့ရပါတယ်။ သို့သော်လည်း တဖက်က ကြည့်ရင် ‘ဝ’ ကို သူတို့ကိုင်တွယ်နိုင်မယ်ဆိုရင် ရှမ်းပြည်မှာ သူတို့ကို ( Divide and Rule) လုပ်ဖို့ အသုံးချနိုင်တယ်”ဟု ဦးခွန်ဆိုင်းက ဗွီအိုအေသို့ပြောသည်။

အင်အား (၂) သောင်းခန့်ရှိသော ‘ဝ’ တပ်သည် (၁၉၈၉) ခုနှစ်တွင် နအဖနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူခဲ့ပြီး တရုတ်–မြန်မာနယ်စပ်နှင့် ထိုင်း–မြန်မာနယ်စပ်တကြောတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့်ပတ်သက်၍ နာမည်ဆိုးနှင့်ကျော်ကြားသည်။

❖

# ကရင်ရွာများကို မီးရှို့ဖျက်ဆီးနေသည့်လုပ်ရပ်ကို ချက်ချင်းရပ်ပေးရန်ကေအဲန်ယူတောင်းဆို

နအဖတပ်၏ ကရင်လူထုအပေါ် စစ်ဆင်နေမှုများကို အမြန်ဆုံးရပ်တန့်ပေးပြီး တိုင်းပြည်၏ ပြဿနာများကို နိုင်ငံရေးနည်းဖြင့် အမြန်ဆုံးဆွေးနွေးဖြေရှင်းရန် ကရင်အမျိုးသားအစည်းအရုံးက တိုက်တွန်းတောင်းဆိုလိုက်သည်။

ကရင်အမျိုးသားအစည်းအရုံး၏ မေလ (၃) ရက်နေ့ နေ့စွဲဖြင့်ထုတ်ပြန်သော ကြေညာချက်တွင် နအဖတပ်သည် စစ်ဆင်ရေးအတွင်း ရွာများကိုတိုက်ခိုက်ရွှေ့ပြောင်းခြင်း၊ ရွာသားများ၏ ဥယျာဉ်၊ တောင်ယာများ၊ စပါးကျီများကိုမီးရှို့ပစ်ခြင်း၊ ပစ္စည်းဥစ္စာများကို အဓမ္မယူခြင်း၊ အမျိုးသမီး၊ ကလေး၊ သက်ကြီးရွယ်အိုများအပါအဝင် လူထုများကို ဖမ်းဆီး၊ သတ်ဖြတ် မုဒိမ်းကျင့်ခြင်းစသည့် ဆိုးရွားသောလုပ်ရပ်များကို လက်သံပြောင်ပြောင်ပြုလုပ်နေသည်ဟု ဖော်ပြထားသည်။

တိုင်းပြည်တွင် အကြပ်အတည်းဆိုက်နေပြီး ပြဿနာမျိုးစုံကြုံတွေ့နေချိန်တွင် လူမျိုးစုံပြည်သူများ၏ အကျိုးအတွက် တပြည်လုံးအပစ်အခတ်ရပ်စဲ၍ နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်ရမည့်အစား နအဖသည် မှုမမှန်သောလုပ်ရပ်များဖြင့် ကေအဲန်ယူကို ထိုးစစ်ဆင်နေသည်ဟု ကြေညာချက်ကဆိုသည်။

ဖေဖော်ဝါရီလက စတင်သော နအဖ၏စစ်ဆင်ရေးများကြောင့် ကရင်ရွာသား တသောင်းတထောင်ကျော်သည် ကျေးရွာများကို စွန့်ခွာထွက်ပြေးခဲ့ရသည်။ ၎င်းတို့အနက် (၁) ထောင်ခန့်သည် နယ်စပ်ဒေသသို့ ထွက်လာထွက်ပြေးခဲ့ကြပြီး၊ ကျန်တသောင်းကျော်သည် တောတောင်းများထဲတွင် အစားအစာ၊ အဝတ်အစားနှင့် ဆေးဝါးပြတ်လပ်သည် ပြဿနာများအပြင် ရာသီဥတုဒဏ်ကိုခံနေရသည်ဟု ကြေညာချက်တွင်ဖော်ပြထားသည်။

(၂၀၀၆) ခုနှစ် ဖေဖော်ဝါရီလမှစတင်သော စစ်ဆင်ရေးအတွင်း နအဖသည် တပ်မ (၆၆) စကခ (၁၆)၊ စကခ (၂၁)၊ တပ်မ (၁၀၁) နှင့် တောင်ပိုင်းတိုင်းတပ်များ အပါအဝင် တပ်ရင်း (၅၆) ရင်းကို အသုံးပြု၍ ကေအဲန်ယူအခြေခံဒေသများဖြစ်သည့် တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်၊ ဖာပွန်ခရိုင်နှင့် သထုံခရိုင်များအတွင်း ထိုးစစ်ဆင်ခဲ့ခြင်းဖြစ်သည်။❖

# အိုးအိမ်စွန့်ထွက်ပြေးရသော ကရင်ရွာသား တသောင်းကျော်ပြီ

နအဖတပ်၏ ကရင်ရွာများကို ဖျက်ဆီးတိုက်ခိုက်ခြင်းနှင့် ရွာသားများကို သတ်ဖြတ်ခြင်းသည် ပြီးခဲ့သည့်လအတွင်းက အဆိုးရွားဆုံးဖြစ်လာပြီး ကရင်ရွာသားထောင်ပေါင်းများစွာ အသက်ဘေးကြောင့် အိုးအိမ်စွန့်ထွက်ပြေးခဲ့ရသည်ဟု ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ) က ဧပြီလ (၂၆) ရက်နေ့တွင်ပြောသည်။

ဧပြီလတလတည်းတွင် တောင်ငူနှင့် ညောင်လေးပင်ခရိုင်းအတွင်းမှ အိုးအိမ်စွန့်ထွက်ပြေးခဲ့ရသော ကရင်ရွာသား (၂၀၀၀) ကျော်သွားပြီဟု ကေအဲန်ယူ ဒု–ဥက္ကဋ္ဌ ဗိုလ်ချုပ်စောတာမလာပေါက ရိုက်တာသတင်းဌာနသို့ပြောသည်။

ယခုတိုက်ခိုက်မှုများသည် (၂၀၀၃) ခုနှစ်၊ ကေအဲန်ယူနှင့် နအဖတို့အကြားအပစ်အခတ်ရပ်စဲရေးနှုတ်အားဖြင့် သဘောတူညီမှုရခဲ့အပြီးနောက်ပိုင်း တိုက်ခိုက်မှုများတွင် အပြင်းထန်ဆုံးဖြစ်သည်ဟုဆိုသည်။

“ နအဖဘက်က မီးစတဖက် ရေမှုတ်တဖက်လုပ်နေတယ်။ တဖက်မှာ ကျနော်တို့နဲ့ ငြိမ်းချမ်းရေးစကားပြောပြီး၊ အခြားတဖက်က စစ်ဆက်တိုက်နေတယ်။ အခုတိုက်ခိုက်မှုတွေကိုကြည့်မယ်ဆိုရင် နအဖမှာ ငြိမ်းချမ်းရေးဆန္ဒမရှိဘူးဆိုတာ သိသာပါတယ်” ဟု ဗိုလ်ချုပ်စောတာမလာပေါကပြောသည်။

ဒုက္ခသည် အကူအညီပေးရေးအဖွဲ့များက ယခုနောက်ဆုံးတိုက်ခိုက်မှုများသည် နအဖက ၎င်းတို့၏ ပျဉ်းမနားမြို့တော်သစ်နှင့်အနီးတဝိုက် နယ်မြေစိုးမိုးရေး ရည်ရွယ်ချက်ပြုလုပ်ခြင်းဖြစ်သည်ဟုဆိုသည်။

ဒုက္ခသည်ကယ်ဆယ်ရေး အဖွဲ့တဖွဲ့ဖြစ်သော ဖရီးဘာမားရိန်းဂျား (The Free Burma Rangers) အဖွဲ့၏ ဧပြီလ (၂၅) ရက်နေ့ ထုတ်ပြန်ချက်တွင် နအဖစစ်တပ်၏ ကရင်ပြည်နယ် အနောက်ပိုင်းနှင့်မြောက်ပိုင်းစစ်ဆင်ရေးအတွင်း ကရင်ရွာသား (၁၁၀၀၀) ကျော် အိုးအိမ်စွန့်ထွက်ပြေးခဲ့ရသည်ဟု ဆိုသည်။

“ဧပြီလ (၂၅) ရက်နေ့ ရောက်လို့မှ ရွာထဲမှာ ဆက်ရှိနေတာကိုတွေ့ရင် တွေ့တဲ့နေရာမှာပဲ ပစ်သတ်မယ်လို့ ဗမာစစ်သားတွေက အမိန့်ထုတ်ထားတယ်” ဟုရွာသားတဦး၏ အပြောကို အဖွဲ့၏ထုတ်ပြန်ချက်တွင် ကိုးကားထားသည်။

ထိုင်း–မြန်မာနယ်စပ်တွင် ဒုက္ခသည်များကို အကူအညီပေးနေသော (The Thailand Burma Border Consortium) အဖွဲ့ကလည်း ပြီးခဲ့သည့်နှစ်ဒီဇင်ဘာမှ ယခုအချိန်အထိ ကရင်ပြည်နယ်မှ ထိုင်းဘက်အခြမ်းရှိ ဒုက္ခသည် စခန်းများသို့ ထွက်ပြေးလာသူ (၁၅၀၀) ကျော်သွားပြီ မကြာခင် လများအတွင်း စစ်ပြေးဒုက္ခသည်များ ထိုင်းနိုင်ငံအတွင်းသို့ ပိုမိုဝင်ရောက်လာမည်ကို စိုးရိမ်သည်ဟုဆိုသည်။

❖

# ဂျပန်နိုင်ငံ ၏ မြန်မာနိုင်ငံအပေါ်ထားသော ပေါ်လစီကို ပြန်စဉ်းစားရန် တိုကျိုဆွေးနွေးပွဲကတိုက်တွန်း




ဂျပန်အစိုးရအနေဖြင့် မြန်မာ့နိုင်ငံအရေးတွင် မည်သည့်အခန်းက ပါဝင်သင့်သည်ဆိုသည့်အချက်ကို အလေးထားဆွေးနွေးခဲ့ကြသည်။

ဂျပန်ရောက် မြန်မာ့ဒီမိုကရေစီလှုပ်ရှားသူများက ဦးဆောင်ကျင်းပသော မြန်မာ့နိုင်ငံရေး ရှေ့အလားအလာနှင့်ထိတ်သက်သော ဆွေးနွေးပွဲတရပ်ကို ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဧပြီလ (၂၆) ရက်နေ့ကကျင်းပခဲ့ပြီး ဂျပန်အစိုးရအနေဖြင့် မြန်မာ့နိုင်ငံရေးတွင် မည်သည့်အခန်းက ပါဝင်သင့်သည်ဆိုသည့် အချက်ကို အလေးထားဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

ဂျပန်လွှတ်တော်အမတ်များ၊ ဂျပန်ဝန်ကြီးချုပ်ဟောင်းနှင့် ဂျပန်နိုင်ငံနိုင်ငံခြားရေးဌာနမှတာဝန်ရှိသူများ တက်ရောက်သောဆွေးနွေးပွဲတွင် မြန်မာ့ဒီမိုကရေစီအင်အားစုအဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များက မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး၊ စီးပွားရေးနှင့် တိုင်းရင်းသားအရေးကိစ္စများကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

"မြန်မာပြည်ရှေ့ခရီး" ဟု အမည်ပေးထားသော အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီမှ ဦးခိုင်စိုးနိုင်အောင်၊ ဦးမောင်မောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်း၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ခေါင်းဆောင်များ၊ ဂျပန်ရောက် ဒီမိုကရေစီအရေးလှုပ်ရှားသူများ စုစုပေါင်းအင်အား (၅၀၀) ကျော် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းက ဂျပန်နိုင်ငံအနေဖြင့် ထိုင်း၊ တရုတ်၊ အိန္ဒိယတို့နှင့်ပူးပေါင်း၍ မြန်မာ့အရေးအကူအညီပေးရန်နှင့် မြန်မာ့အရေး ကုလသမဂ္ဂလုံခြုံရေးကောင်စီစားပွဲသို့ရောက်အောင် အားပေးကူညီပေးသွားရန်တို့ကို တိုက်တွန်းခဲ့သည်။

ဂျပန်ဝန်ကြီးချုပ်ဟောင်း ဆူတိုမူဟာတာက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် (၁၉၉၀) ရွေးကောက်ပွဲတွင် (၈၀) ရာခိုင်နှုန်းဖြင့် အနိုင်ရရှိထားသော်လည်း စစ်အုပ်စုက လွှတ်တော်မခေါ်ဘဲ အဲန်အယ်လ်ဒီမှ ခေါင်းဆောင်များကို ဖမ်းဆီးနေခြင်းသည် ဆိုးရွားသောလုပ်ရပ်ဖြစ်ကြောင်း၊ ထို့အပြင် ယခုအခါ နအဖသည် နျူးကလီးယားကို စတင်ကိုင်တွယ်နေကြောင်းသိရ၍ ဒေသတခုလုံးအတွက် ရတက်မအေးဖြစ်ရသည်ဟု ဆိုသည်။

ဂျပန်နိုင်ငံခြားရေးပြောခွင့်ရသူ မစ္စတာမစ်ကိုးရှိက ဂျပန်အစိုးရအနေဖြင့် ဒေသတွင်းတွင် ဩဇာကြီးသော တရုတ်၊ အိန္ဒိယတို့နှင့်ပူးပေါင်း၍ မြန်မာ့အရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် အစီအစဉ်ရှိသည်ဟုပြောသည်။

ညီလာခံဖြစ်မြောက်ရေးကော်မတီပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမင်းညိုက ယခုဆွေးနွေးပွဲကြောင့် ဂျပန်လွှတ်တော်အမတ်များ မြန်မာ့အရေးကိုပိုမိုနားလည်လာပြီး ဂျပန်အစိုးရကို ဖိအားပေးလာစေမည်ဖြစ်သဖြင့် အောင်မြင်မှုရှိသည်ဟု ဆိုသည်။

ဆွေးနွေးပွဲအပြီးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏အဆိုပြုချက်ကို အကောင်အထည်ဖော်ပေးရေး၊ တိုင်းရင်းအားလုံးလက်ခံဆွေးနွေးသော ဖွဲ့စည်းပုံအသစ်ရေးဆွဲရေး၊ ဒေါ်အောင်ဆန်းစုကြည်နှင့်နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး၊ မြန်မာ့အရေးလုံခြုံရေးကောင်စီအထိ ဆက်လက်ဆောင်ရွက်သွားရေးတို့အတွက် သဘောတူညီခဲ့ကြသည်။

ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံကို ကျန်းမာရေး၊ ပညာရေးနှင့် လူသားချင်းစာနာသည့် အကူအညီအများဆုံးပေးနေသောနိုင်ငံဖြစ်ပြီး မကြာခင်ကပင် ကြက်၊ ငှက်တုပ်ကွေးကာကွယ်တားဆီးရေးအတွက် အမေရိကန်ဒေါ်လာ (၂၁) သန်း အကူအညီပေးခဲ့သည်။

မြန်မာနိုင်ငံ၏ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွင် အရေးကြီးသောအခန်းမှ ပါဝင်ဆောင်ရွက်ကြရန် ဂျပန်၊ တရုတ်နှင့် အိန္ဒိယတို့ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက မကြာခင်ကပင် တိုက်တွန်းထားသည်။❖

# မြန်မာ့အရေး ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်ပြနိုင်ရန် ဗြိတိန်ကြိုးပမ်း



ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး
Jack Straw

ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးက ဗြိတိန်အစိုးရအနေဖြင့် မြန်မာပြည်အရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ထပ်မံတင်ပြနိုင်ရေးအတွက် ကြိုးပမ်းနေသည်ဟုပြောကြောင်း ရှမ်းအမျိုးသမီး လူ့အခွင့်အရေးကြိုးပမ်းသူ နန်းချန်တောင်းက ဧပြီလ (၂၆) ရက်နေ့ကပြောသည်။

ဗြိတိသျှအတိုက်အခံ ကွန်ဆာဗေးတစ်ပါတီက ပထမဆုံးအကြိမ်ပြုလုပ်သော မြန်မာနိုင်ငံလူအခွင့်အရေးကြားနာပွဲတွင် သက်သေထွက်ဆိုရန် ဗြိတိန်နိုင်ငံသို့ရောက်ရှိနေစဉ် ရှမ်းအမျိုးသမီးရေးရာလှုပ်ရှားမှုအဖွဲ့ (SWAM)မှ နန်းချန်တောင်းက ယင်းသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ဧပြီလ (၂၇) ရက်နေ့က ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံပြီးနောက် နန်းချန်တောင်းက "ဗြိတိသျှအစိုးရအနေနဲ့ မြန်မာနိုင်ငံအရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူပေးဖို့ အရင်ကထဲက ပါဝင်ဆောင်ရွက်ခဲ့သလို ဆက်လက်ပြီးတော့လည်း တွန်းအားပေးလုပ်ဆောင်နေပါတယ်လို့ (Jack Straw) က ကျမကို ပြောပါတယ်"ဟု နန်းချမ်းတောင်းက ဗွီအိုအေသို့ ပြောသည်။

> ဗြိတိသျှအစိုးရအနေနဲ့ မြန်မာနိုင်ငံအရေးကို ကုလသမဂ္ဂလုံခြုံရေး
> ကောင်စီက အရေးယူပေးဖို့ အရင်ကထဲက
> ပါဝင်ဆောင်ရွက်ခဲ့သလို ဆက်လက်ပြီး တော့လည်း
> တွန်းအားပေးလုပ်ဆောင်နေပါတယ်.....

ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးနှင့် ဆွေးနွေးပွဲတွင် နန်းချမ်တောင်းသည် လူ့အခွင့်အရေးအခြေအနေများအပြင် နယ်စပ်ဒေသအခြေစိုက် မြန်မာ့ဒီမိုကရေစီရရှိရေး လှုပ်ရှားနေသောအင်အားစုများနှင့် ထိုင်း–မြန်မာနယ်စပ်တွင် ထွက်ပြေးခိုလှုံနေကြရသော ဒုက္ခသည်များကို အကူအညီပေးရန် ဗြိတိသျှအစိုးရကို တိုက်တွန်းခဲ့သည်။

နန်းချမ်တောင်းသည် ယမန်နှစ်အောက်တိုဘာလကလည်း သမ္မတဘုရှ်နှင့် အိမ်ဖြူတော်တွင် တွေ့ဆုံခွင့်ရခဲ့ပြီး မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများကို တင်ပြခဲ့သည်။ သူမသည် ရှမ်းတိုင်းရင်းသူများအပေါ် နအဖစစ်တပ်က အဓမ္မပြုကျင့်သည့် အကြောင်းရေးသားထားသော မုဒိမ်းကျင့်ခွင့်လိုင်စင် (License To Rape) အမည်ရှိအစီရင်ခံစာကို (၂၀၀၂) ခုတွင် ပြုစုခဲ့သူဖြစ်သည်။

နန်းချန်တောင်းနှင့် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး (Jack Straw) တို့ ဆွေးနွေးခွင့်ရရန် ဗြိတိန်အခြေစိုက် မြန်မာ့အရေးလှုပ်ရှားမှုအဖွဲ့ (The Burma Campaign - UK) နှင့် ကမ္ဘာ့ခရစ်ယာန်များ ညီညွတ်ရေးအဖွဲ့ (CSW) တို့က စီစဉ်ပေးခဲ့ခြင်းဖြစ်သည်။

ဧပြီလ (၂၅) ရက်နေ့ ကြားနာစစ်ဆေးပွဲတွင် နန်းချမ်တောင်းအပြင် ရခိုင်ရိုဟင်ဂျာအမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ–ဦး Nurul Islam၊ ယမန်နှစ်က တိုင်းရင်းသား ကရင်လူမျိုးစုတွေအပေါ် မြန်မာစစ်တပ်၏ လူမျိုးတုံးသတ်ဖြတ်မှုများ အကြောင်းရေးသားထားသော (Dying Alive) စာတမ်း (အသက်ရှင်လျက်သေနေသည့်ဘဝများ) ကို ပြုစုခဲ့သူ Guy Horton နှင့် Burma Campaign UK အဖွဲ့ တာဝန်ခံ Mark Farmaner တို့က မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေများအပေါ် သက်သေထွက်ဆိုခဲ့ကြသည်။❖



နန်းချန်တောင်းနှင့် ဂျော့ဒဗလျူဘုရှ်

# လူကုန်ကူးမှု လုပ်ငန်းတွင် အမျိုးသမီးနှင့်ကလေးများ အဓိကသားကောင်ဖြစ်နေသည်ဟု ကုလအစီရင်ခံစာဆို

မြန်မာနိုင်ငံမှ အမျိုးသမီးများနှင့် ကလေးများသည် လူကုန်ကူးမှု၏သားကောင်များအဖြစ် ဆက်အသုံးချခံနေရသည်ဟု ဧပြီလ (၂၄) ရက်နေ့ထုတ် ကုလသမဂ္ဂ၏ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုတိုက်ဖျက်ရေး အစီရင်ခံစာတွင်ဖော်ပြထားသည်။

အစီရင်ခံစာအရ မြန်မာနိုင်ငံသည် ဒေသတွင်းတွင် လူကုန်ကူးမှု သားကောင်အများဆုံးထုတ်လုပ်ရာ တနိုင်ငံဖြစ်နေပြီး အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်နှင့် ထိုင်းနိုင်ငံများက အဆိုပါသားကောင်များကို လိင်မှုလုပ်ငန်းများတွင် အသုံးချရန်အတွက် လက်ခံနေသည်ဟုဆိုသည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှု တိုက်ဖျက်ရေးအဖွဲ့၏ ဒါရိုက်တာ (Antonio Maria Costa ) က လောလောဆယ်တွင် အစိုးရများကို အဓိကစိန်ခေါ်နေသောအချက်မှာ လူကုန်ကူးမှုလုပ်ငန်း၏ ရေသောက်မြစ်ဖြစ်သော ဆင်းရဲမွဲတေမှုနှင့် အလုပ်လက်မဲ့ ပြဿနာဖြေရှင်းရေးဖြစ်ပြီး ယင်းကိစ္စများကို မဖြေရှင်းနိုင်သမျှ လူကုန်ကူးမှု ဒုစရိုက်လုပ်ငန်းကိုလည်း ပပျောက်အောင် ဆောင်ရွက်နိုင်မည်မဟုတ်ဟုထောက်ပြသည်။

အစီရင်ခံစာတွင် ကမ္ဘောဒီးယား၊ လော၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံများကိုလည်း လူကုန်ကူးမှုမြစ်ဖျားခံရာ နိုင်ငံများအဖြစ် ထည့်သွင်းထားပြီး အဆိုပါဒေသများမှ အမျိုးသမီးနှင့်ကလေးများသည် ဥရောပနှင့် အနောက်နိုင်ငံများသို့ ပို့ဆောင်ခံနေရသည်ဟုဆိုသည်။

ကုလသမဂ္ဂ၏အစီရင်ခံစာ၌ နိုင်ငံပေါင်း (၁၂၇) နိုင်ငံတွင် လူကုန်ကူးမှုဖြစ်ပွားနေသည်ဟုဖော်ပြထားပြီး "ကမ္ဘာပေါ်မှာ နိုင်ငံတိုင်းလိုလိုသည် လူကုန်ကူးမှု သို့မဟုတ် အဓမ္မလုပ်အားပေးစေခိုင်းခြင်းနှင့် တနည်းတလမ်းဖြင့် ဆက်စပ်နေသည်"ဟု လည်း ဆိုသည်။

နအဖသည် (၂၀၀၄) ခုနှစ် စက်တင်ဘာလတွင် လူကုန်ကူးမှုတိုက်ဖျက်ရေး ဥပဒေကို ပြဋ္ဌာန်းထားပြီး (၂၀၀၂) ခုနှစ်အတွင်း လူကုန်ကူးမှု (၄၇၄) မှုကို ဖော်ထုတ်ခဲ့ပြီး၊ လူကုန်ကူးသူ (၅၁၉) ဦးကို အရေးယူနိုင်ခဲ့သဖြင့် (၂၆၂၉) ဦးကို လူကုန်ကူးခံရမည့်ဘေးမှ ကယ်တင်နိုင်ခဲ့သည်ဟု သတင်း ထုတ်ပြန်ထားသည်။

❖

# နအဖ၏ သတင်းစာရှင်းလင်းပွဲပါ အချက်များတချို့ကို ပြန်လည်သုံးသပ်ခြင်း

## ရေနံချောင်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခင်ကျော်ဟန်နှင့် အင်တာဗျူး



ရေနံချောင်းမြို့နယ်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ဦးခင်ကျော်ဟန်

မိုးကြိုး ။ ။ ၂၀၀၆ ခုနှစ်၊ ဧပြီလ (၂၆) ရက်နေ့တုန်းက ရှမ်းပြည်နယ်အရှေ့ ပိုင်းကျိုင်းတုံမြို့မှာ ကျင်းပခဲ့တဲ့ နအဖသတင်း ထုတ်ပြန်ရေးကော်မတီရဲ့ သတင်းစာရှင်း လင်းပွဲ (၄/၂၀၀၆) မှာ သတင်းထုတ် ပြန်ရေးကော်မတီရဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ကျော်ဆန်းက "အဲန်အယ်လ်ဒီက လွှတ်တော် ခေါ်ယူပေးဖို့ကိုလဲ တောင်းဆိုထားပါတယ်။ အဲန်အယ်လ်ဒီအနေနဲ့ အဲဒီလိုတောင်းဆိုနိုင် ခွင့် ရှိမရှိဆန်းစစ်ကြည့်စေလိုပါတယ်။ (၁၉၉၀) ပြည့်နှစ်ရွေးကောက်ပွဲမှာ မဲဆန္ဒ နယ်မြေ (၄၈၅) နေရာမှာ အဲန်အယ်လ်ဒီ က (၃၉၂) နေရာ အနိုင်ရရှိခဲ့ပါတယ်။ ဒါ ပေမယ့် ယနေ့အထိ တည်ဆဲဥပဒေများကို ဖောက်ဖျက်လို့ ပြစ်ဒဏ်ကျခံရပြီး ကိုယ်စား လှယ်အဖြစ်မှ ပယ်ဖျက်ခံရသူ (၁၀၅) ဦး ရှိပါတယ်။ ဆန္ဒအလျောက်နုတ်ထွက်သူ (၇၉) ဦးရှိပြီး ကွယ်လွန်သူ (၇၃) ဦးဖြစ်ပါတယ်။ အဲဒီလိုအကြောင်းအမျိုးမျိုးကြောင့် ကိုယ်စား လှယ်အဖြစ် ပျက်ပြယ်သွားသူ (၃၀၅) ဦး ရှိလို့ အဲန်အယ်လ်ဒီကိုယ်စားလှယ် (၈၇)ဦး သာကျန်ပါတော့တယ်။ အဲ့ဒီ (၈၇) ဦး အပါအဝင် လက်ကျန် လွှတ်တော်ကိုယ်စား လှယ်စုစုပေါင်းဟာ (၁၃၁) ဦးဖြစ်ပါတယ်။" လို့ပြောသွားပါတယ်။ အဲဒါနဲ့ပတ်သက်လို့ ဦးခင်ကျော်ဟန်အနေနဲ့ ဘာပြောစရာရှိ ပါသလဲ။

ဦးခင်ကျော်ဟန်။ ။ (၁၉၉၀) ပြည့်နှစ်၊ မေလ (၂၇) ရက်နေ့က ကျင်းပပြီးစီးခဲ့တဲ့ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက် ပွဲမှာ နိုင်ငံရေးပါတီအဖွဲ့အစည်းအသီးသီးက ရွေးကောက်တင်မြှောက်ခံခဲ့ကြရတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်တွေကို ပြည်သူ့ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂ (စ)နဲ့ နိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းကြေ ညာပြီးဖြစ်လို့ တရားဝင်အတည်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ သက်တမ်းကို ပြည်သူ့လွှတ်တော်ရွေးကောက် ပွဲဥပဒေမှာ သတ်မှတ်ပြဋ္ဌာန်းထားတာမရှိ ပါဘူး။ ပြည်သူ့လွှတ်တော်တရပ်ရဲ့ သက် တမ်းကို ပြည်သူ့လွှတ်တော်ခေါ်ယူဖွဲ့စည်းပြီးမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ဆုံး ဖြတ်ချက်အရ သတ်မှတ်ကြရတာဖြစ်ပါ တယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ နုတ်ထွက်လိုတယ်၊ မနုတ်ထွက်လိုဘူးဆိုတဲ့ ကိစ္စတွေဟာ ပြည်သူ့လွှတ်တော်တရပ်ပေါ် ပေါက်လာပြီးမှ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ ပြီးတော့ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူပြီးမှသာ ဆောင်ရွက်နိုင်တာဖြစ်ပါတယ်။ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ဟာ ပြည်သူ့လွှတ်တော်တရပ်မဟုတ်တဲ့အတွက် မဲဆန္ဒရှင်ပြည်သူလူထုကလွှတ်လပ်ပြီး တရား မျှတတဲ့ရွေးကောက်ပွဲကနေ ရွေးကောက်တင် မြှောက်ပေးလိုက်တဲ့ ပြည်သူ့လွှတ်တော်ကိုယ် စားလှယ်တွေကို နုတ်ထွက်တယ်လို့ လွှတ် တော်ရဲ့ဆုံးဖြတ်ချက်မရှိပဲ၊ ကြေညာချက် မထုတ်နိုင်ပါဘူး။ အာဏာပိုင်တွေက အမျိုး မျိုးခြိမ်းခြောက်၊ အကြပ်ကိုင်ပြီး အတင်း အကြပ်လက်မှတ်ရေးထိုးခိုင်း၊ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင် မြှောက်ခံထားရသူအဖြစ်မှ နုတ်ထွက်ခွင့်ပြု လိုက်ကြောင်း ကြေညာတာဟာ ဥပဒေအရ တရားမဝင်ပါဘူး။ အာဏာပိုင်တွေက တရား ဥပဒေမဲ့ပြုလုပ်နေတာဖြစ်ပါတယ်။ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပြည်သူ့ လွှတ်တော်ခေါ်ယူပြီးမှ၊ အဲဒီလွှတ်တော်က သတ်မှတ်ပေးလိုက်တဲ့ လွှတ်တော်သက်တမ်း ကုန်ဆုံးတဲ့အထိ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်တွေအဖြစ် တရားဝင်အတည်ဖြစ်နေ မှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ ရွေး ကောက်ခံခဲ့ရတဲ့ လွှတ်တော်ကိုယ်စားလှယ် (၄၈၅) ဦးထဲက (၇၃) ဦး ကွယ်လွန်တဲ့ အတွက် ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ် (၄၁၂) ဦးဟာ ဒီနေ့အထိ အတည်ဖြစ်ပါ တယ်။

မိုးကြိုး။ ။ နောက် ဗိုလ်မှူးချုပ် ကျော်ဆန်းကပဲ "နိုင်ငံအသီးသီးရဲ့ အခြေခံ ဥပဒေတွေကို လေ့လာကြည့်ရင် လွှတ်တော် ခေါ်ယူဖို့အတွက် ကိုယ်စား လှယ် အနည်း ဆုံးသုံးပုံ တပုံကတောင်း ဆိုရန်လိုအပ် ကြောင်း တွေ့ရှိနိုင်ပါတယ်။ (၁၉၇၄) ဖွဲ့စည်းပုံ အခြေခံဥပဒေမှာလည်း လွှတ်တော်ကိုယ်စားလှယ် အားလုံးရဲ့ (၃၄) ရာခိုင်နှုန်းကတောင်းဆိုရင် နိုင်ငံတော် ကောင်စီက လွှတ်တော်ကို အမြန်ဆုံးခေါ်ယူ ပေးရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီ့ကြောင့် အဲန်အယ်လ်ဒီမှ ကိုယ်စားလှယ် (၈၇) ဦးရဲ့ လွှတ်တော်ခေါ်ပေးရန် တောင်းဆိုမှုဟာ နိုင်ငံတကာစံများနဲ့ ကိုက်ညီမှုမရှိပါဘူး။ အကယ်၍ နိုင်ငံတော်အစိုးရက ခေါ်ယူပေး သည့်တိုင် အဲဒီလွှတ်တော်အစည်းအဝေးဟာ အထမမြောက်နိုင်ကြောင်းတွေ့ ရှိရမှာဖြစ် ပါတယ်။" ဆိုပြီး ပြောသွားပါသေးတယ်။ အဲဒီပြောကြားချက်နဲ့ ပတ်သက်လို့ရော။

ဦးခင်ကျော်ဟန်။ ။ ပထမဆုံး နအဖ ရဲ့လုပ်ရပ်တွေကကော နိုင်ငံတကာစံတွေနဲ့ ကိုက်ညီရဲ့လားလို့ မေးရမှာဖြစ်ပါတယ်။ (၁၉၉၀) ခုနှစ်၊ ဇွန်လ (၂၃) ရက်နေ့တုန်း က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦး အောင်ရွှေလက်မှတ်ထိုးပြီး နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီကို အာဏာပိုင် တွေမှာ လွှတ်တော်ခေါ်ယူဖွဲ့စည်းပေးဖို့ တာဝန်ရှိတဲ့အတွက် (၁၉၉၈) ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်နေ့မတိုင်မီ လွှတ်တော်ကိုခေါ်ယူ ဖွဲ့စည်းပေးဖို့ တောင်းဆိုတိုက်တွန်းခဲ့ပါတယ်။ အဲဒီတုန်းက နအဖက လွှတ်တော်ခေါ်ပေး ခြင်းမရှိခဲ့တဲ့အပြင် တပြည်လုံးမှာရှိတဲ့ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်တွေကို ဧည့်ဂေဟာ တွေမှာ ဆွေးနွေးဖို့ ခေါ်ယူထားတယ်ဆိုပြီး (၃) နှစ်ကြာ ဖမ်းဆီးထိန်းသိမ်းထားခဲ့ပါ တယ်။ အခုမှ နိုင်ငံတကာစံတွေနဲ့ မကိုက် ညီဘူးလာပြောနေတာပါ။ (၁၉၈၉) ခုနှစ်၊ မေလ (၃၁) ရက်နေ့မှာ ထုတ်ပြန်ခဲ့တဲ့ "ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ" အခန်း (၂)၊ ပုဒ်မ (၃) မှာ "လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေး ကောက်တင်မြှောက်လိုက်သော လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။" လို့ တိတိကျကျပြဋ္ဌာန်းထားပါတယ်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က (၁၉၉၆) ခုနှစ်၊ မတ်လ (၂၅) ရက်နေ့တုန်းကလည်း အာဏာပိုင်တွေဆီကို "ပထမအကြိမ် ပြည်သူ့ လွှတ်တော်အစည်းအဝေး ခေါ်ယူကျင်းပမဲ့ ရက်သတ်မှတ်ဖို့၊ ပြည်သူ့လွှတ်တော်ကိုယ် စားလှယ်တွေ ညှိနှိုင်းဆောင်ရွက်ရေးအတွက် စီစဉ်ပေးဖို့" တာဝန်သိစွာနဲ့ အကြောင်း ကြားခဲ့ပါသေးတယ်။ ဒါပေမယ့် အာဏာပိုင် တွေဘက်က အကြောင်းပြန်ကြားခဲ့တာ မရှိခဲ့ပါဘူး။ (၁၉၉၁) ခုနှစ်၊ ဇူလိုင်လ (၁၀) ရက်နေ့မှာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပြဋ္ဌာန်းတဲ့ (၁၉၈၉) ခုနှစ်၊ မေလ (၃၁) ရက်နေ့မှစပြီး အာဏာတည်တယ်လို့ မှတ်ယူရမယ်လို့ ဥပဒေနောက်ကြောင်းပြန် ပြီး အာဏာပိုင်တွေက ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်တဲ့ဥပဒေ ထုတ်ပြန်ခဲ့တဲ့အပြင် "ပြည်သူ့လွှတ်တော်ရွေး ကောက်ပွဲဥပဒေပါ ငြိမ်ဝပ်ပိပြားမှုဆိုင်ရာ ပြစ်မှုနှင့် အကျင့်စာရိတ္တပျက်ပြားမှုနှင့်ပတ် သက်သောပြစ်မှုများကို သတ်မှတ်တဲ့အမိန့်" ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီ အမိန့်ပေါ်မူတည်ပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည် ပိုင်ခွင့်မရှိကြောင်း ပြဋ္ဌာန်းခဲ့ရုံမက တချို့ လွှတ်တော်ကိုယ်စားလှယ်တွေကို (၁၀) နှစ် အတွင်း ကျင်းပမဲ့ရွေးကောက်ပွဲတွေမှာ ပါဝင် ရွေးကောက်ခွင့်မရှိဆိုပြီး ဥပဒေနောက် ကြောင်းပြန်ပြီးပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီလို နိုင်ငံတကာစံတွေနဲ့မကိုက်ညီတဲ့၊ နောက် ကြောင်းပြန် အာဏာသက်ရောက်တဲ့ ဥပဒေ ထုတ်ပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ်က ပယ်ဖျက်ခဲ့တာတွေဟာ တရားမဝင်ပါဘူး။ ကွယ်လွန်သူ (၇၃) ဦး ရှိတယ်ဆိုရင် နိုင်ငံ တကာစံတွေနဲ့အညီ ကြားဖြတ်ရွေးချယ် တင်မြှောက်ပွဲတွေ လုပ်ပေးရမှာကို လုပ်ပေး ခဲ့ခြင်းမရှိပါဘူး။

မိုးကြိုး ။ ။ ဗိုလ်မှူးချုပ် ကျော်ဆန်း က " ကနေ့အခါမှာ ပြည်သူလူထုအနေနဲ့ အဲန်အယ်လ်ဒီကို လုံးဝမထောက်ခံတော့ ပါဘူး။ ဒီ့အပြင်လည်းပဲ အဲန်အယ်လ်ဒီရဲ့ မှားယွင်းတဲ့လုပ်ရပ်တွေကြောင့်၊ နိုင်ငံတော်ကို သစ္စာဖောက်တဲ့လုပ်ရပ်တွေကြောင့် သူတို့ရဲ့ အဲန်အယ်လ်ဒီအဖွဲ့ဝင်များကိုယ်တိုင်ကိုက အဲန်အယ်လ်ဒီကိုမယုံကြည်တော့ပဲနဲ့ အဖွဲ့ဝင် အဖြစ်က နုတ်ထွက်ခဲ့ကြပါတယ်။ ကနေ့အထိ လဲပဲ တဖွဲဖွဲနဲ့ နုတ်ထွက်နေဆဲဖြစ်ပါတယ်။" လို့ပြောသွားပါတယ်။ အဲဒါနဲ့ပတ်သက်လို့ ရော။

ဦးခင်ကျော်ဟန် ။ ။ အဲန်အယ်လ်ဒီ ဟာ ပြည်သူလူထုရဲ့ထောက်ခံမှု အပြည့်အဝ ရနေဆဲပါ။ အဖွဲ့ချုပ်ဗဟိုကလွဲရင် တပြည်လုံး မှာရှိတဲ့ အဲန်အယ်လ်ဒီရုံးတွေကို အာဏာပိုင် တွေကိုယ်တိုင် စနစ်တကျအစီအစဉ်ရှိရှိ ကျူးလွန်ခဲ့တဲ့ (၂၀၀၃) ခုနှစ်၊ မေလ (၃၀) ရက်နေ့ကဖြစ်ခဲ့တဲ့ အကြမ်းဖက်လုပ်ကြံမှုကြီး အပြီးမှာ ချိတ်ပိတ်ထားခဲ့တာ ဒီနေ့အထိပါ ဘဲ။ အဖွဲ့ချုပ်ရုံးတွေပြန်ဖွင့်ပေးပြီး နိုင်ငံ တကာစံတွေနဲ့အညီ လွတ်လွတ်လပ်လပ် လှုပ် ရှားခွင့်ပေးမယ်ဆိုရင် လူထုကအမှန်တကယ် ထောက်ခံမှု ရှိမရှိသိနိုင်မှာပါ။

❖

စာမျက်နှာ (၄) ဇွန်မိုး ဆောင်းပါးမှ...

သည်ထက်စုံအောင်လုပ်လာတယ်။

ပထမအဆင့် ဒီဘက်ကဒီမိုကရေစီရေး အတွက် လှုပ်ရှားနေကြတဲ့အဖွဲ့အစည်းတွေ ကို တရားမဝင်အဖွဲ့အစည်းများဖြစ်ကြောင်း ကြေညာတယ်။

ဒုတိယအဆင့် ဗုံးတွေကိုယ်ကိုယ်တိုင် လှည့်ပတ်ခွဲပြီး စောစောက အဖွဲ့အစည်းတွေ ကိုပဲ အကြမ်းဖက်အုပ်စုတွေဖြစ်တယ်လို့ တံဆိပ်တွေထပ်ကပ်တယ်။

အရင်စစ်အုပ်စု ထိပ်သီးများလက်ထက် က ကွန်မြူနစ်အန္တရာယ်ရှိတယ်ဆိုပြီး လှုပ် ရှားမှုတိုင်းကို ဗမာပြည်ကွန်မြူနစ်ပါတီက လုပ်တာ၊ အဲဒီပါတီက နောက်က ကြိုးကိုင် လှုပ်ရှားတာဆိုပြီး တံဆိပ်ကပ်ခဲ့သလို ခုလည်း ကမ္ဘာမှာခေတ်စားနေတဲ့ အကြမ်း ဖက်ဝါဒဆန့်ကျင်ရေးနဲ့ ခေတ်မီမီဆွဲပြီးကပ် လိုက်တယ်။

စစ်အုပ်စုဟာ.... အမြော်အမြင်နည်း သလောက် ဥာဏ်နီဥာဏ်နက်ထုတ်ဖို့ကျတော့ နံပါတ်ဝမ်းမှဝမ်းပဲ။

တပြိုင်နက်တည်းမှာ.... အဲန်အယ်လ်ဒီ ဟာ အကြမ်းဖက်အုပ်စုတွေနဲ့ အဆက် အသွယ်ရှိကြောင်း အထောက်အထားအပြည့် အစုံရှိနေပြီဖြစ်တဲ့အတွက် မတရားသင်း အဖြစ် အချိန်မရွေးကြေညာနိုင်ပါတယ်လို့ ခြိမ်းခြောက်တယ်။

တတိယ အမတ်တွေ၊ ပါတီဝင်တွေ၊ စည်းရုံးရေးအဖွဲ့ဝင်တွေကို ခြိမ်းခြောက်တာ၊ သွေးခဲ့တာ၊ အခွင့်အရေးတချို့ပေးပြီး ဝယ် တာအပါအဝင် ပါတီကနေ နှုတ်ထွက်ခိုင်း တယ်။ ယုံတာတော့ ဘယ်သူမှမယုံကြဘူး။ ဒါပေမယ့် သူကတော့ ဆက်လုပ်နေတယ်။

ဟစ်တလာ့နည်းပဲ။ လိမ်သာလိမ်၊ လိမ်ပါ များရင် ယုံသွားလိမ့်မယ်ဆိုတဲ့နည်းပဲ။

တခုရှိတာက ခေတ်က ဟစ်တလာ ခေတ်လို အမှောင်ခေတ်မဟုတ်တော့ဘူး၊ သတင်းခေတ်၊ ဘာကိုမှ မှောင်ချဖုံးကွယ်ထား လို့မရတော့တဲ့ခေတ်ကို ရောက်လာနေပြီ။

အဲဒါကို 'ငါပြောရင် ယုံပါတော့လား' ဆိုတဲ့ပုံမျိုးနှင့် ဟန်နှင့် ပန်နှင့် ပြောဆိုနေတဲ့ ဗိုလ်မှူးချုပ်ကျော်ဆန်းရဲ့ အဖြစ်ကလည်း တကယ့်ကိုသနားဖွယ်ပါ။

စာမျက်နှာ (၁၁) ကော်လံ (၃) သို့...

# ကရင်နီပြည် ဖားဆောင်းမြို့နယ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စောတာရှူးတူး၏ သဘောထားထုတ်ပြန်ကြေညာချက်

(ဖဆပလ) အစိုးရလက်ထက်မှစတင်၍ ကရင်နီအမျိုးသားခုခံတော်လှန်ရေး အင်အားကို စစ်ရေးဖြင့်စတင်တိုက်ခိုက်လာပြီး၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) စစ်အုပ်စုလက်ထက်ရောက်ရှိလာချိန်တွင် ကရင်နီပြည်အပေါ် ထိုးစစ်ဆင်ခြင်း အရှိန် တိုးမြှင့်လာသည်နှင့်အမျှ ဗမာ့စစ်တပ်သည်လည်း ကရင်နီပြည် ပြည်သူလူထုအပေါ် နည်းမျိုးစုံဖြင့် ဖိနှိပ်ရက်စက်သတ်ဖြတ်မှု အမြင့်ဆုံးစံချိန်တင်ခဲ့ပါသည်။

ထိုသို့ စစ်တပ်၏ မတရားဖိနှိပ်ရက်စက်သတ်ဖြတ်မှုခံရသည့် ပြည်သူလူထုဘက်မှ တဖက်တလမ်းမှနေ၍ ကြားခံကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ကျနော်သည် ဖားဆောင်းမြို့နယ် မြို့နယ်အုပ်ချုပ်ရေးလုပ်ငန်း၊ ပါတီလုပ်ငန်းတို့တွင် ပါဝင်လုပ်ဆောင်ရင်း (၁၉၉၀) ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် (တစည) ကို ကိုယ်စားပြု၍ ဖားဆောင်းမြို့နယ် မဲဆန္ဒနယ်မှဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရပါသည်။

ကျနော်သည် ပါတီစုံကာလတွင် တစည‌နှင့်အခြားပါတီများအတွင်း ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားတန်းတူရေးအတွက် ဆက်စပ်ညှိနှိုင်းဆောင်ရွက်သွားနိုင်မည်ဟု ယူဆခဲ့သော်လည်း တစည‌ပါတီသည် ယခင်မဆလတပါတီအာဏာရှင်ကျင့်စဉ်အတိုင်း ဗဟိုဦးစီးစနစ်ချမှတ်လိုက်နာလုပ်ဆောင်နေသဖြင့် ဒီမိုကရေစီအခြေခံမူနှင့် လုံးဝဆန့်ကျင်ကြောင်း သိရှိခံစားခဲ့ရပါသည်။

နောက်ဆုံး တစည‌ပါတီသည် နအဖ၏ လမ်းညွှန်မှု (၇) ချက်ပါ Road Map နှင့် အခြေခံမူ (၁၀၄) ချက်တွင်ပါရှိသည့်အတိုင်း စစ်အုပ်စုက ပြည်သူတရပ်လုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ဆက်လက်ပြီး တရားဝင်ကျွန်ပြုနိုင်ရန် ညောင်နှစ်ပင် အတုအယောင်အမျိုးသားညီလာခံအပေါ် အပြည့်အဝထောက်ခံပူးပေါင်းလုပ်ဆောင်လာသဖြင့် ကျနော်သည် သမိုင်းတရားခံအဖြစ်မခံနိုင်၍ လွတ်မြောက်နယ်မြေသို့ ထွက်ခွာလာခြင်းဖြစ်ပါသည်။

ထို့ကြောင့် ကျနော်သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (မြန်မာနိုင်ငံ) (MPU)နှင့် ပူးပေါင်းပြီး ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားအင်အားစုများတို့နှင့် လက်တွဲကာ စစ်မှန်သောဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး အောင်မြင်သည်အထိ တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ရက်စွဲ ၂၀၀၆ ခုဧပြီလ(၂၂)
စောတာရှူးတူး
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ဖားဆောင်းမြို့နယ်မဲဆန္ဒနယ်

စောတာရှူးတူးသည် လွန်ခဲ့သော (၈) လကတည်းက ထိုင်းနိုင်ငံသို့ထွက်ခွာခဲ့ပြီး၊ နယ်စပ်ဒုက္ခသည်စခန်းတခုတွင် တိတ်တဆိတ်ခိုလှုံနေခဲ့သည်။ ၎င်းသည် ပြည်ပသို့ ပထမဆုံးထွက်ခွာခဲ့ရသော (တစည) လွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်သည်။




စောတာရှူးတူး

# နအဖ၏စွပ်စွဲချက်အပေါ် အတိုက်အခံဒီမိုကရေစီအင်အားစုများ ပြင်းပြင်းထန်ထန်တုံ့ပြန်

ပြီးခဲ့သည့်လက ဒီမိုကရေစီအရေးလှုပ်ရှားနေသော ပြည်ပအခြေစိုက် အဖွဲ့ (၄) ဖွဲ့ကို အကြမ်းဖက်အဖွဲ့များအဖြစ် နအဖက တံဆိပ်ကပ် စွပ်စွဲလိုက်သည်အပေါ် အဝေးရောက်ညွန့်ပေါင်းအစိုးရ (အဲန်စီဂျီယူဘီ) က ပြင်းပြင်းထန်ထန် ပြန်လည်တုံ့ပြန်လိုက်သည်။

ဧပြီလ (၁၄) ရက်နေ့စွဲဖြင့် ထုတ်ပြန်သော အဲန်စီဂျီယူဘီ၏ ကြေညာချက်တွင် နအဖ၏ အခြေအမြစ်မဲ့ပြီး၊ ကလေးဆန်သောစွပ်စွဲချက်သည် ဒီမိုကရေစီအရေးလှုပ်ရှားနေသောအဖွဲ့များကို သိက္ခာချခြင်း သက်သက်သာဖြစ်သည် ရေးသားထားသည်။

“ခွေးဟောင်တိုင်း ထကြည့်နေရင် အိပ်ရေးပျက်တယ်”ဟု နိဒါန်းချီထားသော ထုတ်ပြန်ချက်တွင် အဲန်စီဂျီယူဘီက ဆိုးရွားလာသော ပြည်တွင်းအခြေအနေနှင့် နိုင်ငံတကာတုန့်ပြန်မှုများကြောင့် နအဖသည် လုံခြုံမှုကင်းမဲ့နေပြီး၊ ပြဿနာပေါ်တိုင်း တရားခံလိုက်ရှာနိုင်ရန် အတိုက်အခံများကို ယခုကဲ့သို့ ဆိုးဆိုးရွားရွားစွပ်စွဲလိုက်ခြင်းဖြစ်ကြောင်းဖော်ပြထားသည်။

ဧပြီလ (၁၂) ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးလက်မှတ်ဖြင့် ထုတ်ပြန်သောကြေညာချက်တွင် အဝေးရောက် အမျိုးသားညွန့်ပေါင်းအစိုးရ၊ မြန်မာနိုင်ငံလုံး ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ )နှင့် မြန်မာနိုင်ငံအလုပ်သမားများသမဂ္ဂအဖွဲ့ချုပ်တို့ကို အကြမ်းဖက်အဖွဲ့များဖြစ်သည်ဟု ဖော်ပြထားသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ကျောင်းသားတပ်မတော်) ဥက္ကဋ္ဌ ကိုသံခဲက စစ်အုပ်စု၏ ယခုလုပ်ရပ်သည် ပြည်တွင်းပြည်ပမှ ဒီမိုကရေစီအရေး ကြိုးပမ်းသူများအားလုံးကို အစွမ်းကုန်ချေမှုန်းတော့မည့် ခြေလှမ်းတရပ်ဖြစ်သဖြင့် မြန်မာပြည်နိုင်ငံရေးအတွက် မကောင်းသော အလားအလာဖြစ်သည်ဟု သုံးသပ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ အတွင်းရေးမှူး ဦးမြင့်သိန်းက နအဖအုပ်စုသည် ပြည်သူကိုလက်နက်အားကိုး အုပ်ချုပ်နေသော လက်တဆုပ်စာလူစုဖြစ်ပြီး နအဖက အကြမ်းဖက်အဖွဲ့များအဖြစ် စွပ်စွဲထားသောအဖွဲ့များသည် မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ် ကျဆုံးအောင်ကြိုးပမ်းနေသော အဖွဲ့များဖြစ်သည်ဟုပြောသည်။

မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၏ ဥက္ကဋ္ဌ ဦးလှဦးက စစ်အုပ်စုသည် ဒီမိုကရေစီလိုလားသော အတိုက်အခံအဖွဲ့များနှင့် နိုင်ငံတကာမိသားစုကို အလွန်အမင်းထိတ်လန့်ကြောက်ရွံ့သည့်စိုးရိမ်သောကကို ယခုကြေညာချက်က သက်သေပြလိုက်သည်ဟုဆိုသည်။

ပြည်ပအခြေစိုက် မြန်မာနိုင်ငံရှေ့နေများကောင်စီကလည်း နအဖ၏ အတိုက်အခံအဖွဲ့များကို အကြမ်းဖက်သမားများအဖြစ် စွပ်စွဲချက်သည် ဥပဒေရှုထောင့်ကကြည့်လျှင် တရားဝင်မှုမရှိသောလုပ်ရပ်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ထားသည်။

❖

စာမျက်နှာ (၄) ဇွန်မှိုင်း ဆောင်းပါးမှအဆက်...

(၆)

ဒီလောက်ခေါင်းမာနေပြီဆိုရင် အကျိုးဆက်ကဘာလဲ။

ရှေ့လျှောက် ဘာတွေဖြစ်လာနိုင်မလဲ။

အမြော်အမြင် နည်းနည်းလောက်ရှိတယ်ဆိုရင်တောင် အဲန်အယ်လ်ဒီကို ဖျက်သိမ်းပစ်ဖို့၊ ၉၀ ရွေးကောက်ပွဲကို သရော်စော်ကားလုပ်ဖို့ စဉ်းစားရဲမယ်မဟုတ်ဘူး။

ဒါပေမယ့် နအဖစစ်အုပ်စုကတော့ ကမ်းကုန်အောင် ရူးသွပ်နေတာဆိုတော့ ဘာမဆိုလုပ်ရဲကောင်းလည်း လုပ်ရဲနိုင်တယ်။

အကုန်ဖမ်း၊ အကုန်ထောင်ချ၊ အကုန်ဖျက်သိမ်းလုပ်ကောင်းလုပ်လာနိုင်တယ်။

ဒါဆိုရင် ကျနော်တို့ဘာလုပ်ကြမလဲ။

အမေလူထုဒေါ်အမာက လူထုနည်းကလွဲရင် တခြားနည်းလမ်းမရှိနိုင်တော့ဘူးလို့ အခုလိုထောက်ပြထားတယ်။

“အဲန်အယ်လ်ဒီက ထွက်ပေါက်နဲ့ခေါ်တာပဲ။ ဒေါ်အောင်ဆန်းစုကြည်က ထွက်ပေါက်နဲ့ခေါ်လာခဲ့တာပဲ။ ဘာမှဖြစ်မလာဘူးနော်။ သူတို့ကိုယ်က ထွက်ပေါက်ကို မယူတာ။ သူတို့က ဘယ်လိုပဲ ထွက်ပေါက်ပေးပေး။ သူတို့ကမယူဘူး။ အဲဒီထွက်ပေါက်ကို ညောင်နှစ်ပင်ကနေပြီး လုပ်တာတွေလည်း ဘာမှ ဖြစ်လာမှာမဟုတ်ဘူး။ ဒီတိုင်းသာလုပ်နေရင်ဘာမှဖြစ်လာမှာမဟုတ်ဘူး။

တို့နိုင်ငံဟာ မမျှော်လင့်တာ မထင်မှတ်တဲ့နေရာကနေပြီးတော့ ပေါက်ကွဲလာတတ်တယ်။ အဲဒီတော့မှပဲ စခန်းကသိမ်းမှာကွ။ ငါတော့ ဒီလိုပဲထင်တာပဲ။ ပေါက်ကွဲမှဖြစ်မယ်ထင်တာပဲ။

စိတ်ပျက်နေရုံနဲ့တော့မရဘူး။ ငါ့သားရဲ့နော်။ တခုခုလုပ်ရမှာပဲ။ လုပ်စရာတွေကို လူထုနည်းနဲ့ လမ်းရှာချရမှာပဲ။ ဒီလိုမဟုတ်ဘဲနဲ့တော့ ဘာမှဖြစ်လာမှာမဟုတ်ဘူး။ သူတို့ကတော့ ဒီတိုင်းပဲသွားနေတာ။” ဒါ သေချာတယ်။ အဲန်အယ်လ်ဒီဦးဆောင်တဲ့ ကျနော်တို့အင်အားစုတွေဟာ လူထုရဲ့အကာအကွယ်နှင့်ပဲရပ်ခံစရာရှိတယ်။ လူထုဟာ ကျနော်တို့ရဲ့ မှီခိုအားထားရာ။ အနိုင်းမဲ့တဲ့၊ မယုံကြည်နိုင်လောက်တဲ့ စွမ်းပကားတွေ လူထုဆီမှာရှိတယ်။

ဗကသများအဖွဲ့ချုပ် ဥက္ကဋ္ဌ ကိုမင်းကိုနိုင်က လူထုကြီးရဲ့ အရေးပါမှုနဲ့ပတ်သက်ပြီး အခုလို အလေးအနက်ပြောဆိုထားပါတယ်။

“လက်ရှိအစိုးရ တရပ်ကနေပြီးတော့ ငြင်းတယ်ဆိုတဲ့နေရာမှာ ပြန်ကြည့်လိုက်ပါ။ ဟိုး (၈၈) တုန်းကလဲ သူတို့ငြင်းခဲ့တာပဲ။ ပြည်သူလူထုက ပါတီစုံဒီမိုကရေစီကိုတောင်းတယ်။ ငြင်းခဲ့တာပဲလေ။ နောက်ဆုံးတော့ ဘာဖြစ်သွားလဲဆိုတော့ ကျနော်တို့လူထုက တကယ့်အင်နဲ့အားနဲ့ လူပင်လယ်ကြီးကို ဖြန့်ပြလိုက်တဲ့အချိန်၊ လူလှိုင်းလုံးကြီးတွေကို လှိမ့်ပြလိုက်တဲ့အခါကျတော့ နောက်ဆုံးကြတော့ ပါတီစုံဒီမိုကရေစီကို ပေးပါ့မယ်ဆိုပြီးတော့ သဘောတူလိုက်ရတော့တာပါပဲ။ နောက်ဆုံးငြင်းခဲ့တဲ့ပါတီကိုယ်တိုင် ဘယ်ရောက်သွားပြီလဲဆိုတော့ ဒီကနေ့အားလုံးအသိပဲ။ အဲဒီလိုပဲ အဲဒီအချိန်မှာ အာဏာသိမ်းလိုက်တဲ့တပ်ဆိုရင် ဘယ်လိုရှိခဲ့လဲ။ ပါတီစုံဒီမိုကရေစီကို လက်မခံပါဘူးလို့ တပ်မတော်ကိုယ်စားလှယ်အနေနဲ့ ကန့်ကွက်ခဲ့တာပဲ။ နောက်ဆုံးကျ ပါတီစုံပေးပါမယ်ဆိုပြီး ကတိပြုပြီးတော့ အာဏာသိမ်းပြီးတော့ တက်လာခဲ့ရတာပါ။ ဆိုလိုချင်တာက ကျနော်တို့ပြည်သူလူထုမှာ တကယ့်တကယ် အပြောင်းအလဲတခုကို ပြုစွမ်းနိုင်တဲ့ အင်အားတကယ်ရှိပြီလားဆိုရင်။ အဲဒီလိုအချိန်မျိုးမှာ ဘယ်ပုဂ္ဂိုလ်မှ မငြင်းနိုင်ဘူး။ ဟောဒီမြေပြင်ပေါ်က ပုဂ္ဂိုလ်တင်မကဘူး၊ မိုးပေါ်က သိကြားမင်းလည်း မငြင်းနိုင်ဘူး။ ကျနော်တို့မှာ အင်အားရှိဖို့ အရေးကြီးဆုံးလို့ ကျနော်ပြောချင်တယ်။”

(၇)

(၂၀၀၆) ဟာ တကယ့်ကို မိုးထဲရေထဲနှစ်ဖြစ်ပြီလို့ ကျနော်ဆိုချင်တယ်။ ပိုပြီး ကြမ်းသထက်ကြမ်းလာနိုင်တယ်။ ဘယ်လမ်းကိုရွေးချယ်မှာလဲ။ အနုလား အကြမ်းလား၊ သေချာတာကတော့ ကျနော်တို့မှာ ရွေးချယ်ခွင့်မရှိဘူး၊ ကျနော်တို့ စိတ်ဆန္ဒနဲ့လည်း မဆိုင်တော့ဘူး။

အုပ်စိုးသူ စစ်အုပ်စုက တိုက်ပွဲလမ်းကြောင်းဆီကို အဲန်အယ်လ်ဒီကို၊ စီအာရ်ပီပီကို၊ လူထုကြီးကို စက္ကန့်တိုင်းမှာ တွန်းပို့နေပါပြီ။ ကျနော်တို့ ပိုင်းပိုင်းဖြတ်ဖြတ် ရှိကြရပါလိမ့်မယ်။ လူထုနည်းနဲ့သာ အရာရာကိုကျော်လွှားလွန်မြောက်နိုင်မယ်ဆိုတဲ့တရားကို တလေးတနက်ယုံကြည်စွာစွဲကိုင်ကြရပါလိမ့်မယ်။

သေချာပါတယ်။ ကျနော်တို့အတွက် လူထုကြီးနှင့်အတူ ရဲရင့်တည်ကြည်စွာ ချီတက်ကြရုံမှတပါး တခြားလမ်းမရှိနိုင်တော့ပါ။ ။

ဇွန်မှိုင်း
၁၊ ၅၊ ၂၀၀၆

# အမေရိကန်စစ် တရုတ်စစ် ဗမာစစ်



အရည်အချင်း ညံ့ဖျင်းထုံထိုင်းထူအလှတဲ့ နအဖစစ်အုပ်စုဟာ လက်နက်ရောင်းစားတာ အံ့ခွနေပြီဖြစ်တဲ့ မရဏကုန်သည်တွေရဲ့ ရိတ်တာလှီးတာတွေ အင်ထုတာတွေကို ကျော်မကောင်း ကြားမကောင်းခံရတာများပါတယ်။ မြန်မာ့တပ်မတော်ထဲက အခုနောက်ပိုင်း လက်နက်ပစ္စည်းသစ်တွေ၊ လေယဉ်ရဟတ်ယဉ် စစ်ရေယဉ်သစ်တွေကို လက်တွေ့ကိုင်တွယ်နေရတဲ့ အရာရှိငယ်တွေ အကြပ်တပ်သားတွေ အသိဆုံးပါပဲ။ သဘာဝဓာတ်ငွေ့ ကံစမ်းမဲပေါက်ပြီး တခါမှမမြင်ဖူးတဲ့ငွေတွေကိုင်လာရလို့ အမ်အိုင်ဂျီ–၂၉ တို့၊ အနုမြူတို့ ဝယ်ဖို့အထိ အကြံကြီးပေမဲ့လည်း လူမိုက်နဲ့ငွေအတူမနေ ဆိုတဲ့စကားအတိုင်း...

ဂါမဏိ

နှစ်ဆယ့်တစ်ရာစုအဝင်မှာ အထူးသဖြင့် (၉/၁၁) အရေးအခင်းနောက်ပိုင်းမှာ ကမ္ဘာ့နိုင်ငံတွေဟာ ကိုယ့်စစ်တပ်ဖွဲ့စည်းမှုအနေအထားတွေ၊ မဟာဗျူဟာ နည်းဗျူဟာတွေကို ပြန်လည်သုံးသပ်ကြ ပြင်ဆင်ကြပါတယ်။ ဒီထဲက နိုင်ငံတချို့ကိုလေ့လာကြည့်ရအောင်။

အမေရိကန်စစ်တပ်ရဲ့ မဟာဗျူဟာသစ်ထဲမှာ ရေရှည်စစ်တိုက်နိုင်ဖို့၊ တပြိုင်ထဲမှာ စစ်ပွဲသုံးလေးပွဲ သို့မဟုတ် သုံးလေးနေရာတိုက်နိုင်ဖို့၊ နိုင်ငံအများအပြားမှာ အမေရိကန်တပ်တွေ လျှို့ဝှက်ချထားလှုပ်ရှားနိုင်ဖို့ မျှော်မှန်းထားတယ်။ အဓိက ဦးစားပေးအစီအစဉ်တွေကတော့ အထူးစစ်ဆင်ရေးတပ်ဖွဲ့ (ဝါ) ကွန်မန်ဒိုတပ်အရေအတွက်ကို (၁၅) ရာခိုင်နှုန်းတိုးမြှင့်ဖို့၊ မောင်းသူမဲ့ ထောက်လှမ်းရေး တိုက်ခိုက်ရေး စက်ရုပ်လေယာဉ်တွေကိုနှစ်ဆတိုးဖို့၊ ဇီဝစစ်ဆင်ရေးကိုတန်ပြန်ဖို့နဲ့ နျူကလီးယား၊ ဓာတု၊ ဇီဝစတဲ့ ဖျက်အားပြင်းလက်နက်တွေကိုဖော်ထုတ်ဖျက်ဆီးနိုင်မဲ့ အထူးတပ်တွေအသစ် ဖော်ထုတ်ဖို့ဖြစ်ပါတယ်။ အဲဒါတွေကတော့ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးနဲ့ သမရိုးကျမဟုတ်တဲ့ ခြိမ်းခြောက်မှုတွေကို ရင်ဆိုင်ရေးအတွက်ဖြစ်ပါတယ်။

သမရိုးကျခြိမ်းခြောက်မှုအတွက် အလားအလာအရှိဆုံးဦးတည်ပစ်မှတ်ကို တရုတ်နိုင်ငံလို့သတ်မှတ်ထားတာနဲ့အညီ တာဝေးပြေးစစ်လေယာဉ်တွေ အင်အားဖြည့်ရေးနဲ့ ရေငုပ်သင်္ဘောစစ်ဆင်ရေး စွမ်းရည်မြှင့်ရေးကိုစီမံကိန်းချထားတယ်။

ဆယ့်ကိုးရာစု နှစ်ဆယ်ရာစုနဲ့ မတူတာကတော့ ပင်လယ်ရပ်ခြားမှာ စစ်ဆင်နွှဲရေးအတွက်တင်မဟုတ်တော့ဘဲ သမရိုးကျမဟုတ်တဲ့ အမိမြေကာကွယ်ရေးအတွက်ပါ ထည့်စဉ်းစားလာရတာဖြစ်ပါတယ်။ တကမ္ဘာလုံးမှာ အကန့်အသတ်မရှိ လှုပ်ရှားနိုင်ဖို့လည်း စဉ်းစားလာတယ်။

ဒီလို ရည်မှန်းချက်ကြီးကြီးထားပေမဲ့ အမေရိကန်အစိုးရဟာ တခုလုံးတပ်အင်အားအရေအတွက်ကို တိုးချဲ့ဖို့နဲ့ လက်ရှိလက်နက်စနစ်တွေ ထူးထူးခြားခြား အပြောင်းအလဲလုပ်ဖို့တော့ အစီအစဉ်မရှိပါဘူး။ တဖက်မှာလည်း ပင်တဂွန်စစ်ဌာနချုပ်ဟာ လာမယ့်ငါးနှစ်ထက်ကျော်ပြီး ကမ္ဘာ့အနာဂတ်ကိုမှန်းဆနိုင်ဖို့ အခက်အခဲရှိတာကို ဝန်ခံထားသလို မဟာမိတ်မပါဘဲ အမေရိကန်စစ်တပ်တခုတည်းနဲ့ အောင်ပွဲမရနိုင်တာကိုလည်း အသိအမှတ်ပြုထားပါတယ်။ နောက်ငါးနှစ်ကျော်သွားရင် ဘယ်နေရာမှာ ဘာတွေဘယ်အချိန်ဘယ်လိုဖြစ်မယ်ဆိုတာ အင်မတန်မှန်းဆရခက်တယ်လို့ အမေရိကန်လက်ထောက်ကာကွယ်ရေးဝန်ကြီးကပြောပါတယ်။

သေချာတာကတော့ အရင်တုန်းက တင့်ကားတွေ၊ တိုက်လေယာဉ်တွေနဲ့ ဖျက်သင်္ဘောတွေကို အဓိကအားထားခဲ့ရာကနေ အခုအခါမှာ အကြမ်းဖက်ကွန်ယက်တွေ ချေမှုန်းရေး၊ ဖျက်အားပြင်းလက်နက်တွေကို တုန့်ပြန်ရင်ဆိုင်ရေး၊ တရုတ်၊ ရုရှားနဲ့ အိန္ဒိယလို အဓိကအင်အားကြီးနိုင်ငံတွေကို ရန်သူဖြစ်မသွားအောင် ထိန်းထားရေးနဲ့ အမိမြေကာကွယ်ရေးတို့ကို ဦးစားပေးလာရပါတယ်။ ပထမရည်မှန်းချက်နှစ်ခုအတွက် သုံးထောင့်တပ်ဖွဲ့၊ အထူးတပ်ဖွဲ့၊ ရေတပ်ပင်လယ်ဖျံတပ်ဖွဲ့ စတဲ့ကွန်မန်ဒိုတပ်တွေကို အရည်အချင်းမြှင့် အင်အားတိုးချဲ့မှာဖြစ်ပြီး အလှမ်းဝေးတဲ့နိုင်ငံတွေမှာစစ်ဆင်ဖို့ မောင်းသူမဲ့ စက်ရုပ်လေယာဉ်တပ်ဖွဲ့တွေလည်း ဖော်ထုတ်သွားမှာဖြစ်ပါတယ်။ တတိယ ရည်မှန်းချက်အတွက် အရပ်ဖက်ရေးရာဌာနတွေနဲ့ စိတ်ဓာတ်စစ်ဆင်ရေးဌာနတွေကို အင်အားတိုးအရည်အချင်းမြှင့်မှာဖြစ်ပြီး အမိမြေကာကွယ်ရေးအတွက်ကိုတော့ ပြည်တွင်းဆက်သွယ်ရေးစနစ်တွေနဲ့ အမိန့်ပေးကွပ်ကဲရေးစနစ်တွေ အရည်အချင်းမြှင့်ဖို့၊ သက်ဆိုင်ရာပြည်နယ် ဒေသန္တရအစိုးရတွေ၊ ပြည်ထောင်စုရဲ့ ပြည်နယ်ရဲနဲ့ ပြည်နယ်စောင့်တပ်တွေကြား ရှုပ်ထွေးမှုမရှိဖို့စီမံထားတယ်။

တရုတ်စစ်တပ်ကတော့ ကမ္ဘာ့နံပတ်(၁) အင်အားအကြီးဆုံး အမေရိကန်နိုင်ငံကိုရင်ဆိုင်နိုင်ဖို့အဓိကထားပြီး တဖက်ရန်ကိုတင်ကြိုဟန့်တားနိုင်မယ့် နျူကလီးယားတပ်ဖွဲ့ ပိုမိုအင်အားကောင်းမွန်ကြီးထွားရေး၊ တပ်ကိုအရေအတွက်လျှော့ချပစ်ပြီး အမာခံတရုတ်စစ်သားတွေကို အဆင့်မြင့်နည်းပညာသုံးလက်နက်တွေ ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်နိုင်အောင် လေ့ကျင့်ပေးရေးနဲ့ ကမ်းနီးပင်လယ်သွား မြန်နှုန်းမြင့် စစ်သင်္ဘောတွေတိုးချဲ့ရေး၊ သင်္ဘောဖျက်ဒုံးကျည်တွေတိုးချဲ့ရေးကို စီမံကိန်းချလုပ်ဆောင်နေပါတယ်။ အဲဒီစစ်သင်္ဘောတွေနဲ့ဒုံးကျည်တွေဟာ အမေရိကန်စစ်သင်္ဘောတွေရဲ့ အီလက်ထရွန်းနစ်ကာကွယ်ရေးစနစ်တွေကို ဖောက်ထွင်းနိုင်တဲ့ အဆင့်ရှိနေပါတယ်။

တရုတ်နိုင်ငံဟာ (၁၉၉၆) တုန်းက ထိုင်ဝမ်နဲ့တင်းမာချိန်မှာ အမေရိကန်လေယာဉ်တင်သင်္ဘောအုပ်စုနှစ်ခု ထိုင်ဝမ်ဘက်ကဝင်အင်အားပြခဲ့ပြီးနောက် နောက်တခါကျရင် အမေရိကန်စွက်ဖက်မှာကို ထိထိရောက်ရောက် တန်ပြန်နိုင်ဖို့ ခေတ်မီလက်နက်တွေကို လုံလုံလောက်လောက်တိုးချဲ့တပ်ဆင်ခဲ့တာ ဖြစ်ပါတယ်။ တရုတ်ရဲ့စီးပွားရေးက နှစ်စဉ် (၈–၉) ရာခိုင်နှုန်းတိုးတက်နေတဲ့အတွက် စစ်တပ်ကိုအဆင့်မြှင့်ဖို့ ငွေရေးကြေးရေး ဘာမှမပူရပါဘူး။

အခုချိန်ထိတော့ တရုတ်ဆီမှာ ထိုင်ဝမ်ကိစ္စကို အဆုံးအဖြတ်ပေးနိုင်လောက်တဲ့ လက်နက်စနစ်အသစ်အဆန်းတော့ မရှိသေးဘူးလို့ လေ့လာသူတွေကဆိုကြပေမဲ့ အမေရိကန်အနေနဲ့ အလွယ်တကူနဲ့ ဗိုလ်ကျနိုင်မယ့်အနေအထားမျိုးတော့ မရနိုင်တော့ဘူးလို့သုံးသပ်နေကြပါတယ်။ တရုတ်ပြည်ဟာ ဟိုတချိန်က နည်းပညာအဆင့်နိမ့်ပြီး လူအင်အားအရေအတွက်ကို အဓိကထားတဲ့ စစ်ရေးကနေ အခုအခါ ကွန်ပျူတာ၊ ဂြိုလ်တုနဲ့အီလက်ထရွန်းနစ် လက်နက်တွေလို အဆင့်မြင့်နည်းပညာအခြေပြုစစ်ရေးကို အနှစ်နှစ်ဆယ်ကျော် လှည့်ပြောင်းလာခဲ့ရာမှာ လာမယ့်နှစ်အနည်းငယ်အတွင်းမှာ ထူးထူးခြားခြားအဆင့်မြင့်လာနိုင်တယ်လို့ လေ့လာသူတွေက တွက်ချက်ကြပါတယ်။ "သူတို့စိုက်ပျိုးခဲ့တာတွေကို ရိတ်သိမ်းမယ့်အချိန် ရောက်လာပြီ"လို့ ထိုင်ဝမ်ကာကွယ်ရေးအရာရှိဟောင်းတယောက်က ဆိုပါတယ်။ တရုတ်စစ်တပ်ရဲ့ အဆင့်သစ်ကိုပြတဲ့ လက္ခဏာတခုကတော့ အာဏာအရှိဆုံး ဗဟိုစစ်ကော်မရှင်မှာ အရင်ကကြည်းတပ်ကသာ လွှမ်းမိုးထားခဲ့ရာက အခုပထမဆုံးအကြိမ်အဖြစ် လေတပ်ဦးစီးချုပ်၊ ရေတပ်ဦးစီးချုပ်နဲ့ အမှတ် (၂) လက်နက်ကြီးတပ်လို့ခေါ်တဲ့ နျူကလီးယားလက်နက်တပ်မှူးတို့ ဗဟို စစ်ကော်မရှင်အဖွဲ့ဝင်ဖြစ်လာကြပါတယ်။

မဟာဗျူဟာမြောက် နျူကလီးယားတပ်ဖွဲ့အခြေအနေကလည်း အဆင့်သစ်တရပ်ကို ရောက်လုနီးဖြစ်နေပါပြီ။ တိုက်ချင်းပစ်နျူကလီးယားဒုံးပျံ (၁၆) စင်းတင်နိုင်တဲ့ ရေငုပ်သင်္ဘောကို ရေချလိုက်နိုင်ပြီဖြစ်လို့ အမေရိကန်ရဲ့ နျူကလီးယားတိုက်ခိုက်မှုက လွတ်အောင်ရှောင်ပြီး အမေရိကန်ပြည်မကို တန်ပြန်နျူကလီးယားတိုက်ခိုက်နိုင်စွမ်း ရသွားပြီဖြစ်ပါတယ်။ ဒါ့အပြင် တိုက်ချင်းပစ်နျူကလီးယားဒုံးပျံတွေကိုလည်း အဆင့်မြှင့်တာတွေအတော်များများ လုပ်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့် တရုတ်ပြည်မကနေ အမေရိကန်တနိုင်ငံလုံးကို နျူကလီးယားထိပ်ဖူးတပ်ဒုံးပျံနဲ့ နေရာမရွေး ပစ်နိုင်နေပြီဖြစ်ပါတယ်။ တရုတ်ရဲ့ရည်ရွယ်ချက်က အမေရိကန်ကို အနုမြူလက်နက်နဲ့လှမ်းပစ်ဖို့တော့မဟုတ်ပါဘူး။ ဒါပေမယ့် အမေရိကန်တွေ ထိုင်ဝမ်ကိစ္စလိုမျိုးမှာ ဝင်စွက်မယ်ကြံရင် အနည်းဆုံးနှစ်ခါလောက်ပြန်စဉ်းစားအောင် ကြိုဟန့်တဲ့သဘောသာဖြစ်ပါတယ်။

တရုတ်အတွက် ထိုင်ဝမ်ကိစ္စလို အရေးပါလာတာကတော့ စီးပွားရေးတိုးတက်မှုနဲ့အညီ ပင်လယ်ရပ်ခြားက လောင်စာအရင်းအမြစ်လမ်းကြောင်းတွေ လုံခြုံရေးအာမခံဖို့ဖြစ်ပါတယ်။ ဒါကြောင့်လည်း မြန်မာနိုင်ငံကိုကိုးကျွန်းနဲ့ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနဲ့ ကမ္ဘောဒီးယားစတဲ့ "ပုလဲကုံး" မဟာဗျူဟာချပြီး လောင်စာလမ်းကြောင်းထိန်းဖို့ ကြိုးစားနေပါတယ်။

ထိုင်ဝမ်သိမ်းရေးဗျူဟာကတော့ ဒုတိယကမ္ဘာစစ်က နော်မန်ဒီကမ်းခြေမှာ ကမ်းတက်တိုက်တဲ့ပုံစံမျိုးတော့ မဖြစ်နိုင်သေးပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ တရုတ်နိုင်ငံရဲ့ လက်ရှိကမ်းတက်စစ်ရေယာဉ်အင်အားက တပ်မတခုလောက်ကိုပဲ ရွှေ့ပေးနိုင်တဲ့ အခြေအနေရှိပါတယ်။ ဒါကြောင့် ပိုဖြစ်ဖို့များတာက အဆင့်မြင့်နည်းပညာနဲ့ ပစ်မှတ်အတိအကျလှမ်းပစ်တာမျိုး၊ ကွန်ပျူတာစစ်ပွဲမျိုးကို ပိုလုပ်နိုင်ပါတယ်။ အဲဒါမျိုးလုပ်ရင် ထိုင်ဝမ်စီးပွားရေးအင်မတန်အထိနာပြီး ဒူးထောက်ကျသွားနိုင်ပါတယ်။

တဖက်မှာလည်း တရုတ်လေတပ်ဟာ အခုချိန်ထိတော့ ဝေဟင်မှာပျံရင်း ဆီဖြည့်တဲ့ပညာ၊ ဂြိုလ်တုအသုံးချလေကြောင်း စစ်ဆင်နည်းပညာ၊ ဝေဟင်အခြေပြု ရေဒါထောက်လှမ်းရေးနဲ့ကွပ်ကဲရေးပညာ၊ ဂျီပီအက်စ်စနစ်သုံး ဒုံးကျည်ပဲ့ထိန်း ပညာတွေကိုတော့ မပိုင်နိုင်သေးဘဲ စမ်းတဝါးဝါး အဆင့်ပဲရှိပါသေးတယ်။ ကမ္ဘာ့အကောင်းဆုံးတိုက်လေယာဉ်လို့ နာမည်ကြီးနေတဲ့ ရုရှားလုပ် အက်စ်ယူ–၃၀ တိုက်လေယာဉ် အစင်း (၂၀၀၀) လောက်ကို လာမယ့် (၁၅) နှစ်အတွင်း ဝယ်ယူတပ်ဆင်ဖို့တော့ စီစဉ်ထားပါတယ်။ ခေတ်မမီတော့တဲ့ ဟောင်းအိုစုတ်ချာတဲ့လေယာဉ်တွေ၊ လက်နက်တွေကိုတော့ နအဖလို ငထူငအတွေ၊ လူသိနတ်ကြားအရောင်းအဝယ်မလုပ်ရဲတဲ့ အာဏာရှင်တွေကိုရောင်းထုတ်ပစ်မှာ မြေကြီးလက်ခတ်မလွဲပါဘူး။

အမေရိကန်နဲ့ တရုတ်စစ်ရေးတွေပြီးတော့ နအဖရဲ့ မြန်မာ့စစ်ရေးကို လှည့်ကြည့်ကြပါစို့။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူမယ့်အလားအလာဟာ နအဖအတွက် အကြီးဆုံးအိပ်မက်ဆိုးပဲဖြစ်ပါတယ်။ ဒါ့ကြောင့် အဲဒါကို ကာကွယ်ဟန့်တားဖို့၊ တကယ်လို့ဖြစ်လာခဲ့ရင် ပြန်တိုက်ဖို့ဟာ အဓိကစစ်မဟာဗျူဟာ ဖြစ်ပါတယ်။ ဒီတော့ ပထမရည်မှန်းချက်အတွက် တရုတ်၊ အိန္ဒိယ၊ ထိုင်းနဲ့ အာဆီယံနိုင်ငံတွေ၊ ဂျပန်နဲ့ ဥရောပကပြင်သစ်လို နိုင်ငံတချို့ကို စီးပွားရေးမက်လုံးတွေနဲ့ စည်းရုံးဖို့၊ ဝါဒဖြန့်လော်ဘီလုပ်ငန်းတွေ များများလုပ်ဖို့စီမံထားတယ်။

ဒုတိယရည်မှန်းချက်အတွက် အာဖဂန်နစ္စတန်က မြောက်ပိုင်းမဟာမိတ်အဖွဲ့၊ အီရတ်နိုင်ငံက ဆဒ္ဒမ်ဟူစိန်လက်ထက် ကာ့ဒ်သူပုန်နဲ့ ရှအာအတိုက်အခံတွေကို အမေရိကန်အသုံးချသလိုမျိုး အသုံးမချနိုင်အောင် နယ်စပ်တလျှောက်က အပစ်ရပ်ရပ် မရပ်ရပ် လူမျိုးစုလက်နက်ကိုင်တွေကိုကြိုတင်ပြီး အပြတ်ရှင်းထားဖို့၊ မြန်မာနိုင်ငံကိုတိုက်တဲ့အခါ အဓိကခြေကုတ်ဖြစ်စရာရှိတဲ့ ထိုင်းနိုင်ငံကို သူ့ရဲ့လေကြောင်းနဲ့ရေကြောင်းအားသာမှုတွေ အပြည့်အဝအသုံးမချနိုင်ခင် စစ်ပွဲစပြီးရက်ပိုင်းအတွင်း ဗမာစစ်တပ်ရဲ့

စာမျက်နှာ (၁၉) ကော်လံ (၁) သို့....

# လှသောဂိမ်း

**ညိုမြာ**

''.... ကျမတို့ဟာ ခွင့်လွှတ်နိုင်တဲ့ နေရာမှာ ခွင့်လွှတ်ရမှာပဲ။ ဒီဟာကို တချို့က သဘောမကျမယ့် သူတွေလည်းရှိတယ်ဆိုတာ ကျမတို့သိပါတယ်။ တော်တော်ခံခဲ့ရတဲ့သူတွေကိုတော့ ဒါ ဒို့ကတော့ ခံခဲ့ရတာပေါ့။ သူတို့ကတော့ သိပ်မခံရတော့ သည်းညည်းခံမယ်။ ခွင့်လွှတ်မယ်ဆိုတာ ပြောရလွယ်ပါတယ်။ ဒို့ကတော့ ခံခဲ့ရတဲ့လူတွေပဲ။ ဒီလိုစိတ်ထားတွေ ရှိတယ်ဆိုတာလည်း ကျမသိပါတယ်။ ဒါပေမယ့် ကျမတို့အားလုံးဟာ တနိုင်ငံလုံးရဲ့ အနာဂတ်အတွက်ကို စဉ်းစားရမှာပါ။ ကိုယ့်ရဲ့ခံစားချက်တွေ၊ ကိုယ့်ရဲ့ တဦးချင်းနာကြည်းချက်တွေကို စဉ်းစားလို့မရဘူး။ တဦးချင်းပဲဖြစ်ဖြစ်၊ တဖွဲ့ချင်းပဲဖြစ်ဖြစ်၊ အုပ်စုတစုပဲဖြစ်ဖြစ်၊ တနိုင်ငံလုံးပဲဖြစ်ဖြစ်၊ နာကြည်းချက်တွေကို အဓိကထားပြီး ကျမတို့စဉ်းစားလို့ မဖြစ်ပါဘူး။ ကျမတို့ဟာ အနာဂတ်ကို ဘယ်လိုကောင်းအောင်တည်ဆောက်မလဲ။ အေးချမ်းတဲ့ အနာဂတ်တခု ဖြစ်အောင် ကျမတို့ဘယ်လိုလုပ်မလဲဆိုတာကို အဲ့ဒါကို အဓိကထားပြီး လုပ်သွားရမှာ ဖြစ်ပါတယ် .... ''

ဒေါ်အောင်ဆန်းစုကြည် (၂၁၊ ၂၊ ၂၀၀၀)

(၂)

(၂၀၀၂) ခုနှစ်၊ မတ်လတုန်းက အဖွဲ့အစည်းတခုက ဦးဆောင်ပြီး ဥပဒေရေးရာ သင်တန်းကို ထိုင်း–မြန်မာ နယ်စပ်တနေရာမှာ ပြုလုပ်ခဲ့ပါတယ်။ အဲဒီသင်တန်းမှာ ကျမအပါအဝင် အဖွဲ့အစည်းအသီးသီးမှ သင်တန်းသား (၃၀) ကျော်တက်ရောက်ခဲ့ပါတယ်။ သင်တန်းကာလက (၃) လပါ။ အဲဒီမှာ သင်တန်းအပါတ်စဉ်တပါတ်မှာ ဘာသာရပ်တခုစီ ဝင်ရောက်ပြီး သင်ကြားပါတယ်။ သီတင်းတပတ်မှာတော့ ''အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုရှာဖွေရေး'' (Transational Justice) ဆိုတဲ့ခေါင်းစဉ်နဲ့ ပတ်သက်ပြီး နိုင်ငံခြားမှ ဧည့်သည်တစု လာပြီးပို့ချပါတယ်။ တောင်အာဖရိကနဲ့ရဝမ်ဒါ .... စတဲ့နိုင်ငံတို့ရဲ့ အသွင်ကူးပြောင်းခဲ့တဲ့ကာလကို အသေးစိတ်ရှင်းပြပါတယ်။ အဲဒီကာလမှာ အမှန်တရားရှာဖွေရေး ကော်မရှင် (Truth Commission) ကို ဘယ်လိုဖွဲ့စည်းရမယ်၊ ဘယ်သူတွေ ပါဝင်သင့်တယ်ဆိုတာကို အသေးစိတ်ရှင်းပြခဲ့ပါတယ်။ အဲဒါနဲ့တင် တနေ့ကုန်သွားပါတယ်။ ပို့ချမှုက တော်တော်ကောင်းပါတယ်။ ကျမတို့အတွက် ဗဟုသုတနဲ့ နမူနာတွေလည်း အများကြီးရပါတယ်။

ညနေ (၆) နာရီမှ (၈) နာရီအထိ သင်တန်းပြန်စရပါတယ်။ အဲဒီမှာ နေ့ဘက်က ဆွေးနွေးပို့ချတဲ့ အချက်အလက်တွေကို ကိုယ်နားလည်သလို တစ်ဦးချင်း အပြန်အလှန်ပြန်ဆွေးနွေးရပါတယ်။ အဲဒီညနေဘက် ဆွေးနွေးပွဲမှာ ( Gap Speaker ) အဖြစ် ဥပဒေရေးရာ သင်တန်းပို့ချတဲ့အဖွဲ့အစည်းကတာဝန်ရှိသူတယောက်က အလှည့်ကျလာပါတယ်။ အဲဒီညနေမှာတော့ ''မြန်မာနိုင်ငံ၌ အသွင်ကူးပြောင်းရေးကာလ အမှန်တရားဖော်ထုတ်ရေး'' ဆိုတဲ့ ခေါင်းစဉ်နဲ့အုပ်စု (၄) စုဖွဲ့ပြီး တဖွဲ့ချင်းစီရဲ့ ဆွေးနွေးမှုတွေကို ပြန်လည်တင်ပြဆွေးနွေးရမှာဖြစ်ပါတယ်။

ကျမတို့ရဲ့ အဖွဲ့မှာတော့ အားလုံး (၈) ယောက်ရှိပါတယ်။ ကျမတို့အဖွဲ့မှာ စပြီးသဘောထားကွဲလွဲတာကတော့ ကျမနဲ့ကျန်တဲ့ (၇) ယောက်နဲ့ပါ။ သူတို့က (၁၉၄၈) ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်း အာဏာပိုင်အဆက်ဆက်ကြောင့် ဆုံးရှုံးခဲ့ရတာတွေကို လျော်ကြေးပြန်တောင်းမယ်။ အခုလက်ရှိ အုပ်ချုပ်နေတဲ့ စစ်အာဏာရှင် နအဖကို ခုံရုံးတင်ပြီး သေဒဏ်ပေးမယ် .... စသဖြင့် အချက်အလက်တွေ အများကြီးပါပါတယ်။ အဲဒါကို ကျမက လက်မခံပါဘူး။ ဘာကြောင့်အတွက် လျော်ကြေးတောင်းမယ် .... စသဖြင့် အချက်အလက် တော်တော်စုံပါတယ်။ ကျမတို့ အုပ်စု (၄) အလှည့်ရောက်လာပါပြီ။ အဲဒီမှာ အားလုံးနဲ့ ဆန့်ကျင်ဖက် ဘာမှအရေးမယူထားပါဘူး။ နိုင်ငံရဲ့ အနာဂတ်ငြိမ်းချမ်းရေးအတွက် အားလုံးကို သင်ပုန်းချေပေးမယ်။ အရေးယူနေရင် နအဖဘက်ကလဲ ခံမှာမဟုတ်ဘူး။ ဝန်လည်းခံမှာ မဟုတ်ဘူး။ ရန်ရန်ချင်းပဲ ပြန်တုံ့ပြန်လိုက်မယ်။ အဲဒီအတွက်ပြည်တွင်းစစ်က ပြီးတော့မှာ မဟုတ်ဘူး



> တော်တော်ခံခဲ့ရတဲ့သူတွေကိုတော့ ဒါ ဒို့ကတော့ ခံခဲ့ရတာပေါ့။ သူတို့ကတော့ သိပ်မခံရတော့ သည်းညည်းခံမယ်။ ခွင့်လွှတ်မယ်ဆိုတာ ပြောရလွယ်ပါတယ်။ ဒို့ကတော့ ခံခဲ့ရတဲ့လူတွေပဲ။ ဒီလို စိတ်ထားတွေ ရှိတယ်ဆိုတာလည်း ကျမသိပါတယ်။ ဒါပေမယ့် ကျမတို့အားလုံးဟာ တနိုင်ငံလုံးရဲ့ အနာဂတ်အတွက်ကို စဉ်းစားရမှာပါ။ ကိုယ့်ရဲ့ခံစားချက်တွေ၊ ကိုယ့်ရဲ့ တဦးချင်းနာကြည်းချက်တွေကို စဉ်းစားလို့မရဘူး ...

လက်မခံရတာလဲဆိုတဲ့ အချက်တွေကိုလည်း သူတို့ကို ပြန်ရှင်းပြပါတယ်။ ကျမတို့နိုင်ငံရဲ့ အနာဂါတ်ငြိမ်းချမ်းရေးကို ဦးတည်ပြီး ဖြစ်နိုင်ချေရှိမယ့် အချက်တွေကို ဓမ္မဓိဋ္ဌာန်ကျကျစဉ်းစားဖို့ လိုတယ်ဆိုတာကိုလည်း ရှင်းပြပါတယ်။ တောင်အာဖရိကကတောင်အာဖရိက၊ ဗမာပြည်က ဗမာပြည်ဖြစ်နေတဲ့ အကြောင်းအရာတွေ မတူတဲ့အကြောင်း ရှင်းပြရတယ်။ အဲဒီအချိန်မှာ အခြားအုပ်စုတွေတော့ ဘယ်လိုစဉ်းစားလဲ မသိဘူးပေါ့လေ။ နောက်ဆုံး အချိန်တော်တော်ကြာယူပြီးမှ ကျမရဲ့အမြင်နဲ့ ဆွေးနွေးချက်တွေကို ကျမတို့အုပ်စုက လက်ခံသွားတယ်။ လက်တော့ခံသွားတယ်။ ဒါပေမယ့် အုပ်စုရဲ့ကိုယ်စား သူတို့ထွက်မဆွေးနွေးဘူး။ နင်ပဲထွက်ဆွေးနွေးလို့ ဆိုလာတယ်။ အိုကေ – ရပါတယ်။ ကျမပဲ ထွက်ဆွေးနွေးပါ့မယ်ပေါ့။

အုပ်စုလိုက် ဆွေးနွေးပြီးနောက် ကိုယ်စားလှယ်တဦးစီ ဆွေးနွေးတင်ပြပြီး အုပ်စု (၁)၊ (၂)၊ (၃) အသီးသီး ဆွေးနွေးတင်ပြသွားကြတယ်။ အသီးသီးတင်ပြဆွေးနွေးသွားကြတာ ကောင်းပါတယ်။ ပြောင်းလဲပြီးသွားရင် အင်းစိန်ထောင်ကို ပြတိုက်အဖြစ်ထားမယ်။ နအဖရဲ့ ပိုင်ဆိုင်မှုတွေကို ပြန်လည်သိမ်းယူမယ်။ လွတ်လပ်ရေးရပြီးနောက် စစ်အတွင်းသေဆုံးသွားတဲ့ သူတွေ .... စသဖြင့် ဆွေးနွေးတင်ပြခဲ့တယ်။

အဲဒီလိုဆွေးနွေးပြီးတဲ့နောက်( Gap Speaker ) လုပ်တဲ့သင်တန်းမှူးက ဖော်ပြပါ အချက်အလက်တွေကို ဆွေးနွေးတဲ့အတွက် ''မင်းဟာ ရန်သူ (နအဖ) လူလား'' ဆိုတဲ့ အသုံးအနှုန်းမျိုးကို သုံးတယ်။ ကျမအနေနဲ့ တော်တော်လေး စိတ်ပျက်မိတယ်။ အားမလို အားမရလည်း ဖြစ်မိတယ်။

(၃)

(၂၀၀၆) ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့စွဲနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အထူးကြေညာချက်တစောင် ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီမှာ....

* ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို (၁၉၉၀) ပြည့်နှစ်၊ မေလ (၂၇) ရက်နေ့တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။ အဆိုပါလွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်းခံကြရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က တရားဝင်ကြေညာပေးခဲ့ပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံ ပြန်တမ်းတွင်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မိမိတရားဝင်ထုတ်ပြန်ထားသည့် ဥပဒေအရ ပြည်သူ့လွှတ်တော်တရပ်ကို ခေါ်ယူဖွဲ့စည်းပေးရန် ဖြစ်ပါသည်။

ယင်းပြည်သူ့လွှတ်တော်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအား (dejure) (ဥပဒေအရ အုပ်ချုပ်သောကောင်စီ) ဖြစ်လာစေရန် ကြေညာပေးရန်လိုအပ်ပါမည်။ အဘယ်ကြောင့်ဆိုသော် ပြည်သူ့လွှတ်တော်ကသာ ဤသို့ ကြေညာနိုင်သည့် အခွင့်အာဏာရှိပါသည်။ အခြားမည်သည့်အဖွဲ့တွင်မျှ ထိုသို့ကြေညာပေးရန် အခွင့်အာဏာမရှိပါ။ ယခုမူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် (defacto) (ဥပဒေအရမဟုတ်ဘဲ လက်တွေ့အုပ်ချုပ်နေသော ကောင်စီ) သာဖြစ်နေပါသည်။

ဒါကိုကြည့်ခြင်းအားဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ တိုင်းပြည်ရဲ့အဘက်ဘက်က ယိုယွင်းနေတဲ့အခြေအနေကိုကြည့်ပြီး တိုင်းပြည်ကောင်းစားရေးအတွက် ရှေ့ရှုပြီး နအဖကို တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းပေါ်ရောက်လာအောင် အလျှော့ပေးလမ်းဖွင့်ပေးလိုက်တာပဲဖြစ်တယ်လို့ ကျမယူဆတယ်။ ဒီချုပ်ရဲ့ ခေါင်းဆောင်များဟာ နိုင်ငံရေးအရ အပေးအယူလုပ်ပြီး ပေါက်ကွဲပျက်စီးတော့မယ့် တိုင်းပြည်အခြေအနေကို အချိန်မှီ ပြုပြင်ပြောင်းလဲနိုင်အောင် နအဖကို လက်ကမ်းကြိုဆိုလိုက်တာဖြစ်တယ်လို့ ကျမအနေနဲ့ ယုံကြည်တယ်။ ဒီကမ်းလှမ်းချက်ကို နအဖအနေနဲ့ (၂၀၀၆) ခုနှစ်၊ ဧပြီ (၁၇) ရက်၊ မြန်မာနှစ်ဆန်း (၁) ရက်နေ့ နောက်ဆုံးထားပြီး အကြောင်းပြန်ပေးဖို့ ပထမခြေလှမ်းအဖြစ် ဖန်တီးပေးလိုက်ပါတယ်။

သို့သော်လည်း နအဖအနေနဲ့အကြောင်းပြန်မှုတစုံတရာမရှိခဲ့ဘူး။ ယခု ဧပြီ (၂၀) ရက်နေ့စွဲနဲ့ ဒီချုပ်ဟာ ဒီအကြံပြုချက်ကို ထပ်မံအလျှော့ပေးပြီး ကမ်းလှမ်းပြန်ပါတယ်။ မေ (၂၇) နောက်ဆုံးထားပြီး အကြောင်းပြန်ပေးဖို့ ဖြစ်ပါတယ်။ လူထု ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကလည်း မြန်မာပြည်သူလူထုအတွက် အကျိုးပြုမယ့်ရလဒ်ကောင်းရဖို့ဆိုရင် ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြင်သာပြောင်းသာစွာနဲ့ တွေ့ဆုံဆွေးနွေးရမယ်လို့ မကြာခဏ ပြောခဲ့ပြီးဖြစ်ပါတယ်။ ဒုတိယအကြိမ် ကမ်းလှမ်းချက်ဟာ ဒီချုပ်အနေနဲ့ တမျိုးသားလုံးပြန်လည်ရင်ကြားစေ့ရေးအတွက် ထပ်မံအပေးအယူပြုလုပ်ပြီး ပြုပြင်ပြောင်းလဲနိုင်အောင် အကြီးမားဆုံး အလျှော့ပေးတာ ဖြစ်ပါတယ်။

(၄)

ဂျွန်နက်(ရှ)ရဲ့ ဂိမ်းသီအိုရီမှာ အခြေခံအရ ဂိမ်းနှစ်မျိုးရှိပါတယ်။ 'သုညဂိမ်း' Zero-Sum Game နှင့် 'သုညမဟုတ်သောဂိမ်း' Non-Zero-Sum Game တို့ဖြစ်ပါတယ်။ 'သုညဂိမ်း'မှာ အရှုံးအနိုင်အဖြေပေါ်လာပြီး ရှုံးသူနှင့် နိုင်သူထေလိုက်ပါက ရလဒ်မှာ သုညသာဖြစ်တယ်။ တခုလုံးအနေနဲ့ အကျိုးမများလှပါ။ သူသေကိုယ်ရှင် တိုက်ရတဲ့တိုက်ပွဲမျိုးဖြစ်တယ်။ 'သုညမဟုတ်သောဂိမ်း'မှာမူ 'ပလေရာ' နှစ်ဦးလုံး နိုင်ရင်နိုင်မယ်။ Win-Win -Game နိုင်–နိုင် ဆက်ဆံရေးဖြစ်တယ်။ ဒါမှမဟုတ် နှစ်ဦးလုံးရှုံးတာလည်း ဖြစ်နိုင်သေးတယ်။ Lost-Lost Game ရှုံး–ရှုံး ဆက်ဆံရေးဖြစ်တယ်။ တခုလုံးအနေနဲ့ ကြည့်ရင် ကောင်းကျိုး ဒါမှမဟုတ် ဆိုးကျိုး တစ်ခုခု ရနိုင်ပါတယ်။ သုညမဟုတ်ပါ။

ဂျွန်နက် (ရှ)ရဲ့ ဂိမ်းသီ အိုရီအရကြည့်ရင် 'အပေးအယူလုပ်ခြင်း' (Bargaining) ဟာ 'သုညဂိမ်း' မဟုတ်ပါဘူး။ သူသေကိုယ်ရှင် ဆက်ဆံရေးလည်းမဟုတ်ပါဘူး။ နှစ်ဦးနှစ်ဖက်အကျိုးရှိစေမယ့် 'သုညမဟုတ်တဲ့ဂိမ်း' ဖြစ်ပါတယ်။ သူမနာ ၊ ကိုယ်မနာ ဆက်ဆံရေးလို့ဆိုနိုင်ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေနဲ့ သတိချပ်ရမှာက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ တောင်းဆိုချက်များကို (Demand) နဲ့ ချဉ်းကပ်တာမဟုတ်ပါဘူး။ ကြားအဖြေ (Compromise) တခုကို ချိန်ရွယ်ပြီး အပြန်အလှန်အဆိုပြုတာဖြစ်ပါတယ်။

မေလ (၂၇) ရက်က တရွေ့ရွေ့နဲ့နီးကပ်လို့လာလေပြီ။ အနာဂတ်ဗမာနိုင်ငံအတွက် .... နအဖအနေနဲ့ ဘယ်လိုဂိမ်းမျိုးကစားမလဲ .... ၊ လှသောဂိမ်းလား ....။ ဒါမှမဟုတ် .... .... ....

❖

ညိုမြာ

(၂၃၊ ၄၊ ၂၀၀၆)

# ရွှေဓာတ်ငွေ့စီမံကိန်းဆန့်ကျင် ဆန္ဒပြပွဲများ ကမ္ဘာ့နိုင်ငံပေါင်း (၂၀) တွင်ကျင်းပ




ရွှေဓာတ်ငွေ့စီမံကိန်းကို ဆန့်ကျင် ဆန္ဒပြနေသူများ

ဧပြီလ (၁၈) ရက်နေ့ကို နိုင်ငံတကာ ရွှေဓာတ်ငွေ့စီမံကိန်း ဆန့်ကျင်လှုပ်ရှားမှုနေ့အဖြစ်သတ်မှတ်၍ ကမ္ဘာ့နိုင်ငံပေါင်း(၂၀) ကျော်တွင် မြန်မာ့အရေးလှုပ်ရှားသူများနှင့် လူ့အခွင့်အရေးအဖွဲ့များက ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

မြန်မာနိုင်ငံ အနောက်ဘက် ရခိုင်ပြည်နယ်တွင် အကောင်အထည်ဖော်နေသော ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းသည် လူအခွင့်အရေးချိုးဖောက်မှုများနှင့် သဘာဝပတ်ဝန်းကျင်ကိုဆိုးကျိုးဖြစ်စေရုံမျှမက မြန်မာနိုင်ငံတွင် စစ်တပ်အုပ်ချုပ်ရေး သက်ဆိုးရှည်အောင် အထောက်အပံ့ဖြစ်စေမည်ဟု ဆန္ဒပြသူများကဆိုသည်။

ရွှေဓာတ်ငွေ့စီမံကိန်းတွင် ရှယ်ယာအများဆုံးပိုင်ဆိုင်ထားသော တောင်ကိုးရီးယားအခြေစိုက် ဒေဝူးကုမ္ပဏီကို ဆန်ကျင်သည့်အနေဖြင့် မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ ထိုင်း၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ နယ်သာလန်၊ မလေးရှားစသောနိုင်ငံများရှိ တောင်ကိုရီးယားသံရုံးများရှေ့တွင် ရခိုင်အမျိုးသားအများစုပါဝင်သောအဖွဲ့များက ဒေဝူးကုမ္ပဏီ မြန်မာနိုင်ငံမှ ထွက်သွားရန်တောင်းဆိုခဲ့ကြသည်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူ မြို့တွင် Arakan League for Democracy က ဦးဆောင်ပြုလုပ်သော ဧပြီလ (၁၈) ရက်နေ့ ဆန္ဒပြပွဲတွင် ဆန္ဒပြသူ (၈၀) ကျော် အဖမ်းခံခဲ့ရပြီး၊ ထိုနေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်၌လည်း (၂၃) ဦးအဖမ်းခံခဲ့ရသည်။

မြန်မာပြည်အနောက်တောင် ကမ်းရိုးတန်းဘင်္ဂလားပင်လယ်အော်အတွင်းရှိ အဆိုပါသဘာဝဓာတ်ငွေ့လုပ်ငန်း၏ (၆၀%) ကို Daewoo International ကုမ္ပဏီကပိုင်ပြီး၊ ကျန်ရှယ်ယာများကို တောင်ကိုရီးယားနှင့် အိန္ဒိယနိုင်ငံ ကုမ္ပဏီများကပိုင်ကြသည်။

ဗြိတိန်နိုင်ငံတွင် မြန်မာအရေးလှုပ်ရှားမှုအဖွဲ့ ယူကေ၊ မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှုအဖွဲ့နှင့် ရခိုင်အမျိုးသားကျောင်းသား လူငယ်များကောင်စီ (AASYC) တို့ ပူးပေါင်းပြီး လန်ဒန်မြို့ဝယ်လင်တန်အရပ်ရှိ ဒေဝူးကုမ္ပဏီရုံးချုပ်ရှေ့မှာ ဆန္ဒပြခဲ့ကြ သည်။

အလားတူ ဩစတြေလျနိုင်ငံ၊ ဆစ်ဒနီမြို့ရှိ မြန်မာအသိုင်းအဝိုင်းကလည်း ဩစတြေလျ ဒေဝူးကိုယ်စားလှယ်ရုံးရှေ့မှာ ဆန္ဒပြခဲ့ပြီး ဒေဝူးကုမ္ပဏီကို ဆန့်ကျင်ကန့်ကွက်သော လက်မှတ်ထိုးထားသည့် စာရွက်ကိုပေးအပ်ခဲ့သည်။

'ဒေဝူး' အင်တာနေရှင် နယ်ကော်ပိုရေးရှင်းသည် ရခိုင်ပြည်နယ်ရှိ ရွှေသဘာဝဓာတ်ငွေ့နယ်မြေက သဘာဝဓာတ်ငွေ့ကိုရှာဖွေတူးဖော်ပေးနေပြီး၊ ထွက်ရှိသောဓာတ်ငွေ့ကို အိန္ဒိယနိုင်ငံနှင့်တရုတ်သို့ ရောင်းချရန် သဘောတူထားပြီးဖြစ်သည်။




# မြန်မာမွတ်စလင် (၇၇) ဦး အင်ဒိုနီးရှား ရွှန်ဒိုကျွန်းကိုရောက်ရှိ

အင်ဒိုနီးရှားနိုင်ငံပိုင် ကျွန်းကလေးတကျွန်းသို့ မမျှော်လင့်ဘဲရောက်ရှိနေသော မြန်မာမွတ်စလင်များသည် ၎င်းတို့၏ မူလရည်ရွယ်ချက်ဖြစ်သော မလေးရှားနိုင်ငံသို့ ထွက်ခွာရန် ရာသီဥတု သာသာယာယာရှိမည့်အချိန်ကိုစောင့်နေကြောင်း အင်ဒိုနီးရှားလူဝင်မှုကြီးကြပ်ရေးဌာနမှ အရာရှိတဦးကို ကိုးကား၍ ရိုက်တာသတင်းက ဧပြီလ (၂၆) ရက်နေ့တွင် ဖော်ပြထားသည်။


အင်ဒိုနီးရှား ရွှန်ဒိုကျွန်းသို့ ရောက်ရှိလာသော မြန်မာမွတ်စလင်များ

ဧပြီလ (၂၅) ရက်နေ့က မြန်မာ–မွတ်စလင် (၇၇) ဦးကို သယ်ဆောင်လာသောစက်လှေတစင်းသည် အင်ဒိုနီးရှားကျွန်းလေးတကျွန်းသို့ မတော်တဆဆိုက်ကပ်ခဲ့သည်။

ဆူမာတြားကျွန်း မြောက်ဘက်၊ ရွှန်ဒိုကျွန်းကလေးသို့ သောင်တင်လာသော အဆိုပါသစ်သားလှေလေးထဲတွင် မြန်မာပြည်မှ လူနည်းစု ရိုဟင်ဂျာအမျိုးသားများလိုက်ပါလာပြီး ၎င်းတို့သည် မလေးရှားနိုင်ငံသို့ အလုပ်အကိုင်ရှာဖွေရန် ထွက်ခွာလာရာမှ လှိုင်းနှင့် မုန်တိုင်းဒဏ်ကြောင့် ကျွန်းကလေးသို့ လာရောက်ဆိုက်ကပ်ခြင်းဖြစ်ကြောင်း သတင်းများကဆိုသည်။

အဆိုပါ မြန်မာမွတ်စလင်များကို အင်ဒိုနီးရှားရေတပ်က ကယ်ဆယ်ခဲ့ပြီး အာချေးကမ်းရိုးတန်းရှိ (Sabang) ရေတပ်စခန်းသို့ ခေါ်ယူခဲ့သည်။ (၃) ရက်ခန့် အစာငတ်ခဲ့ကြသောဒုက္ခသည်များကို အစားအစာနှင့်အဝတ်အစားများပေးထားပြီး နေစရာအတွက်ပါ စီစဉ်ပေးထားရကြောင်း (Sabang မှ ရဲချုပ် Edi Siswanto) က ဆိုသည်။

အစောပိုင်းက အင်ဒိုနီးရှားလူဝင်မှုကြီးကြပ်ရေးဌာနမှ ( W. Septiawan) က "တကယ်လို့ သူတို့ကိုယ် သူတို့ဒုက္ခသည်အဖြစ် သက်သေပြနိုင်ရင်တော့ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးကို လွှဲပေးမယ်"ဟုပြောသည်။

ကုလသမဂ္ဂက မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံတွင် ဒုက္ခသည်အဖြစ် ခိုလှုံခွင့်တောင်းခံသူ ထောင်ချီရှိသော်လည်း အင်ဒိုနီးရှားတွင် ခိုလှုံခွင့်တောင်းခံလေ့မရှိဟု ဆိုသည်။ မြန်မာဒုက္ခသည်များကိစ္စကို အင်ဒိုနီးရှားနိုင်ငံရှိ မြန်မာသံရုံးမှ အရေးယူဆောင်ရွက်ခြင်းမရှိပေ။

မြန်မာပြည်တွင် စစ်တပ်သည် လူနည်းစု ရိုဟင်ဂျာများအပေါ် မုဒိမ်းကျင့်၊ လူသတ်၊ အတင်းအဓမ္မစေခိုင်းခြင်းနှင့် ပစ္စည်းများကို သိမ်းယူခြင်းစသော လူအခွင့်အရေးချိုးဖောက်မှုများပြုလုပ်နေကြောင်း လူ့အခွင့်အရေးအဖွဲ့အစည်းများက ဆိုသည်။

နိုင်ငံအတွင်း ကုန်စျေးနှုန်းကြီးမြင့်လာခြင်းနှင့် အလုပ်အကိုင်ရှားပါးလာခြင်းတို့ကြောင့် လွန်ခဲ့သော (၁၀) စုနှစ်များအတွင် မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့သွားရောက်အလုပ်လုပ်ကိုင်သူ နှစ်စဉ်တိုးများလျက်ရှိသည်။ ❖

# မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ကို နိုင်ငံခြားကုမ္ပဏီများမျက်စိကျ

ယမန်နှစ်က မြန်မာနိုင်ငံတွင် နိုင်ငံခြားကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏ (၇ဒသမ၈) ဘီလီယံရှိခဲ့ပြီး အများစုမှာ စွမ်းအင်ကဏ္ဍတွင်ဖြစ်သည်ဟု နအဖက တရားဝင်သတင်းထုတ်ပြန်သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ နောက်ဆုံးထုတ်ပြန်သော ကိန်းဂဏန်းအရ ယမန်နှစ်က နိုင်ငံခြားကုမ္ပဏီ (၇၁) ခုသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် အမေရိကန်ဒေါ်လာ (၂ဒသမ၆) ဘီလီယံ လာရောက်ရင်းနှီးမြှုပ်နှံခဲ့ပြီး အနည်းငယ်ကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခဲ့သည်ဟုဆိုသည်။

သို့သော် နိုင်ငံလူဦးရေ၏ (၇၀) ရာခိုင်နှုန်း မှီခိုနေရသော မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် ဆွဲဆောင်မှုအနည်းဆုံးဖြစ်နေပြီး နိုင်ငံခြားကုမ္ပဏီများက အမေရိကန်ဒေါ်လာ (၃၄ဒသမ၃၅) မီလီယံသာ ရင်းနှီးမြှုပ်နှံခဲ့သည်။

ယမန်နှစ်က မြန်မာ့ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့တွင်း (၃) ခု နှင့် ကမ်းနီးရေနံနှင့် သဘာဝဓာတ်ငွေ့တွင်း (၁၉) ခု မှဓာတ်ငွေ့ (၈၇) ဘီလီယံကုဗပေ (တီစီအက်ဖ်)နှင့် ရေနံစိမ်းစည်သန်းပေါင်း (၃ဒသမ၃) ထုတ်လုပ်နိုင်ခဲ့သည်ဟု သတင်းတွင်ဖော်ပြသည်။

(၂၀၀၅–၂၀၀၆) ခုနှစ်ဘဏ္ဍာရေးနှစ်၏ ပထမလေးလပတ်တွင် မြန်မာ့ရေနံမြေများမှ ရေနံစိမ်း (၂ ဒသမ ၁) မီလီယံဘာရယ်ထုတ်လုပ်နိုင်ခဲ့ပြီး ဓာတ်ငွေ့ကုဗမီတာ (၂ဒသမ၉၈) ဘီလီယံထုတ်လုပ်နိုင်ခဲ့သဖြင့် ဓာတ်ငွေ့မှရသောဝင်ငွေသည် ပထမလေးလပတ်အတွင်း အမေရိကန်ဒေါ်လာ (၃၅၉) မီလီယံရှိခဲ့သည် ဟုဆိုသည်။

မြန်မာ့စီးပွားရေးတွင် (၂၀၀၄–၂၀၀၅) ဘဏ္ဍာရေးနှစ်က ရေနံစိမ်းစည်သန်းပေါင်း (၇ဒသမ၄၈) ထုတ်လုပ်ခဲ့ပြီး ဓာတ်ငွေ့ (၁၀ဒသမ၆၉) ထုတ်လုပ်နိုင်ခဲ့သဖြင့် ဓာတ်ငွေ့မှနိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ (၁) ဘီလီယံရရှိခဲ့သည်။

ထိုင်းနိုင်ငံမှ ပီတီတီအီးပီနှင့် မလေးရှား (Petronas) သည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် အများဆုံးရင်းနှီးမြှုပ်နှံသော ကုမ္ပဏီများဖြစ်ပြီး ဩစတြေလျ၊ ဗြိတိန်၊ ကနေဒါ၊ တရုတ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ နှင့်တောင်ကိုရီးယားနိုင်ငံများလည်း မြန်မာ့စွမ်းအင်ကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံနေသည်ဟု ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

❖

# တရုတ် – မြန်မာ ရေနံပိုက်လိုင်းအလုပ်မဖြစ်

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ရေနံစိမ်းပိုက်လိုင်းသွယ်တန်းမည့် အစီအစဉ်သည် လက်တွေ့တွင် စီးပွားရေးအရ တွက်ခြေမကိုက်သဖြင့် တရုတ်ဘက်က ပြန်လည်စဉ်းစားနေကြောင်း ( Shanghai Securities News) က ဧပြီလ (၁၉) ရက်နေ့တွင် သတင်းထုတ်ပြန်သည်။

မြန်မာနိုင်ငံမှ ရေနံကိုထုတ်ယူခြင်း မဟုတ်ဘဲ တဆင့်ခံပိုက်လိုင်းတည်ဆောက်ခြင်းသည် စီးပွားရေးအရ တွက်ခြေမကိုက်ကြောင်း၊ အခြားတဖက်တွင်လည်း ပိုက်လိုင်းဖြင့်သယ်ယူနိုင်မည့်ပမာဏသည် မလက္ကာရေလက်ကြားကို ဖြတ်သန်းသယ်ယူနေသော စွမ်းအင်ပမာဏ၏ (၁၀) ရာခိုင်နှုန်းသာဖြစ်သဖြင့် တရုတ်နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်မဟုတ်ဟု ဆိုသည်။

တရုတ်နိုင်ငံသည် အရှေ့အလယ်ပိုင်းနှင့် အာဖရိကမှ မလက္ကာရေလက်ကြားကို ဖြတ်၍ တင်ပို့သောရေနံစိမ်းအပေါ် မှီခိုနေရသည်အဖြစ်ကို လျှော့ချနိုင်ရန်အတွက် မြန်မာနိုင်ငံမှ ရေနံစိမ်းကို ထုတ်ယူရန်ကြိုးပမ်းခဲ့သည်။

တရုတ်အစိုးရက ယခင် မြန်မာနိုင်ငံ စစ်တွေမှ တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကုန်းတွင်းဖြစ်နေသော ယူနန်ပြည်နယ်သို့ ရေနံပိုက်လိုင်းသွယ်တန်းရန် စီစဉ်ထားသော်လည်း တရုတ်နိုင်ငံ အမျိုးသားတိုးတက်ပြောင်းလဲရေးကော်မရှင် ( NDRC) က လက်မခံပယ်ချလိုက်သည်။

ဓာတ်ငွေ့နှင့် ချေးငွေလဲလှယ်ရေး အစီအစဉ်အဖြစ် တရုတ်သည် လာမည့်နှစ်ပေါင်း (၃၀) အတွင်း မြန်မာနိုင်ငံ ရခိုင်ပြည်နယ် 'ရွှေ' ဓာတ်ငွေ့တွင်းမှ ဓာတ်ငွေ့ပမာဏ (၇) တြီလီယံကုဗ ထုတ်ယူရန် အကြံအစည်ရှိပြီး လောလောဆယ်တွင် မြန်မာနိုင်ငံသို့ အမေရိကန်ဒေါ်လာ (၈၄) သန်း ချေးငွေ ထုတ်ပေးရန် သဘောတူထားသည်။❖

## မင်းဆိုးကို မိုးကြိုးပစ်မည်

နိုင်ငံတကာ

## သတင်းတိုထွာ

## ရွေးကောက်ပွဲအသစ်ပြန်လုပ်ရန် ထိုင်းတရားရုံးဆုံးဖြတ်

မေလ (၈) ၊ သတင်းဌာနများ

ဧပြီလရွေးကောက်ပွဲတွင် မဲမသမာမှုများရှိခဲ့သည်ဟူသော ပညာရှင်များ၏ဝေဖန်ချက်ကို ပြန်လည်သုံးသပ်ပြီးနောက် ထိုင်းနိုင်ငံ၏ဖွဲ့စည်းပုံတရားရုံးက ရွေးကောက်ပွဲရလဒ်ကို ပယ်ဖျက်ကာ ရွေးကောက်ပွဲအသစ်ပြန်လုပ်ရန် ဆုံးဖြတ်လိုက်သည်။ ထိုင်းဖွဲ့စည်းပုံအရ ရက်ပေါင်း (၆၀) အတွင်း ပြန်လည်ကျင်းပဖွယ်ရှိသော ရွေးကောက်ပွဲအသစ်ကို အဓိကအတိုက်အခံ ဒီမိုကရက်ပါတီက ကြိုဆိုလိုက်ပြီး ရွေးကောက်ပွဲဝင်ရန် အသင့်ဖြစ်နေပြီဟုပြောသည်။ သုံးသပ်သူများက ရွေးကောက်ပွဲတွင် မစ္စတာသက်ဆင်၏ ထိုင်းရတ်ထိုင်းပါတီကသာ အနိုင်ရဖွယ်ရှိပြီး မစ္စတာသက်ဆင်သည် ပါတီကို နောက်ကွယ်တွင် ဆက်ကြိုးကိုင်ထားမည်ဖြစ်သဖြင့် ထိုင်းနိုင်ငံရေးအကြပ်အတည်းပြေလည်သွားမည့် အရိပ်အယောင်မမြင်သေးဟုဆိုသည်။ အတိုက်အခံပါတီများ သပိတ်မှောက်ခဲ့သည့် ဧပြီလကြားဖြတ်ရွေးကောက်ပွဲတွင် မစ္စတာသက်ဆင်၏ ထိုင်းရတ်ထိုင်းပါတီက (၆၀) ရာခိုင်နှုန်းဖြင့် အနိုင်ရခဲ့သော်လည်း နိုင်ငံအဝှမ်း ဆန္ဒပြပွဲများကြောင့် ရွေးကောက်ပွဲအပြီး (၂) ရက်အကြာတွင် မစ္စတာသက်ဆင် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ပေးခဲ့ရသည်။ ထို့အပြင် လွှတ်တော်တွင် အမတ်နေရာ (၅၀၀) ရှိသည့်အနက် (၄၀) ခန့်တွင်လည်း အမတ်လောင်းများမရွေးချယ်နိုင်ခဲ့သဖြင့် ဖွဲ့စည်းပုံအရ လွှတ်တော်ခေါ်ယူရေးလည်း အထမမြောက်ဖြစ်နေခဲ့သည်။ ❖

## ယူရေနီယမ်ကို ရာနှုန်း (၄.၈) အထိ သန့်စင်နိုင်ပြီဟု အီရန်ကြေညာ

## စစ်ရေးအရအရေးယူကောင်းယူမည်ဟု အမေရိကန်စဉ်းစားထား

ယူရေနီယမ်ကို (၄.၈) ရာနှုန်းအထိ သန့်စင်နိုင်ပြီဟု အီရန်နိုင်ငံ၏ အက်တမ်စွမ်းအင်အဖွဲ့ခေါင်းဆောင်က ဂိုလမ်ရီဇာအက်ဇာဒက်က ISNA သတင်းအေဂျင်စီကိုပြောသည်။ ပြီးခဲ့သည့်လကလည်း နယူးကလီယာဓာတ်ပေါင်းဖိုအတွက် လောင်စာထုတ်လုပ်နိုင်သည့် အဆင့်ဖြစ်သည့် ယူရေနီယမ်သန့်စင်မှုအဆင့် (၃.၆) ရရှိခဲ့ပြီဟုကြေညာခဲ့သည်။ အီရန်က နယူးကလီယားဓာတ်ပေါင်းဖိုအတွက် လောင်စာရရှိရန်သာစိတ်ဝင်စားသည်ဟု အခိုင်အမာဆိုသော်လည်း သန့်စင်မှုအဆင့် (၉၀) ရာနှုန်းအထက်ကျော်လာလျှင် အက်တမ်ဗုံးထုတ်လုပ်နိုင်သည့်အဆင့်သို့ရောက်လာမည်ဖြစ်သည်။ အီရန်သည် ကုလလုံခြုံရေးကောင်စီ၏တောင်းဆိုချက်များကိုပြောင်ပြောင်တင်းတင်းဖီဆန်လာသောကြောင့် ထိုကိစ္စကိုကိုင်တွယ်ဖြေရှင်းရန် ပါရီ၌ ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ဂျာနီ (Gerany)၊ ရုရှနှင့် အမေရိကန်နိုင်ငံမှသံတမန်များ ဒုံးတိုက်ဆွေးနွေးနေကြချိန်၌ ယခုကြေညာချက်အသစ် ထွက်ပေါ်လာခြင်းဖြစ်သည်။ အီရန်သည် ယူရေနီယမ်သန့်စင်မှုကိုရပ်တန့်ရန်ငြင်းဆိုလျှင် အမေရိကအနေဖြင့် နယူးကလီယားလက်နက်ဖြင့် တိုက်ခိုက်မည့်နည်းလမ်းကိုထည့်သွင်းထားပါသလားဟု ဘုရှ်အားမေးရာ သူက “နည်းလမ်းတွေအားလုံးကို စားပွဲပေါ်တင်ထားပါတယ်” ဟုပြန်ဖြေခဲ့သည်။ ကုလသမဂ္ဂဆိုင်ရာ အီရန်သံအမတ် ဂျာဗတ်ဇာရစ်က နယူးကလီးယားလက်နက်သုံးတန်သုံးမည်ဆိုသော အမေရိက၏ရန်လိုသည့်ပေါ်လစီသည် နယူးကလီယားမပြန့်ပွားရေးစာချုပ်နှင့် အခြားသောအမေရိက၏သဘောတူညီမှုများကို ဖောက်ဖျက်ခြင်းပင်ဖြစ်သည်ဟုပြောသည်။❖

## ဒါဖာတွင် အဟာရချို့တဲ့သူပိုများလာ၊

## ငြိမ်းချမ်းရေး ဆွေးနွေးပွဲမအောင်မြင်

အကြမ်းဖက်မှုများနှင့် ရန်ပုံငွေမရှိမှုကြောင့် ဆူဒန်၊ ဒါဖာဒေသအတွက် လူသားချင်းစာနာထောက်ထားသည့် အကူအညီများပေးရန် နှောင့်နှေးနေရကြောင်း၊ အာဟာရချို့တဲ့မှု တဖန် မြင့်တက်လာကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) က ဧပြီလ (၂၆) တွင်ကြေညာသည်။ သူပုန်နှင့် အစိုးရကကျောထောက်နောက်ခံပေးထားသည့် ဂျန်ဂျာဝိပြည်သူ့စစ်တို့၏ တိုက်ခိုက်မှုများမှလွတ်မြောက်ရန် အိုးပစ်အိမ်ပစ်ထွက် ပြေးကြရသူအရေအတွက်မှာ (၁.၈) သန်းကျော်ခန့်ရှိပြီး အကူအညီပေးရေး အေဂျင်စီများ၏ ခန့်မှန်းချက်အရ ဒါဖာတွင် လူတသိန်းရှစ်သောင်းမှ သုံးသိန်းခန့်သေဆုံးခဲ့ရပြီဖြစ်သည်။ မေ (၃၀) ကပြုလုပ်သော ငြိမ်းချမ်းရေးသဘောတူညီမှုစာချုပ်ကို ဆူဒန်အစိုးရက လက်မှတ်ရေးထိုးရန်အသင့်ရှိသည်ဟု ပြောသော်လည်း သူပုန်များကပယ်ချခဲ့သည်။ စေ့စပ်ညှိနှိုင်းမှုများလုပ်နေစဉ်တွင်ပင် ဒါဖာရှိ ဒုက္ခသည်သုံးသန်းခန့်မှာ အခြေအနေပို၍ဆိုးရွားလာသည်။ ကုလသမဂ္ဂ၏ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ရန်ပုံငွေမရှိသောကြောင့် ဒုက္ခသည်များအတွက်ရာရှင် တဝက်ဖြတ်တောက်လိုက်ရသည်ဟု ဧပြီ (၂၈) ရက်နေ့ကပြောသည်။ ဒါဖာတွင် ရေ၊ မြေပိုင်ဆိုင်မှုအပေါ် ဆယ်စုနှစ်များစွာဖြစ်ပွားခဲ့ကြသော ပဋိပက္ခသည် (၂၀၀၃) ခုနှစ် အစောပိုင်းတွင် အကြီးကျယ်ဆုံးပေါက်ကွဲကာ အချို့လူမျိုးစုများက လက်နက်ကိုင်တိုက်ခဲ့ကြသည်။❖

## အမေရိကန်တွင် သန်းချီသော တရားမဝင်အလုပ်သမားများ ဆန္ဒပြ



အမေရိကန်ပြည်ထောင်စုတွင် ဆန္ဒပြနေကြသော တရားမဝင်အလုပ်သမားများ

မေလ (၂) ၊ အေပီ၊ ဘီဘီစီ

အမေရိကန်ကွန်ဂရက်က နိုင်ငံ၏ လူဝင်မှုကြည့်ကြပ်ရေးဥပဒေကိုတင်းကြပ်ရန် ပြင်ဆင်နေချိန်တွင် အမေရိကန်ပြည်ထောင်စုရှိ သန်းချီသော တရားမဝင်အလုပ်လုပ်နေသူများသည် လမ်းများပေါ်ထွက်၍ သူတို့လုပ်အား၏အရေးပါမှုကို ထုတ်ဖော်ပြောဆိုနေကြသည်။

“ဒီနိုင်ငံက ငါတို့ကိုအမှန်တကယ် လိုအပ်နေတယ်။ ငါတို့ဟာ ငါတို့ရဲ့ ဟော့ဒီ သန်မာတဲ့လက်တွေနဲ့ ခက်ခဲကြမ်းတမ်းတဲ့ အလုပ်တွေကို လုပ်နေကြတဲ့သူတွေပါ” ဟု အသက် (၄၃) နှစ်အရွယ်စားဖိုမှူး မစ္စတိုနာမိုစတားကပြောသည်။ သိန်းချီသောဆန္ဒပြသူများနှင့်အတူ လော့စ်အိန်ဂျယ်လိမြို့ပေါ် လမ်းအတိုင်း ချီတက်လာသော သူမက “ဒီနေ့ ငါတို့ဘယ်သူတွေဆိုတာကို ထွက်ပြောဖို့ ဘာမှမကြောက်ဘူး” ဟုဆိုသည်။

တရားမဝင်အလုပ်သမားများသည် ၎င်းတို့လုပ်အား၏အရေးပါမှုကို ပြသရန် “တရားမဝင်လုပ်သားတွေမရှိတဲ့နေ့” အဖြစ် သတ်မှတ်၍ အလုပ်မဆင်းဘဲ လော့စ်အိန်ဂျယ်လိမှ ချီကာဂိုအထိ ခရီးရှည်ချီတက်ဆန္ဒပြပွဲပြုလုပ်ရန် မေလ (၁) ရက်၊ နိုင်ငံတကာအလုပ်သမားနေ့တွင် သဘောတူခဲ့ကြသည်။

လော့စ်အိန်ဂျယ်လိတွင် လူ (၄) သိန်းခန့်ရှိဆန္ဒပြနေကြပြီး၊ အခြားလူ (၄) သိန်းသည် ချီကာဂိုမြို့တော်လမ်းမကြီးအတိုင်း ချီတက်လာနေကြသည်။ ဟူးစတန်၊ ဆန်ဂျို၊ ဖလောရီဒါနှင့် အခြားမြို့များတွင်လည်း လူတသိန်းကျော်သည် လမ်းမများပေါ်သို့ ရောက်လာကြပြီး “ငါတို့ဟာ အမေရိကန်တွေဖြစ်တယ်။ ဒီနေ့ ဆန္ဒပြရင် မနက်ဖြန်မှာ ငါတို့မဲပေးခွင့်ရကြမယ်”ဟု ကြွေးကြော်ခဲ့ကြသည်။

အမေရိကန်အလံနှင့် ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေး အမှတ်သင်္ကေတဖြစ်သောအဖြူရောင်အင်္ကျီများကို ဆင်မြန်းထားကြထားသောဆန္ဒပြသူများက လက်တင်အမေရိကတိုက်သားအများစုဖြစ်သော တရားဝင်အလုပ်သမားများ အမေရိကန်တွင် တရားဝင်နေထိုင်ခွင့်ရရေးအတွက် ဥပဒေကို ပြင်ဆင်ပေးရန်အတွက် သမတဘုရှ်ကို တိုက်တွန်းစေလိုကြသည်။

သို့သော် သမတ ဂျော့ရှ်ဒဗလျူဘုရှ်က “ဒီဆန္ဒပြပွဲတွေကို ကျနော်မထောက်ခံပါဘူး။ အားလုံးပါဝင်နိုင်ပြီး၊ ကျယ်ပြန့်တဲ့ လူဝင်မှုကြီးကြပ်ရေးအစီအစဉ်ကိုသာ ကျနော်ထောက်ခံတာပါ။ ဒီပြဿနာကို ကိုင်တွယ်ဖြေရှင်းတဲ့အခါမှာ ကျနော်တို့နိုင်ငံရဲ့အသက် ဝိညာဉ်သဖွယ်ဖြစ်တဲ့ အမေရိကန်ပြည်ထောင်စုဆိုတာ အလွှာစုံကလူတွေနဲ့ဖွဲ့စည်းထားတယ်ဆိုတဲ့အချက်ကိုတော့ ကျနော်တို့ မေ့မထားသင့်ပါဘူး”ဟု ပြောသည်။

သမတဘုရှ်သည် ပြီးခဲ့သည့်လက အမေရိကန်၏လုပ်အားလိုအပ်ချက်အရ တရားမဝင်အလုပ်လုပ်နေသူ ဧည့်လုပ်သားများကို တရားဝင်နေထိုင်ခွင့်ပေးရန်အဆိုပြုချက်ကို ကွန်ဂရက်သို့တင်ပြခဲ့သည်။ အမေရိကန်နိုင်ငံတွင် တရားမဝင်အလုပ်သမား (၁၂) သန်းခန့်ရှိပြီး တဝက်ကျော်သည် မက္ကဆီကိုနိုင်ငံမှ ရောက်လာအလုပ်လုပ်နေကြသူများဖြစ်သည်။ အမေရိကန်နိုင်ငံရေးသမား တချို့က သမတအဆိုပြုသော လူဝင်မှုကြီးကြပ်ရေးဥပဒေကို လက်မခံလိုကြဘဲတရားမဝင်နေထိုင်အလုပ်လုပ်နေသူများကို ၎င်းတို့၏ ဇာတိနေရပ်ပြန်ပို့ရန် စိတ်အားထက်သန်နေကြသည်။

❖

## အစ္စလာမ်မှ ခရစ်ယာန်သို့ဘာသာပြောင်းသူ သေဒဏ်ပေးခံရဖွယ်ရှိ

အာဖဂန်နစ္စတန်–အစ္စလာမ်ဘာသာမှ ခရစ်ယာန်ဘာသာသို့ ပြောင်းလဲကိုးကွယ်ခဲ့သော အာဖဂန်တဦးကို ကဘူးလ်တရားရုံးတွင်စစ်ဆေးနေပြီး သေဒဏ်စီရင်ခံရဖွယ်ရှိသည်ဟု တရားသူကြီးတဦးက မတ်လ (၁၉) ရက် နေ့ကပြောသည်။

တရားခံအဗ္ဗဒူရာမန်သည် ခရစ်ယာန်ဘာသာသို့ပြောင်းလဲကိုးကွယ်ခဲ့သည်ဟု သူ၏မိသားစုက ရဲစခန်းသို့သွားရောက်တိုင်ကြားခဲ့ရာပြီးခဲ့သည့်လက ဖမ်းဆီးခဲ့ရသည်ဟု တရားသူကြီး မော်လဝီဇာဒါ (Ansarullah-Mawlavezada) က အေပီသတင်းဌာနနှင့် အင်တာဗျူးတခုတွင်ပြောကြားခဲ့သည်။

အာဖဂန်၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ရှရီအတ် (Shariah law) ဥပဒေကို အခြေခံထားပြီး မည်သည့်မူဆလင်မဆို မိမိဘာသာကိုငြင်းဆိုလျှင် သေဒဏ်စီရင်ခြင်းခံရမည်ဟု ဖော်ပြထားသည်။

“ကျုပ်တို့ဟာ ကမ္ဘာပေါ်က ဘယ်ဘာသာတရားတခုခုကိုမှ မဆန့်ကျင်ပါဘူး။ ဒါပေမယ့် အာဖဂန်နစ္စတန်မှာ ဒီလိုကိစ္စမျိုးဟာ ဥပဒေကိုဆန့်ကျင်တာပဲဖြစ်တယ်။ ဒါဟာ အစ္စလာမ်ကိုတိုက်ခိုက်မှုတခုဖြစ်တယ်။ တရားလိုရှေ့နေက သေဒဏ်ပေးဖို့တောင်းဆိုနေတယ်”ဟု တရားသူကြီး မော်လဝီဇာဒါကပြောသည်။

“သူပြန်ပြောင်းလဲလာခဲ့ရင် ခွင့်လွှတ်ခြင်းခံရမှာပါ။ ဒါပေမယ့် သူပြောတာက သူဟာ ခရစ်ယာန်တယောက်ဖြစ်ပြီး ဒီဘာသာဝင်ပဲ အမြဲဖြစ်သွားမယ်လို့ပြောတယ်။ ကျနော်တို့ဟာ မူဆလင်တွေဖြစ်တယ်။ ခရစ်ယာန်တယောက် ဖြစ်သွားတယ်ဆိုတာ ကျနော်တို့ရဲ့ ဥပဒေကိုဆန့်ကျင်တာပဲ။ သူ သေဒဏ်စီရင်ခြင်းခံရ မယ်”ဟုဆွဲချရှေ့နေ အဗ္ဗဒူဝါဆိက အေပီသတင်းဌာနသို့ပြောသည်။

အသက် (၄၁) နှစ်အရွယ်၊ တရားခံ အဗ္ဗဒူရာမန်က သူသည် ပါကစ္စတန်နိုင်ငံ ပက်ရှဝါမြို့တွင် အာဖဂန်ဒုက္ခသည်များကို ကူညီနေသော နိုင်ငံတကာခရစ်ယာန်အဖွဲ့၌ အကူဆေးလုပ်သားအဖြစ် လုပ်ကိုင်စဉ်လွန်ခဲ့သော (၁၆) နှစ်ကတည်းက ခရစ်ယာန်ဘာသာသို့ ကူးပြောင်းခဲ့သည်ဟုဝန်ခံခဲ့သည်။ မော်လဝီဇာဒါက နှစ်လအတွင်း ယခုအမှုကို စီရင်ချက် ချမည်ဟုပြောသည်။

သမတဘုရှ်က“အာဖဂန်နစ္စတန်မှာကျုပ်တို့ရဲ့ဩဇာအာဏာရှိတယ်။ အများစုတန်ဖိုးထားလက်ခံတဲ့စံချိန်၊ စံနှုန်းတွေရှိတယ်ဆိုတာ သူတို့သတိရစေဖို့ ဒီဩဇာအာဏာကို ကျုပ်တို့အသုံးပြုမယ်” ဟုထုတ်ဖော်ကြေညာခဲ့သည်။

မော်လဝီက “အနောက်နိုင်ငံမှာ မိန်းမနှစ်ယောက်လက်ထပ်ဖို့ ခင်ဗျားတို့ခွင့်ပြုတယ်။ ဘာကြောင့်လဲ၊ဒါဥပဒေပဲ။အဲဒီဥပဒေကို ကျုပ်လေးစားတယ်။ ကျုပ်တို့အာဖဂန်မှာ ရှရီအတ်ဥပဒေဆိုတာရှိတယ်။ ဒါကို လူထုကလေးစားတယ်။ လက်ခံတယ်” ဟုတိုင်းသို့ ပြောကြားခဲ့သည်။ မဟာမိတ်တပ်များဖြင့် (၂၀၀၂) ခုနှစ်က ဝင်ရောက်တိုက်ခိုက်ပြီး လွတ်လပ်စေခဲ့သည်ဆိုသောနိုင်ငံတွင် ခရစ်ယာန်ဘာသာသို့ကူးပြောင်းသဖြင့် သေဒဏ်စီရင်ခြင်းခံရသည်ဆိုသည့်အဖြစ်က အစ္စလာမ်နှင့်အနောက်ကြားကွာဟမှုရှိသည်ဆိုသောအ နောက်နိုင်ငံသားများ၏အတွေး ကိုပိုကြီးထွားလာစေသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် (၂၈) သန်းသော ပြည်သူများအနက် (၉၉) ရာခိုင်နှုန်းမှာမူဆလင်များဖြစ်ပြီး ကျန်အများစုမှာ ဟိန္ဒူဖြစ်သည်။

## နိုင်ငံတကာ

# နီပေါတွင် လူထုပါဝါဖြင့် ဘုရင်ကို နှန်းကချ


အောင်ပွဲခံနေသော နီပေါပြည်သူလူထု

ဘုရင်ဂျာနန်ဒရာက ပါလီမန်ခေါ်ယူပေးမည်ဟု ကြေညာခဲ့ပြီးနောက်သိန်းနှင့်ချီသည့် နီပေါလူထုသည် မြို့တော်ခေတ္တမဒူတွင် ဧပြီ (၂၅) ရက်နေ့က အောင်ပွဲအဖြစ် စီတန်းလှည့်လည်ခဲ့ကြသည်။ နန်းတော်အနီးတွင်လည်း ထောင်နှင့်ချီသည့်လူအုပ်က ဘုရင်နိုင်ငံမှထွက်သွားရန် စုရုံးကာ တောင်းဆိုကြသည်။ အဓိကရုဏ်းနှိမ်နင်းရေး ရဲများက ခေတ္တမဒူ၏ နာရာယန်နန်းတော်မှ မီတာ (၅၀၀) အကွာတွင် ဆန္ဒပြလူထုအား ပိတ်ဆို့ထားခဲ့သည်။ လူထုက ဘုရင့်မိန့်ခွန်းများကိုကောက် နှုတ်ဖော်ပြထားသော ဆိုင်းဘုတ်များကို ဆုတ်ဖြဲ၍ "ဂျာနန်ဒရာ ၊ သူခိုး၊ ထွက်သွား" ဟု အော်ဟစ်ခဲ့ကြသည်။

သုံးပတ်နီးပါး ဘုရင်စနစ်ဆန့်ကျင်ရေးကိုဦးဆောင်ခဲ့သည့် မဟာမိတ် (၇) ပါတီက အသက် (၈၄) နှစ်ရှိပြီဖြစ်သည့် ယခင်ဝန်ကြီးချုပ် ဂီရိဂျာပရာဆက်ကိုအစိုးရအဖွဲ့သစ်၏ အကြီးအကဲအဖြစ် အမည်စာရင်းပေးခဲ့ပြီး ပထမဆုံးအရေးတကြီးလုပ်ရမည့် အလုပ်မှာ ဆယ်စုတခုကြာ လက်နက်ကိုင်ခဲ့သော မော်ဝါဒီပုန်ကန်သူများနိုင်ငံရေး ပင်မစီးကြောင်းတွင် ပါဝင်လာနိုင်ရန်ဖြစ်သည်ဟု ပြောသည်။

သို့ရာတွင် မော်အဖွဲ့၏ခေါင်းဆောင် ပရာချန်ဒရာက မဟာမိတ်ပါတီများသည် နောက်ထပ်သမိုင်းဝင်အမှားတရပ်ကို ကျူးလွန်ခဲ့ကြပြီဟုဆိုသည်။ ပရာချန်ဒရာက အခြေခံဥပဒေသစ်ရေးဆွဲရန် အမျိုးသားညီလာခံအတွက် ပါတီများကို ရွေးကောက်ပွဲကြေညာသည်အထိ ဆက်လက်ကန့်ကွက်ဆန္ဒပြကြရန်တိုက်တွန်းသည်။

မဟာမိတ် (၇) ပါတီ၏ပြောရေးဆိုခွင့်ရှိသူ ခရစ်ရှ်နပရာဆက်က "ဒီကနေ့ ဆန္ဒပြပွဲကတော့ အောင်ပွဲအထိမ်းအမှတ်လှည့်လည်ပွဲအဖြစ် ပြောင်းလဲသွားပါပြီ။ ကျနော်တို့ ဘယ်လိုငြိမ်းချမ်းစွာဆန္ဒပြပွဲတွေကျင်းပခဲ့တယ်ဆိုတာ သမိုင်းမှာ ဥပမာတခုအဖြစ် မှတ်သားရတော့မယ်။ ဒါက တိုင်းပြည်ရဲ့အနာဂတ်ကိုဆုံးဖြတ်မှာပါ" ဟုပြောသည်။

နန်းတော်အနီးတွင် ဆန္ဒပြသူများသည် ဆန္ဒပြမှုများကို အကြမ်းဖက်ဖြိုခွဲခဲ့သည့် ပြည်ထဲရေးဝန်ကြီး ကာမယ်သာပ (Kamal Thapa) ကို ဒေါသထွက်ကာ "သာပကို ကြိုးပေးပစ်၊ ဘုရင်စနစ်ဖျက်သိမ်းပစ်" ဟု အော်ဟစ်ကြသည်။ ဆန္ဒပြပွဲများကို ရဲများက ပြင်းပြင်းထန်ထန်ဖြိုခွင်းမှုကြောင့် အနည်းဆုံးလူ (၁၂) ဦး ပစ်သတ်ခံခဲ့ရပြီး ထောင်နှင့်ချီဒဏ်ရာရခဲ့သည်။ မဟာမိတ် (၇) ပါတီနှင့် မော်ဝါဒီအဖွဲ့ကြား ဆက်ဆံရေးအနည်းငယ်လျော့ရဲသွားသော်လည်း မဟာမိတ်အဖွဲ့ခေါင်းဆောင်တဦးဖြစ်သည့် မိနမ်ဒရာရီဂျယ်က " ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး ပင်မစီးကြောင်းထဲ မော်ဝါဒီအဖွဲ့ပါဝင်လာအောင် ကျနော်တို့ လုပ်နိုင်သလောက် လုပ်သွားပါမယ်။ အခုချိန်မှာ မော်ဝါဒီအဖွဲ့ပါဝင်တဲ့ ကြားဖြတ်အစိုးရတ ရပ်ဖွဲ့စည်းနိုင်တဲ့ အခြေအနေတခုကိုကျနော်တို့ ဖန်တီးရပါမယ်"

မော်ဝါဒီပုန်ကန်သူများသည် ဘုရင်စနစ်ကိုဖျက်သိမ်းပစ်ပြီး ကွန်မြူနစ်သမတနိုင်ငံတခုထူထောင်ရန်အတွက် ဆယ်စုတခုကြာ လက်နက်ကိုင်တိုက်ပွဲဝင်နေသောအဖွဲ့ ဖြစ်သည်။ မြို့တော်ခေတ္တမဒူတွင် ဘုရင်ကိုဆန့်ကျင်သည့်ဆန္ဒပြပွဲသို့ ရွာသားများသွားရောက်နိုင်ရေးအတွက် တောပိုင်းဒေသအများစုကို ထိန်းချုပ်ထားနိုင်သည့် မော်ဝါဒီပုန်ကန်သူများ တာဝန်ယူပို့ဆောင်ပေးခဲ့သည်။

ကမ္ဘာ့လူဦးရေ၏ (၆၀) ရာနှုန်းရှိသော အာရှတိုက်တွင်လူထုအင်အား (people power) က မည်မျှအစွမ်းထက်မြက်သည်ကို တိုင်းပြည်အာဏာအလုံးစုံပြန်လည်လွှဲအပ်ရန် နီပေါဘုရင်ကို ဖိအားပေးနိုင်ခဲ့သည့်လမ်းမများပေါ်မှ ငြိမ်းချမ်းစွာဆန္ဒပြပွဲများက သက်သေပြခဲ့သည်။

ဝန်ကြီးချုပ်သက်ဆင်ကို ရာထူးမှဆင်းပေးရန်၊ မလေးအစိုးရအား ခဓာတ်ဆီဈေးနှုန်းလျှော့ချရန် ဆန့်ကျင်ကန့်ကွက်မှုများ အပြီး ယခုနီပေါဆန္ဒပြပွဲက နောက်ဆုံးအောင်မြင်မှုတခုဖြစ်သည်။ ဖိလစ်ပိုင်တွင်လည်း အလုပ်သမားနေ့၌ သောင်းနှင့်ချီသော လူထုကလမ်းမပေါ်ထွက်၍ သမတဂလိုရီယာ အာရိုယိုနှုတ်ထွက်ရန် တောင်းဆိုနေကြသည်။ ၎င်းတို့နိုင်ငံ အနာဂတ်တွင် အဓိကအစိတ်အပိုင်းတခုအဖြစ် ပါဝင်ဆောင်ရွက်လိုသည့် လူထု၏ပိုမိုပြင်းပြလာသည့်ဆန္ဒကိုအဖြစ်အပျက်များက ညွှန်ပြနေသည်ဟု အချို့လေ့လာသုံးသပ်သူများ က ပြောသည်။

"လူ့အဖွဲ့အစည်းမှာ လူထုရဲ့အခန်းကဏ္ဍနဲ့ ဒီမိုကရေစီအတွေးအခေါ်တွေ အာရှပြည်သူတွေရဲ့စိတ်ထဲ အမှန်တကယ်ဝင်ရောက်လာကြပြီ"ဟု (ငြိမ်းချမ်းရေးနှင့် ပဋိပက္ခများလေ့လာရေးအဖွဲ့၊နယူးဒေလီ) ၏ သုတေသနအဖွဲ့ဝင်ပြီး ဂျီရာဂျာမိုဟန်က ပြောသည်။

"လူထုက သူတို့ရဲ့စွမ်းအားကို သဘောပေါက်လာကြပြီ။ သူတို့ရဲ့တာဝန်၊ နိုင်ငံရေးစနစ်အကောင်အထည်ဖော်ရာမှာ ထိရောက်တဲ့ သူတို့ရဲ့အခန်းကဏ္ဍ။ ဒါတွေကို သဘောပေါက်လာကြပြီ"❖

# နောက်ထပ်ဘင်လာဒင် (၁၀) ယောက် စောင့်နေတယ်

### တိဘက်ဘုန်းတော်ကြီးဒလိုင်းလားမားက ခေတ်သစ်အကြမ်းဖက်ဝါဒသည် ရုပ်ဝတ္ထုများအပေါ်မနာလိုဝန်တိုမှုအပေါ်အရင်းခံသည်ဟုပြောကြား


တိဘက် ဘာသာရေးခေါင်းဆောင် ဘုန်းတော်ကြီး ဒလိုင်လားမား

တိဘက်၏ ဘာသာရေးခေါင်းဆောင် ဒလိုင်းလားမားက အိုစမာဘင်လာဒင် တယောက်သုတ်သင်ခံရလျှင် အမုန်းအာဃာတတရားများက နောက်ထပ် ဘင်လာဒင် (၁၀) ယောက်ကို မွေးထုတ်ပေးလိမ့်မည်ဟု ဗြိတိသျှ ဒေးလီးတယ်လီဂရပ်သတင်းစာနှင့်အင်တာဗျူးတွင်ပြောခဲ့သည်။

"အကြမ်းဖက်အခြေခံဝါဒဟာ ကြောက်မက်ဖွယ်အရမ်းကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီဝါဒက အသိဉာဏ်အပေါ် အခြေမခံဘူး။ စိတ်ခံစားမှု သက်သက်အပေါ် အခြေခံလို့ပဲ" ဟုသက်တော် (၇၀) ရှိပြီဖြစ်သည့် ဘုန်းတော်ကြီးကပြောသည်။

"ဒီဝါဒက နောက်လိုက်တွေရဲ့ပုဂ္ဂလိက စဉ်းစားဆင်ခြင်မှုကိုတားဆီးတယ်။ ကမ္ဘာကြီးရဲ့ ကောင်းမြတ်မှုတွေကို စဉ်းစားမှုဆင်ခြင်နိုင်ဖို့တားဆီးတယ်။ ခေတ်သစ် အကြမ်းဖက်ဝါဒ အစပျိုးနေခဲ့တာ နှစ်အတော်ကြာပါပြီ။ ဖြစ်ရတဲ့အကြောင်းရင်းအများစုက အနောက်ကို မနာလိုမှုကနေဖြစ်ရတာ။ တီဗီမှာကြည့်ရတာ အနောက်ကမ္ဘာက အရမ်းတိုးတက်အောင်မြင်နေတယ်လေ။ အရှေ့က ခေါင်းဆောင်တွေက ဒါကိုတန်ပြန်နိုင်ဖို့၊ နိုင်ငံတွေကို စည်းနှောင်ထားနိုင်ဖို့ ဘာသာရေးကိုအသုံးချတယ်"

အကြမ်းဖက်သမားများကို ဂရုဏာရှေ့ထားဆက်ဆံရမည်ဟု ဒလိုင်းလားမားကပြောသည်။ "ဒီလိုမှ မဟုတ်ရင် ပြဿနာက ပိုကျယ်ပြန့်လာမယ်။ ဒီကနေ့ ဘင်လာဒင်တယောက်ကိုသတ်ခဲ့ရင် မကြာခင်ပဲ နောက်ထပ်ဘင်လာဒင် (၁၀) ယောက် ပေါ်လာလိမ့်မယ်။ နောက်ထပ် ဘင်လာဒင် (၁၀) ယောက် အသတ်ခံခဲ့ရရင် အမုန်းအာဃာတတွေက ပိုကြီးလာမယ်။ ဖုံးတွေရာနဲ့ချီကွဲမယ်။ မိသားစုတွေက အိမ်သူအိမ်သားတွေဆုံးရှုံးကြရဦးမယ်"

(၁၉၅၉) တိဘက်တွင်ဖြစ်ပွားသော ဆန္ဒပြမှုကို ပီကင်းအစိုးရက နှိမ်နင်းလိုက်သောအခါ ဒလိုင်းလားမားသည် ထိုဒေသမှ ထွက်ပြေးခဲ့ရသည်။ သူသည် အနောက်သို့ အလည်အပတ်ခရီးသွားသော ပထမဆုံး ဒလိုင်းလားမားပင်ဖြစ်သည်။

ရွေးချယ်စရာများစွာနှင့် ဝန်ပိနေသော အနောက်နိုင်ငံသားများနှင့်ပတ်သက်၍ ဒလိုင်းလားမားက "အနောက်နိုင်ငံတွေမှာ အိမ်တွေကကြီးကြီး၊ ဒါပေမယ့် မိသားစုကနည်းနည်း။ ကမ္ဘာအနှံ့ သူတို့ခြေဆန့်နိုင်ကြတယ်။ ဒါပေမယ့် အိမ်နီးနားချင်းနဲ့တွေ့ဖို့ လမ်းတဖက်ကိုဖြတ်ဖို့တောင် ကရိကထမခံနိုင်တော့ဘူး။ အဆင်ပြေသက်သာအောင် စီမံထားတာတွေကအဆုံးမရှိ။ ဒါပေမယ့် တခါမှ အားလပ်ချိန်ရယ်လို့ရှိ ပုံမရကြဘူး။ ဘဝတွေကပိုမို လွယ်ကူလာကြတော့ အဲဒါက သူတို့ကိုဖျက် ဆီးတာပဲ။ အမြဲပဲ သူတို့ကိုယ်သူတို့ တခြားသူတွေနဲ့နှိုင်းယှဉ်နေတယ်။ ရွေးချယ်စရာတွေအများကြီးရှိတယ်လေ။ ဒါပေမယ့် ဒီရွေးချယ်စရာတွေက တကယ်စစ်မှန်တဲ့လွတ်လပ်မှုကို ဆောင်ကျဉ်းလာမှာ မဟုတ်ဘူး။" ❖

# အမေရိကန်၏စိုးရိမ်မှုအားဖြေဖျောက်ရန် မစ္စတာဟူကြိုးပမ်း


အမေရိကန်၏စိုးရိမ်မှုအား ဖြေဖျောက်ရန် ကြိုးစားနေသော မစ္စတာဟူ

တရုတ်သမတ ဟူကျင်းတောင် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်လည်ပတ်သော ပထမဦးဆုံးခရီးစဉ်၏ အဆုံးသတ်နေ့အဖြစ် ယေးလ်တက္ကသိုလ်တွင် မိန့်ခွန်းပြောကြားရာ၌ တစတစအင်အားကြီးမားလာနေသော တရုတ်နိုင်ငံအပေါ် အမေရိကန်၏ စိုးရိမ်မှုများကိုပြေပျောက်စေရန် အာမခံပြောကြားခဲ့သည်။ သို့သော် တရုတ်နိုင်ငံအနေဖြင့် စီးပွားရေးတိုးတက်မှုအပေါ် အသေအချာသုံးသပ်ရန် လိုအပ်နေသေးကြောင်းနှင့် နိုင်ငံရေးအခွင့်အရေးများကို တိုးချဲ့ရာတွင် နှိုင်းနှိုင်းချိန်ချိန်ဖြင့်သာ လုပ်ဆောင်ရလိမ့်မည်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းပြောကြားခဲ့သည်။

ကျောင်းသား (၆၀၀) ဦးခန့်နှင့် သင်ကြားရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာပုဂ္ဂိုလ်များပါဝင်သော ပရိသတ်များ၏ရှေ့တွင် စကားပြောကြားရာ၌ တရုတ်ပြည်အနေဖြင့် စီးပွားရေးအရ လျင်မြန်စွာတိုးတက်နေသော်လည်း ဆင်းရဲသောနိုင်ငံတခုဖြစ်နေသေးကြောင်း နိုင်ငံ၏တမျိုးသားလုံးထုတ်ကုန်စုစုပေါင်း (GDP) ကို ကိုးကား၍ မစ္စတာဟူကပြောကြားရာတွင် တရုပ်နိုင်ငံအနေဖြင့် အင်အားကြီးမားသော်လည်း လူဦးရေ (၁.၃) ဘီလီယံရှိကြောင်း၊ မည်သည့်ကိန်းဂဏန်းကိုမဆို လူဦးရေ (၁.၃) ဘီလီယံနှင့် အချိုးချကြည့်ပါက ပို၍သေးငယ်သွားလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တရုတ်ပြည်၏ တဦးချင်းဝင်ငွေသည် အချမ်းသာဆုံးနိုင်ငံ (၁၀၀) စာရင်းတွင် မပါဝင်သေးကြောင်း ထောက်ပြလိုက်ပြီး သက္ကရာဇ် (၂၀၂၀) ခုနှစ်တွင် ပိုမို၍အသင့်အတင့်ကြွယ်ဝချမ်းသာလာရန် တရားဝင်ဖွံ့ဖြိုးရေးစီမံကိန်းများလိုအပ်ကြောင်း ပြောကြားသည်။

တရုတ်ပြည်၏ ကုန်သွယ်ရေးမညီမျှတိုးပွားလာနေမှုအပြင် ရေနံသုံးစွဲမှုမြင့်တက်နေမှုတို့သည် အမေရိကန်ပြည်ထောင်စုနှင့် တင်းမာစေသောအချက်ဖြစ်သည်။ ပြည်တွင်းဝယ်လိုအား တိုးတက်လာအောင် ကြိုးစားလုပ်ဆောင်သွားမည်ဟု မစ္စတာဟူမှ ကတိကဝတ်ပြုခဲ့သော်လည်း တရုတ်နိုင်ငံငွေကြေးတန်ဖိုးပြောင်းလဲသတ်မှတ်ရန် ဝါရှင်တန်၏ တောင်းဆိုမှုကို ခါးခါးသီးသီးငြင်းဆိုခဲ့သည်။

မစ္စတာဟူ၏ ခရီးစဉ်ရပ်နားရာနေရာတိုင်းတွင် ဆန္ဒပြသမားများသည် မစ္စတာဟူ၏ လူ့အခွင့်အရေးမှတ်တမ်းများနှင့်ပတ်သက်၍ပြင်းထန်စွာ အော်ဟစ်ပြောဆိုခဲ့ကြပြီး ဖာလွန်ဂေါင်းဘာသာဝင်များအား တရားစွဲဆိုနေမှုများကို ရပ်တန့်ပေးရန် တရုတ်အစိုးရအား တောင်းဆိုလိုက်သည်။

"သူတို့ဟာ အပြစ်မဲ့သူတွေပါ။ ယုံကြည်ချက်ကြောင့် သေလုမျောပါးခံနေကြရတယ်။ ခေတ်သစ်လူ့အဖွဲ့ အစည်းတခုမှာ ဒါမျိုးတွေ မဖြစ်သင့်တော့ပါဘူး"ဟုလည်းထပ်လောင်းပြောဆိုသည်။❖

ဗမာပြည်မှာ အမှုထမ်းတွေကို လခတိုးပေးလိုက်ပြီ။ သမိုင်းမှာ မရှိဘူးတဲ့၊ ဘယ်နိုင်ငံမှာမှ မကြားဖူးတဲ့ အဆမျိုးတိုးပေးလိုက်တယ်။ ဒါပေမယ့် ဘယ်သူမှမပျော်ကြ။ တွေးပူ၊ ငေးငူကုန်ကြတယ်။

ဘာ့အတွက် နအဖဒီလိုလုပ်တယ်ဆိုတာ လူတိုင်းသိတယ်။ နအဖဟာ ဒီ (၂၀၀၆) ခုနှစ်ကို အလန့်ကြီးလန့်နေတယ်။ အာဆီယံဥက္ကဋ္ဌရာထူးကို လွယ်လွယ်နဲ့လက်လွှတ်လိုက်တယ်။ ညောင်နှစ်ပင်ညီလာခံကို တပြောင်းထဲပြောင်းတယ်။ မူလသတ်မှတ်ထားတဲ့ လမ်းပြမြေပုံရဲ့ အချိန်ဇယားနဲ့အညီမဟုတ်တော့ဘူး။ အာဆီယံကိုယ်စားလှယ် မလေးရှားဝန်ကြီးကို ကောလွှတ်လိုက်တယ်။ ကြပ်ပြေးကိုလည်းပြေးခဲ့ပြီ။ လုပ်လိုက်တဲ့ ယတြာတွေဆိုတာကတော့ ရေလို့တောင်မကုန်ဘူး။

တကယ်က ဗမာပြည်မှာ နိုင်ငံရေးဘက်မှာဖြစ်စေ၊ စီးပွားရေးဘက်မှာဖြစ်စေ၊ လူမှုရေးဘက်မှာဖြစ်စေ၊ ဘက်တိုင်းမှာရေဆူမှတ်ကို ရောက်နေပြီ။ ဘွိုင်လာအိုးကြီးက ပေါက်ကွဲတော့မယ်။ ဒါကိုလူတိုင်းသိသလို နအဖလည်းသိနေလို့ နအဖဟာ ဂဠုန်ဆားချက်တွေလုပ်နေတာပဲ။ ဝန်ထမ်းတွေကို လခပေးတဲ့နည်းနဲ့ ချွေးသိပ်ရင်း 'ငထင်ငယ်စိတ်ခေတ်' သွတ်သွင်းပေးဖို့ ကြိုးစားနေတယ်။ ဆိုလိုတာ သူ့ဆန်စားရဲ့ရမယ်လို့ တောင်းဆိုနေတာကိုပြောတာ။ ဒီလိုနဲ့ပဲ အခုအခါကြီ့ဖွတ်အရေအတွက်ဟာ မဆလအရေအတွက်ထက်တောင် ကျော်ပြီးကြောက်ခမန်းလိလိဂဏန်းကိုဖော်ပြနေတယ်။ မီးသတ်ကတောင်မြို့လယ်ခေါင်မှာ လူသတ်ရဲတဲ့ အဖြစ်ရောက်နေပြီ။ နအဖက တသန်းလောက်ရှိတဲ့ ဝန်ထမ်းကို လစာတိုးပေးတော့ သန်းလေးဆယ်ကျော်တဲ့ ကျန်အလုပ်သမား၊ လယ်သမားနဲ့မြို့နေဆင်းရဲသားတွေဟာ ငွေဖောင်းပွမှုဒဏ်ကို ကုန်းခံရတယ်။

ဘာနဲ့တူနေသလဲဆိုတော့ နအဖအစိုးရဟာ ဘွိုင်လာအိုးပေါက်ကွဲမှာ ကြောက်တော့ safety valve လို့ခေါ်တဲ့ ရေငွေ့ထုတ်ပေါက်တဲ့ အဆို့ရှင်ကို ဖွင့်ပေးတယ်။ သူတို့ဒီလိုဖွင့်ပေးနည်းထဲတွေမှာ နိုင်ငံရေးဇ' ရှိသူတွေကို ပြည်ပထွက်ကုန်အောင် ဖိအားပေးတာ၊ ကောလာဟာလလွှင့်ပေးတာ မျိုးလည်းပါတယ်။ ဖမ်းမယ့်လူစာရင်းတွေလုပ်နေပြီ သတ်ရမယ့်လူစာရင်းတွေ ပြင်ကုန်ပြီဆိုတာမျိုး အပြင်ကို ထုတ်ပေးတယ်။

အထက်မှာပြောသလို တဖက်ကအဆို့ရှင်ကိုဖွင့်ပေးတော့ နောက်တဖက်ကအဆို့ရှင်ကို တင်းတင်းပိတ်သလိုဖြစ်သွားတယ်။ ဒီလိုနဲ့ ကုန်ဈေးနှုန်းခေါင်ခိုက်၊ ငွေဈေးဂျွမ်းစိုက် ဖြစ်ကုန်တာပဲ။

နောက်ထပ်ဆက်လုပ်လာတဲ့ အဆို့ရှင်ဖွင့်နည်းက လမ်းပြမြေပုံကို (၂၀၀၈) ခုနှစ်မှာ အပြီးလုပ်မယ်လို့ ကြေညာတာဖြစ်တယ်။ ဒါပေမယ့် တဖက်မှာကျတော့ ဒါဟာ ဒီချုပ်က တင်ပြနေတာကို ငြင်းပယ်ချေဖျက်သလိုဖြစ်နေတယ်။ ဗမာပြည်ပြဿနာဟာ လက်ဝဲရစ်နဲ့လက်ယာရစ် ပြောင်းပြန်ဖြစ်နေတဲ့ ဝက်အူလိုဖြစ်နေတယ်။ ဝက်အူရစ်ကို တဖက်ကလျှော့တယ်ဆိုရင် တဖက်ကိုတင်းလိုသလို ဖြစ်သွားတော့တယ်။

ဒါကြောင့်ဝက်အူရစ်ကို တယောက်တည်း တဖက်ထဲကချည်း ထင်သလိုလှည့်နေလို့ကတော့ ဘာမှဖြစ်မလာဘူး။

လွတ်လပ်ရေးနောက်ပိုင်း ဗမာပြည်သမိုင်းမှာ စစ်တပ်ထဲကအာဏာကို မက်မောတဲ့လူတွေက စစ်အုပ်စုရယ်လို့ဖွဲ့ပြီး လှုပ်ရှားလာကတည်းက အဓိကကျတဲ့ပြဿနာတွေကို ဖြေရှင်းမယ်လုပ်တိုင်း ဒီလိုကိန်းနဲ့ချည်းကြုံကြရတယ်။ ဒီလိုနဲ့ ဒီနိုင်ငံမှာပြည်တွင်းစစ်ဟာ ရာစုနှစ်တဝက်ကျော် ဆက်တိုက်ဖြစ်ပွားနေတော့တယ်။ ဖဆပလထဲမှာ ပြည်တွင်းစစ်ကိုရပ်စဲချင်သူတွေရှိခဲ့တယ်။ မရပ်စဲချင်သူတွေလည်းရှိပြန်တယ်။ အဲဒီလူတွေဟာ အဲဒီတုန်းက စစ်အုပ်စုထိပ်သီး ဗိုလ်နေဝင်းတို့တတွေနဲ့ပေါင်းပြီး ပြည်တွင်းစစ်ကို အပြုတ်တိုက်ရေးကြွေးကြော်သံကို တွင်တွင်ကြွေးကြော်ခဲ့တယ်။

ဗမာပြည်က စစ်အုပ်စုအဆက်ဆက်မှာ တခြားမတူတာတွေ ရှိကောင်းရှိပေမယ့် အဓိကတူတာက အာဏာကိုလက်မလွှတ်ချင်တာနဲ့ ပြဿနာဖြေရှင်းမယ်ဆိုရင် ကျန်တဖက်ကိုအပြုတ်တိုက်ရေး၊ ဒါမှမဟုတ် လက်နက်ချဖို့တောင်းဆိုတာပဲဖြစ်တယ်။ သူတို့ခေါင်းထဲမှာ ကျန်တဖက်နဲ့ တွေ့ဆုံဆွေးနွေးသင့်တယ်ဆိုတဲ့ စဉ်းစားတွေးခေါ်မှုမျိုး ဘယ်တုန်းကမှ မပေါ်ခဲ့ဘူး။ (၁၉၆၃) ခုနှစ်မှာ ဗိုလ်နေဝင်းက စေ့စပ်ဆွေးနွေးရေးခေါ်ခဲ့တယ်ဆိုတာလည်း တောတွင်းအင်အားစုတွေကို လက်နက်ချခိုင်းတာပဲ၊ သူတို့ရဲ့ မဆလပါတီထဲကို ဝင်ခိုင်းတာပဲ။ သူတို့ချင်းပဋိပက္ခတွေကိုတောင် ဒီမှုနဲ့ဖြေရှင်းတယ်။ ဗိုလ်နေဝင်းက ဗိုလ်အောင်ကြီးကို "ဗိုလ်အောင်ကြီးဆင်းပေးမလား၊ ကိုယ်ဆင်းပေးရမလား" လို့မေးပြီး ဗိုလ်အောင်ကြီးကို ကိုယ့်ယောင် (သျှောင်) ကိုယ်ဆွဲပြီး နန်းထဲကထွက်ခိုင်းခဲ့တာကို ဗမာပြည်သမိုင်း လေ့လာသူတိုင်းသိကြတယ်။ စစ်အုပ်စုတခုရဲ့ အခြေခံစဉ်းစားနည်းဟာ တဂူထဲမှာ ခြင်္သေ့နှစ်ကောင်မအောင်းဘူးဆိုတာပဲ။

အဲဒီမှုကို နဝတ–နအဖဟာ ဆက်လက်ပြီး အသေဆုပ်ကိုင်ထားတယ်။ ဒီချုပ်ရဲ့ကမ်းလှမ်းချက်ကို တုန့်ပြန်ပုံတွေဟာ အင်မတန်ရိုင်းပြရုံမက နည်းနည်းမှ နိုင်ငံရေးသမားမဆန်ဘူး။ တာဝန်ရှိတဲ့လူတယောက်ရဲ့ လုပ်ကိုင်နည်းမျိုးမဟုတ်ဘူး။ အရပ်ထဲက လူမိုက်ရဲ့ပြုမူပုံမျိုးပဲ။ ပြဿနာကို တည့်တည့်မရင်ဆိုင်ဘူး၊ ပြောစရာကို တည့်တည့်မပြောဘူး။ ပြောသင့်တာကို မေးမှပြော

စာမျက်နှာ (၁၉) ကော်လံ (၁) သို့…

## နွေရာသီရဲ့ တံခါးရွက်



ငါဟာ ခုနစ်နွေလုံးမီးလောင်ခဲ့တာတောင်မှ
နှင်းတွေနဲ့ဝေနေခဲ့တဲ့ကောင်ပါ
မင်းကို ခဏလေးမေ့ထားတော့မှ
နွေကနွေဖြစ်ခဲ့ရတာပါ

သိပ်သတိရတယ် ဖူဂျီယာမာ
သိပ်လွမ်းတယ် မနှင်း
ငါဟာ ငါပြန်လာတဲ့မြို့ကိုတောင်သိပ်မလွမ်းခဲ့ပါဘူး။
မင်းလည်းအဲဒီမြို့ကိုဘာ့ကြောင့်ပြန်လာချင်သလဲဆိုတာ
သိမယ်ဆိုရင်ပေါ့

အခုတော့
ငါနဲ့လွဲသွားတဲ့မြစ်တစ်စင်းနဲ့
မင်းနဲ့လွဲသွားတဲ့ ကံကြမ္မာက
အဲဒီမြို့လေးကို သယ်ဆောင်သွားရောပေါ့
အနှစ်သုံးဆယ်လုံးလုံးပေါင်းမှ
ခုနစ်နွေပဲ အဖတ်တင်ခဲ့တဲ့ ဟောဒီကဗျာမှာ
တို့တတွေ ဘယ်သူ့ကို ဘယ်သူမှ ရှာမတွေ့ခဲ့ကြဘူး။

AMT
14. 3. 06

# လက်ဆွဲ မနှုတ်ဆက်ချင်ဘူးဆိုရင်တော့ …

○
ဗမာပြည်မှာ နိုင်ငံရေးဘက်
မှာဖြစ်စေ၊
စီးပွားရေးဘက်မှာဖြစ်စေ၊
လူမှုရေးဘက်မှာဖြစ်စေ၊
ဘက်တိုင်းမှာရေဆူ မှတ်ကို
ရောက်နေပြီ။ ဘွိုင်လာအိုးကြီးက
ပေါက်ကွဲတော့မယ် …
လူတိုင်းသိသလို
နအဖလည်းသိနေလို့ နအဖဟာ
ဂဠုန်ဆားချက်တွေလုပ်နေတာပဲ။
ဝန်ထမ်းတွေကို လခ
ပေးတဲ့နည်းနဲ့ ချွေးသိပ်ရင်း
'ငထင်ငယ်စိတ်ခေတ်'
သွတ်သွင်းပေးဖို့
ကြိုးစားနေတယ်။ ဆိုလိုတာ
သူ့ဆန်စားရဲ့ရမယ်လို့
တောင်းဆိုနေတာ …
○



ဗသြ

## သံအမတ်ကြီးကိုမကျေနပ် သံရုံးဝန်ထမ်းတဦး မီးထဲခုန်ချသေဆုံး

ဧပြီလ (၂၁) ရက်နေ့ နေလည်ပိုင်းက မလေးရှားနိုင်ငံ၊ ကွာလာလမ်းပူမြို့ရှိ မြန်မာသံရုံးမှ သံရုံးဝန်ထမ်းတဦးသည် သံအမတ်ကြီးကို မကျေမနပ်ဖြစ်ရာမှ သံရုံးကို မီးတင်ရှို့၍ သူကိုယ်တိုင်လည်း မီးထဲသို့ခုန်ချသေဆုံးသွားကြောင်း သတင်းများအရ သိရသည်။

သံရုံးစာရေး ကိုကျော်ကျော်ဆိုသူသည် သံအမတ်ကြီး ဗိုလ်မှူးချုပ်မြင့်အောင်ထံမှ ၎င်း၏ ပတ်ပို့စ်နှင့် (၃) လစာ လစာငွေကို တောင်းခံခဲ့ရာ သံအမတ်ကြီးက ထုတ်မပေးသဖြင့် မွန်းလွဲ (၂) နာရီခန့်တွင် သံရုံးဝန်ထမ်းများကို ဓားမြှောင်ဖြင့်ခြိမ်းခြောက်ခဲ့သည်။ ဝန်ထမ်းအားလုံး အပြင်သို့ ထွက်ပြေးသွားချိန်တွင် ကိုကျော်ကျော်သည် သံရုံးအဝင်တံခါးကိုပိတ်၍ သံရုံးကို မီးတင်ရှို့ခဲ့သည်။ မီးကြောင့် သံရုံးအဆောက်အဦး၏ (၈၀) ရာခိုင်နှုန်းကျော်လည်း ပျက်စီးခဲ့သည်။

မျက်မြင်သက်သေများက ကိုကျော်ကျော်သည် မီးထဲသို့မခုန်ချခင်တွင် သံရုံးအပေါ်ထပ်ဝရန်တာပေါ်မှ "အားလုံး ငါ့ကိုရက်စက်ကြတယ်"ဟု ကိုအော်ပြောခဲ့ကြောင်း၊ ကိုကျော်ကျော်သေဆုံးရခြင်း၏ နောက်ကွယ်တွင် တခြားအကြောင်းများလည်း ရှိနိုင်သည်ဟုဆိုသည်။

အသက် (၄၀)အရွယ် ကိုကျော်ကျော်သည် သံအမတ်ကြီးဟောင်း ဦးလှမောင်၏ တပည့်ဟောင်းဖြစ်ပြီး လက်ရှိသံအမတ်ကြီးအပါအဝင် သံရုံးဝန်ထမ်းအားလုံးမှာ ဗိုလ်ချုပ်ခင်ညွန့်ဖမ်းဆီးခံပြီးနောက်ပိုင်း ဝန်ထမ်းအပြောင်းအလဲတွင် အစားထိုးဝင်ရောက်လာသူများဖြစ်သည်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ၊ မြန်မာသံရုံးသည် (၂၀၀၄) ခုနှစ်ကလည်း မြန်မာရိုဟင်ဂျာများ၏ မီးရှို့ခြင်းကို ခံခဲ့ရဖူးသည်။❖

စာမျက်နှာ (၁၂) ဂါမဏိ ဆောင်းပါးမှ...

အဓိကအားကိုးရာကြည်းတပ်နဲ့ ဘန်ကောက်အထိ အမြန်ဆုံးတက်သိမ်းဖို့၊ ပြည်တွင်းကနေ အမေရိကန်တပ်တွေကို အားပေးကူညီသူတွေဖြစ်ဖို့ အလားအလာရှိသူ ပုဆိန်ရိုးတွေလို့ နအဖကသတ်မှတ်ထားတဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေ၊ ကျောင်းသားဟောင်းတွေ၊ တခြားအတိုက်အခံနိုင်ငံရေး သမားတွေ၊ လူမျိုးစုတက်ကြွလှုပ်ရှားသူတွေကို အပြတ်ရှင်းပစ်ဖို့ စီမံချက်တွေဆွဲထားပါတယ်။

ဒါကြောင့် ဒုတိယစီမံချက်အတွက် ထိုင်းနိုင်ငံရဲ့ စစ်ဖက်ဆိုင်ရာအချက်အလက်တွေကို အနီးကပ်ထောက်လှမ်းစောင့်ကြည့်ပြီး ကြည်းကြောင်းစစ်ဆင်ရေးအတွက် အချက်အလက်တွေစုဆောင်းပြင်ဆင်နေပါတယ်။ နယ်စပ်တလျှောက်မှာလည်း (၁၂၀) မမ၊ (၁၀၅) မမ စတဲ့လက်နက်ကြီးတွေချထားပြီးသွားပြီ ဖြစ်ပါတယ်။ တတိယ စီမံချက်အဖြစ်တော့ နိုင်ငံရေးလှုပ်ရှားသူ (၁၂၂၁) ဦးရဲ့ “နာမည်ဆိုးစာရင်း” ပြုစုထားပြီး အမေရိကန် ကျူးကျော်တိုက်ခိုက်မှုစတင်တာနဲ့ အမြန်ဆုံးသုတ်သင်ပစ်ဖို့ တိုင်းစစ်ဌာနချုပ်တွေကို အမိန့်ပေးထားတယ်။

လက်တွေ့ပြည်တွင်းစစ်ဆင်ရေး အစီအမံတွေအဖြစ် “ပြည်သူ့စစ်မဟာဗျူဟာ” ဆိုတာကို ချမှတ်ထားရာမှာ ကျေးရွာအုပ်စုတခုကို ပြည်သူ့စစ်တပ်ရင်းတရင်းနှုန်းဖွဲ့စည်းဖို့၊ ပြည်သူ့စစ်တပ်ရင်းတွေ ဖွဲ့စည်းရာမှာ တပ်ရင်းမှူးအဆင့်အပါအဝင် စစ်မှုထမ်းဟောင်းတွေကို အမာခံထားဦးစီးစေဖို့၊ ဒုတိယဆင့်အမာခံအဖြစ် စစ်သား၊ ရဲနဲ့မီးသတ်တွေရဲ့ဇနီး သားသမီးတွေ၊ တတိယဆင့်အမာခံအဖြစ် အစိုးရဝန်ထမ်းတွေ၊ စတုတ္ထဆင့်အမာခံကတော့ အစိုးရဝန်ထမ်းတွေရဲ့ ဇနီး ခင်ပွန်း သားသမီးတွေနဲ့ ပြည်သူ့စစ်ကို မတည်ဖို့၊ နအဖရဲ့ တရားဝင်တပ်ဖွဲ့တွေ အားလုံး ရှေ့တန်းထွက်စေပြီး နောက်တန်းနယ်မြေအားလုံးရဲ့ ကာကွယ်ရေးလုံခြုံရေးကို အဲဒီပြည်သူ့စစ်တပ်ရင်းတွေက လုံးဝတာဝန်ယူဖို့၊ မီးသတ်တွေကို စစ်တပ်အသွင် ဖွဲ့စည်းလေ့ကျင့်ဖို့၊ စစ်ဖြစ်တာနဲ့တပြိုင်နက် တပြည်လုံးမှာ အကျဉ်းနည်း စစ်ဆေးကွပ်မျက်ရေး အာဏာအပြည့်ချဖို့တပ်အားလုံး နောက်တန်းဌာနချုပ်တွေကို အသေမကာကွယ်ဘဲ မိမိဒေသတွင်း ကျေးလက်တောတောင်တွေမှာ လှုပ်ရှားအခြေပြုဖို့ အစီအစဉ်တွေ ပါဝင်ပါတယ်။ ပျဉ်းမနားကြပ်ပြေးကို မြို့တော်ရွှေ့တာ၊ ရေဇင်းအရှေ့ဘက်တောင်ပေါ်တောထဲမှာ လျှို့ဝှက်မြေအောက်စခန်းကြီးဆောက်ထားတာတွေလည်း ဒီအစီအမံအောက်မှာပဲ ဖြစ်ပါတယ်။ ဘိုးတော်ဘုရားခေတ်ကလို လူအင်အားအရေအတွက်ကိုသာ အားထားနေတဲ့ နအဖတပ်ဟာ အသက်ပြည့်တာ မပြည့်တာ၊ စစ်ထဲဝင်ဖို့ သတ်မှတ်စံချိန်တွေ မှီတာမမှီတာကို ဂရုမစိုက်တော့တဲ့အတွက် စစ်တပ်တခုလုံးရဲ့ လေးပုံတပုံနဲ့ သုံးပုံတပုံကြားဟာ ခလေးစစ်သားတွေ ဖြစ်နေပါတယ်။

အမာထည်လက်နက်ပစ္စည်းပိုင်းအနေနဲ့ မြန်မာစစ်တပ်ဟာ ထိုင်း–အမေရိကန်နဲ့ တိုက်တဲ့အခါ ကျည်အခက်အခဲမတွေ့ဖို့ရော စစ်သားတွေကိုယ်ပေါ်မှာ ဂျီသရီးကျည်ထက် ပိုပြီးများများသယ်နိုင်ဖို့ရော အရင်က တလျှောက်လုံးသုံးခဲ့တဲ့ လေးလံတဲ့ဂျီသရီး ဂျီဖိုးနေရာမှာ အမ် (၁၆) ကျည်သုံး ပေါ့ပါးတဲ့ မောင်းပြန်သေနတ်သစ်တွေနဲ့ အစားထိုးခဲ့တာ အခုဆိုရင် တပ်မတပ်တွေနဲ့ (စကခ) တပ်တွေအားလုံးလိုလိုကိုတော့ ပြောင်းလဲတပ်ဆင်ပြီးသွားပါပြီ။ ဒီ အမ်အေသေနတ်တွေကို စကော်ပူကတဆင့် အစ္စရေးနည်းပညာရယူပြီး အစ္စရေးတပ်မတော်ရဲ့ အဓိကတိုက်ပွဲဝင်လက်နက်ငယ်ဖြစ်တဲ့ ဂါလီမောင်းပြန်ရိုင်ဖယ်ကို ပုံစံယူထုတ်လုပ်ထားတာဖြစ်ပါတယ်။ ဒါပေမယ့် စစ်အုပ်စုပီသစွာ ညံ့ဖျင်းလဘော်ကျမှုကြောင့် အမ် (၁၆) ကျည်အစစ်ထည့်ပစ်ရင် ပြောင်းကွဲ အုံပွင့် မဖြစ်တောင် အနည်းဆုံး ပြောင်းကျယ်သွားတာမျိုးဖြစ်ဖြစ်နေတော့ ရန်သူ့ဆီက သိမ်းရတဲ့ကျည်နဲ့ ကျည်အားပြန်ဖြည့်တိုက်ဖို့ဆိုတဲ့ စိတ်ကူးက အရူးအိပ်မက်အဆင့်ထက် မပိုနိုင်ခဲ့ပါဘူး။

လူမသေဘဲ လက်နက်မဆုံးရဆိုတဲ့မူကို တရားသေဆုပ်ကိုင်ထားတဲ့ နအဖစစ်တပ်ဟာ ဒိတ်အောက်နေတဲ့ လက်နက်အိုဟောင်းတွေကိုလည်း အတင်းဆက်သုံးနေလို့ ထိန်းသိမ်းရေးစရိတ်တွေတက် ပစ္စည်းရှားတဲ့ ပြဿနာကို တွေ့နေရတယ်။

စစ်လက်နက်ပစ္စည်းတွေ ခေတ်မှီရေး ကြိုးပမ်းတဲ့အနေနဲ့ (၈၈) နောက်ပိုင်းမှာ ပထမဆုံး စင်္ကာပူနဲ့ပါကစ္စတန်က ရယူခဲ့တယ်။ နောက်ပိုင်းမှာ တရုတ်၊ ယူဂိုစလားဗီးယား (ဆားဘီးယား)၊ အစ္စရေး၊ မြောက်ကိုးရီးယား၊ ပိုလန်၊ ရုရှား၊ ယူကရိန်း၊ အီတလီတို့ကနေ ပေါချောင်ကောင်း စစ်လက်နက်ပစ္စည်းတွေရှာကြံနိုင်ခဲ့တယ်။ ပိုလန်နဲ့ယူကရိန်းတို့ဟာ ဆော်လစ်ဒါရတီ တော်လှန်ရေး၊ လိမ္မော်ရောင်တော်လှန်ရေး နာမည်တွေနဲ့ ဒီမိုကရေစီစစ်စစ် ထူထောင်ထားတယ်ဆိုတဲ့ကြားက မြန်မာနအဖလို ကမ္ဘာ့အဆိုးဆုံးစစ်အာဏာရှင်ကို လက်နက်ရောင်းနေတာဖြစ်ပါတယ်။ အီတလီလည်း အလားတူပါပဲ။ ဒါပေမယ့် အရည်အချင်းညံ့ဖျင်းထုံထိုင်းထူအလှတဲ့ နအဖစစ်အုပ်စုဟာ လက်နက်ရောင်းစားတာ အံခွနေပြီဖြစ်တဲ့ မရဏကုန်သည်တွေရဲ့ ရိတ်တာ လှီးတာတွေ အင်ထုတာတွေကို ကျော်မကောင်းကြား မကောင်း ခံရတာများပါတယ်။ မြန်မာ့တပ်မတော်ထဲက အခုနောက်ပိုင်း လက်နက်ပစ္စည်းသစ်တွေ၊ လေယာဉ်၊ ရဟတ်ယာဉ် စစ်ရေယာဉ်သစ်တွေကို လက်တွေ့ကိုင်တွယ်နေရတဲ့ အရာရှိငယ်တွေ အကြပ်တပ်သားတွေအသိဆုံးပါပဲ။ သဘာဝဓာတ်ငွေ့ ကံစမ်းမဲပေါက်ပြီး တခါမှမမြင်ဖူးတဲ့ ငွေတွေကိုင်လာရလို့ အမ်အိုင်ဂျီ–၂၉ တို့၊ အနုမြူတို့ ဝယ်ဖို့အထိ အကြံကြီးပေမဲ့လည်း လူမိုက်နဲ့ငွေ အတူမနေ ဆိုတဲ့စကားအတိုင်းဖြစ်နေတော့ လက်နက်ပစ္စည်းဖိုး ငွေအပြည့်မချေနိုင်တာ တွေလည်းဖြစ်နေရတယ်။ တပ်ကိုလည်း ဖဆပလခေတ်၊ အစောပိုင်း ဗိုလ်နေဝင်းခေတ်တွေတုန်းကလို မကျွေးမွေး မတပ်ဆင်နိုင်တာကြာပါပြီ။

စစ်သားတွေကို အရည်အချင်းမြှင့်ဖို့ အားထုတ်မှုအနေနဲ့ တရုတ်၊ ရုရှားတို့ကို အဆင့်မြင့်နည်းပညာတွေသင်ဖို့ ပညာတော်သင်လွှတ်ရာမှာ လက်ရှိအရာရှိအင်အား (၁၅၀၀) နဲ့ (၂၀၀၀) ကြား ရုရှားကိုလွှတ်ထားပေမဲ့ စစ်အရာရှိတွေအဖြစ် ရုရှားကနာမည်ကြီးစစ်တက္ကသိုလ်တွေမှာ ဂုဏ်သိက္ခာရှိရှိတက်နေရတာမဟုတ်ဘဲ အရပ်သားတွေအဖြစ်နဲ့ အရပ်ဖက်တက္ကသိုလ်တွေမှာ ဗရုတ်သုက္ခတက်ရောက်နေရတာ ဖြစ်ပါတယ်။ ပြန်လာတဲ့အရာရှိတွေရဲ့ တတ်မြောက်မှုအဆင့်အတန်းကလည်း မှန်းချက်နဲ့မကိုက်တာ ခပ်များများဖြစ်နေတယ်။ ရာထူးတက်လမ်းတခု၊ အမေရိကန် ဥရောပတို့က ဗီဇာပိတ်ထားလို့ ရရာနိုင်ငံခြားသွားဖို့ အခွင့်အလမ်းတခုအဖြစ်သာ သဘောထားတဲ့ ကြေးစားစစ်ဗိုလ်တွေဟာ ခက်ခဲရှုပ်ထွေးလှတဲ့ တတိယလှိုင်းနည်းပညာတွေကို ဘယ်လောက်များ ဇွဲနဘဲနဲ့ ရယူကြမှာလဲ။ သာမန်ရဲဘော်တွေကတော့ အခမဲ့လုပ်အားပေး စိတ္တဇစွဲရောဂါသည် နအဖဗိုလ်ချုပ်တွေလက်အောက်မှာ စစ်သင်တန်းစတက်ကတည်းက ဖက်တိတ်နဲ့ပဲ နှစ်ပါးသွားခဲ့ရပြီး တပ်ကထွက်တဲ့အချိန်ထိ သို့မဟုတ် တပ်ကပြေးတဲ့အချိန်ထိ လုပ်အားပေးဖက်တိတ်ကို ဘယ်နိုင်ငံတကာစစ်တပ်နဲ့မှ မယှဉ်နိုင်အောင် ဖြတ်သန်းနေရပါတယ်။

မြန်မာ့နအဖစစ်ရေးကို ယေဘုယျအားဖြင့် ချုပ်ကြည့်ရင် တခြားနိုင်ငံတွေလို အဆင့်မြင့်ခေတ်မီနည်းပညာတွေကို အားမကိုးဘဲ စစ်ဘက်နဲ့ ဘာမှမဆိုင်တဲ့ အရပ်သားနိုင်ငံရေးသမားတွေကို ကလေးစစ်သားတွေအားကိုးပြီး သတ်ဖို့ပဲအဓိကထားတဲ့ ကျောက်ခေတ်စစ်ရေးဖြစ်နေတာတွေ့ရပါတယ်။

ဂါမဏိ

စာမျက်နှာ (၁၈) ဇသြဆောင်းပါးမှ အဆက်...

တယ်။ မမေးရင် မပြောဘူး။ သတင်းစာရှင်းလင်းပွဲဆိုတာမျိုးကနေ အမြီးရှိတဲ့အကောင်တိုင်း ရိပ်မိကြဆိုတာမျိုးနဲ့ ကြုံးဝါးနေတယ်။ အခုနောက်ဆုံး ကျိုင်းတုံမှာလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ဗိုလ်ကျော်ဆန်း ဖြေသွားပုံဟာ စစ်အုပ်စု မောက်မာမှုအထွတ်အထိပ်ရောက်နေတာကို ပြတာပဲ။

ဗိုလ်ကျော်ဆန်းက ဒီချုပ်ကိုကိုယ့်ယောင်ကိုယ်ဆွဲပြီး နိုင်ငံရေးလောကထဲကနေ ထွက်သွားခိုင်းနေတယ်။ ဒီချုပ်ကို အချိန်မရွေး မတရားသင်းကြေညာနိုင်တယ်လို့ ပြောနေတာပဲ။ တကယ်သာ တည်ကြည်တဲ့ အစိုးရတရပ်ဆိုရင် ဒါလောက်အရေးကြီးတဲ့ ကိစ္စကို မသိကျိုးနွံနေမှာမဟုတ်ဘူး။ အနည်းဆုံး တိတိကျကျတော့ သဘောထားထုတ်ပြန်မှာပဲ။ ဒီချုပ်ဟာ နအဖပြောသလို တောထဲက အင်အားစုတွေနဲ့ ဆက်သွယ်တဲ့အထောက်အထားတွေရှိတယ်ဆိုရင် ချက်ခြင်းအရေးယူဆောင်ရွက်ပါတော့လား။ ရာဇဝတ်မှုတခုဖြစ်တာတွေ့တယ်ဆိုရင် “နေနှင့်ဦး၊ နောင်မှ အရေးယူမယ်”လို့ ဆိုင်းထားလို့ ရသတဲ့လား။ အခုတော့နအဖဟာ ဒီချုပ်ကိုခြိမ်းခြောက်တဲ့နည်းနဲ့၊ အကြပ်ကိုင်တဲ့နည်းနဲ့ ပြန်ပေးဆွဲသလို ဂျပိုးဆန်ဆန်လုပ်ချင်နေတယ်။ သူတို့ကိုယ်သူတို့ ကြောင်ကကြွက်ကို မစားခင် ကစားသလိုကစားလို့ရနေတယ်လို့ ထင်နေကြတယ်။ အခုအခါမှာ နအဖရဲ့ သတင်းစာရှင်းလင်းပွဲတွေဟာ သတင်းမှန်တွေကို ထုတ်ပြန်တာမဟုတ်ပဲ ဟိုလူ့ခြိမ်းခြောက်၊ ဒီလူ့စိမ်ခေါ်၊ တကယ့်ကို လူမိုက်တရားပွဲနဲ့ တူသထက်တူလာနေတယ်။ လူမိုက်ထိပ်သီးလို လက်ခုပ်တီးရင် အူမြူးတာတွေလည်းတွေ့နေရတယ်။

လက်ခုပ်ဆိုလို့ ဗမာစကားမှာ လက်ခုပ်ဆိုတာနှစ်ဖက်တီးမှ မြည်တာလို့ ပြောစမှတ်ရှိတယ်။ သို့ဆောင်းစကားမှာလည်း တယောက်ထဲလက်ဆွဲနှုတ်ဆက်လို့ မရဘူးဆိုတဲ့အဆိုရှိတယ်။ တိုင်းပြည်မှာအခုလို နှစ်ဘက်သီးသီးခြားခြား ကွဲပြားနေတဲ့အခါမှာ နှစ်ဘက်အတူမဖြေရှင်းပဲ တဘက်ထဲကပဲ ကိုယ်ထင်သလိုဖြေရှင်းလို့ကတော့ ဘာမှဖြစ်မလာတာသေချာတယ်။

လက်ဆွဲနှုတ်ဆက်လို့မရတော့တဲ့အခါမှာ လက်ဖြန့်တောင်းမနေနိုင်တဲ့လက်တွေဟာ လက်သီးလက်မောင်းတန်းကုန်မှာပဲ။

ဇသြ


BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာချုပ်**
**ဇီဝဖိုး**
**တာဝန်ခံအယ်ဒီတာ**
**နေသွင်**
**သတင်းအယ်ဒီတာ**
စောမင်း ထိုက်ကျော်၊ ကျော်ဦး ညို၊
ဘုန်းမြင့်၊ ခွာညို
စာမျက်နှာဖွဲ့စည်းမှု
စောဒီထူး၊ အောင်ထက်

မိုးကြိုး သတင်းစဉ် သို့

စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com



ပြည်တွင်းလှုပ်ရှားမှု
ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအံတုမှု ကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့


# ကချင်ငြိမ်းအဖွဲ့မှ တပ်ဖွဲ့ဝင်များကို နအဖတပ်ကဝင်ရောက်ဖမ်းဆီး

အပစ်အခတ်ရပ် အဖွဲ့တဖွဲ့ဖြစ်သော ကချင် လွတ်မြောက်ရေးတပ်မတော် (ကေအိုင်အေ) တပ်မဟာ (၄) မှ အရာရှိတဦး အပါအဝင် တပ်ဖွဲ့ဝင် (၁၀) ဦးကို နအဖ အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် လက်အောက်ခံတပ်ဖွဲ့များက ဧပြီလ (၂၁) ရက်နေ့က ဝင်ရောက်ဖမ်းဆီးသွားကြောင်း သိရှိရသည်။

ယခုဖမ်းဆီးမှုမှာ မြန်မာစစ်တပ်၏ ဘိန်းနှိမ်နင်းမှု စစ်ဆင်ရေးအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကချင်တပ်ဖွဲ့ဝင်များသည် ၎င်းတို့ထိန်းချုပ်ရာနယ်မြေများအတွင်း ဘိန်းချက်စက်ရုံများရှိနေသည်ကို သတင်းထိန်ချန်ခဲ့သည်ဟု နအဖကစွပ်စွဲသည်။

နအဖတပ်များသည် အဆိုပါနယ်မြေရှိ ကျောက်ဂူတခုအတွင်းမှ ဘိန်းထုတ်လုပ်ရာတွင်သုံးသော ပိုင်ရှင်မဲ့ ဓါတုဗေဒပစ္စည်းများကိုတွေ့ရှိခဲ့ပြီးနောက် ကေအိုင်အေတပ်ဖွဲ့ဝင်များကို ယခုကဲ့သို့ဖမ်းဆီးသွားခြင်းဖြစ်သည်။ ကေအိုင်အေက ၎င်းပစ္စည်းများသည် မိမိတို့နှင့်သက်ဆိုင်ခြင်းမရှိဟု ငြင်းဆိုထားသည်။

ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်လုံထန်ဒေသ အခြေစိုက် ကေအိုင်အေတပ်မဟာ (၄) သည် ယခုနှစ်ဆန်းပိုင်းကလည်း မြန်မာစစ်တပ်၏ ဝင်ရောက်ပစ်ခတ်ခြင်းခံခဲ့ရသည်။ ယင်းပစ်ခတ်မှုတွင် ကေအိုင်အေတပ်သား (၆) ဦးသေဆုံးခဲ့ရပြီး နအဖဘက်က မှားယွင်းပစ်ခတ်မှုဖြစ်သည်ဟု အကြောင်းပြခဲ့သည်။

အဖမ်းခံထားရသူများကို ပြန်လွှတ်ပေးရန် တပ်မဟာ (၄) တပ်မဟာမှူး ဗိုလ်မှူးဇော်ရော်ကိုယ်တိုင် လားရှိုးသို့သွားရောက်၍ ခမရတိုင်းမှူးနှင့် ဆွေးနွေးခဲ့သော်လည်း ပြေလည်မှုမရဟု သတင်းများက ဆိုသည်။

ယခုအခါတပ်မဟာ (၄) နယ်မြေသို့ နအဖတပ်များ တိုးမြှင့်ဝင်ရောက်နေမှုများ နှစ်ဘက်အခြေအနေ တင်းမာနေသည်ဟု သတင်းများကဆိုသည်။

အမည်မဖော်လိုသော ကေအိုင်အေ အရာရှိတဦးက နအဖတပ်များသည် တပ်မဟာ (၄) ကို အပြတ်ရှင်း၍ နယ်မြေကို အပိုင်သိမ်းယူလိုရန် အကြံအစည်ရှိပုံရသည်ဟု ပြောဆိုသည်။

❖

# ငွေသိန်းတထောင်ကို လက်မခံ မြင်းခြံအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါတီမှ နုတ်ထွက်မည်မဟုတ်

မြင်းခြံမြို့ အဲန်အယ်လ်ဒီဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းကို အာဏာပိုင်များက ပါတီမှနုတ်ထွက်လျှင် အတိုးမဲ့ချေးငွေသိန်းတထောင် ထုတ်ပေးမည်ဟု စည်းရုံးခဲ့သော်လည်း ၎င်းကကမ်းလှမ်းချက်ကို ပယ်ချလိုက်သည်။

"ကျနော်တို့ အထွေထွေအတွင်းရေးမှူးကလည်း ကျနော်တို့ကိုပြောထားတာပဲ၊ ကျနော်တို့ခိုင်မာရမယ်လေ။ သူတို့က ဝင်မရဘူးဆိုတာ သိတာနဲ့တပြိုင်နက် နောက်ဆုတ်သွားတာပါပဲ။ အဖမ်းခံရတဲ့သူတွေအပေါ်မှာ ပဲမူတည်တာပါပဲ၊ ဘာနဲ့ပဲပေးပေးပေါ့၊ ကျနော်တို့က သေဆိုလဲအသေခံမှာပါပဲ" ဦးမောင်မောင်ဝင်းက အာရ်အက်အေသို့ ပြောသည်။

ဦးမောင်မောင်ဝင်း (ခေါ်) ဦးဝင်းမောင်သည် (၁၉၉၀) ရွေးကောက်ပွဲတွင် မဲလေးသောင်းနီးပါးဖြင့် အနိုင်ရရှိခဲ့သော မြင်းခြံမြို့အမှတ် (၂) မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည်။

အဖွဲ့ချုပ်ဝင်များကို ယခုကဲ့သို့ငွေကြေးဖြင့်ဖြားယောင်းခြင်း၊ အကြပ်ကိုင် နုတ်ထွက်ခိုင်းခြင်းများဖြစ်ပေါ်နေသည်မှာ နှစ်အတန်ကြာနေပြီဟု မန္တလေးတိုင်းမှ အဖွဲ့ချုပ်ဝင်များကပြောသည်။

နအဖစစ်အာဏာပိုင်များ၏ ဖိအားပေးမှုကြောင့် မန္တလေးတိုင်းအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ၊ စဉ့်ကူးမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောဌေးနှင့် မန္တလေးတိုင်းအဖွဲ့ချုပ်ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ ဦးစံလှဘော်တို့ ဧပြီလ စတုတ္ထပတ်တွင် ပါတီမှနုတ်ထွက်သွားကြသည်။

ဦးစောဌေးနုတ်ထွက်ရခြင်းနှင့်ပတ်သက်၍ မန္တလေးတိုင်းစည်းအဖွဲ့ဝင် ဒေါ်ဝင်းမြမြက "အဲန်အယ်လ်ဒီကို အားလျော့အောင် ဖိအားတွေကို တအားပေးနေတယ်ဆိုတဲ့ အနေအထားဟာ သေချာနေတယ်၊ (၉၈) ခုနှစ်ကနေပြီးတော့ (၂၀၀၀) ခုနှစ်လောက်အထိကတော့ ခြိမ်းခြောက်ပြီးတော့ ဖိအားပေးထွက်ခိုင်းတဲ့စနစ်ပဲ၊ ဒီပဲယင်းပြီးတဲ့နောက်ပိုင်းမှာတော့ ချော့ပြီးတော့မှ ဖိအားပေး မက်လုံးပေးထွက်ခိုင်းတဲ့အပိုင်းပေါ့"ဟု ပြောသည်။

အသက် (၇၀) ကျော်ပြီဖြစ်သော ဦးစောဌေးသည်လည်းကျန်းမာရေးအခြေအနေကြောင့် ယမန်နှစ်က ခွင့်ရက်ရှည်ယူထားသော်လည်း၊ အဖွဲ့ချုပ်အပေါ် အလွန်တာဝန်ကျေခဲ့သူဖြစ်သည်ဟု ဒေါ်ဝင်းမြမြကပြောသည်။

အလားတူ တာဝန်မှနုတ်ထွက်သွားသူ မန္တလေးတိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဟောင်း၊ ဗိုလ်မှူးကြီးစံလှဘော်သည် ကျန်းမာရေးကြောင့် (၂၀၀၀) ခုနှစ်တွင် တာဝန်မှအနားယူခဲ့သော်လည်း အဖွဲ့ချုပ်က မန္တလေးတိုင်းအဖွဲ့ချုပ်၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ပေးအပ်ထားခံရသူဖြစ်သည်။ ❖

# ကမ္ဘာ့အလုပ်သမားနေ့အခမ်းအနားကို ထိုင်း-မြန်မာနယ်စပ်တွင်ကျင်းပ

**"အလုပ်သမားအခွင့်အရေးကို အလုပ်ရှင်တွေက လာပေးမှာမဟုတ်သလို အစိုးရတွေကလည်း ပေးမှာမဟုတ်ဘူး။ ကျနော်တို့ဘာသာတိုက်ယူရမယ်။ တိုက်ပွဲဆိုတာ နိုင်တဲ့အခါနိုင်မယ်။ ရှုံးချင်လည်းရှုံးမယ်။ ဘာပဲဖြစ်ဖြစ် ကျနော်တို့တိုက်ရမယ်။"**

ကမ္ဘာ့သမိုင်းတွင် အလုပ်သမားထုကြီးက အရင်းရှင်များအပေါ် အောင်ပွဲခံခဲ့သော အထိမ်းအမှတ်အခမ်းအနားများကို ထိုင်း-မြန်မာနယ်စပ်တွင် အလုပ်သမားအရေးလှုပ်ရှားနေသောအဖွဲ့များက စုစည်းကျင်းပခဲ့ကြပြီး မြန်မာနိုင်ငံသားရွှေ့ပြောင်းအလုပ်သမား ရာပေါင်းများစွာတက်ရောက်ခဲ့ကြသည်။

အလုပ်သမားသွေးစည်းညီညွတ်ရေးအဖွဲ့က ဦးစီးကျင်းပပြီး၊ အလုပ်သမား (၃၀၀) ကျော်တက်ရောက်သော အခမ်းအနားတွင် အဖွဲ့၏တာဝန်ခံ ဦးသံဒုတ်က အလုပ်သမားများအနေဖြင့် ဥပဒေကို လက်တလုံးခြားလုပ်နေသော ယနေ့ခေတ် အရင်းရှင်ကြီးများထံမှ မိမိတို့အခွင့်အရေးကို သတ္တိရှိရှိဖြင့် ပြန်တိုက်ယူရမည်ဟုပြောသည်။

"သူတို့မှာ ငွေရှိတယ်။ ငွေနဲ့ငှားလို့ရတဲ့ ဥပဒေပညာရှင်တွေရှိတယ်။ ဒီလို အရင်းရှင်မျိုးကို တိုက်ဖို့အတွက် ကျနော်တို့မှာညီညွတ်မှုလိုတယ်။ ဥပဒေကြောင်းအရ တွေးခေါ်မှုမြင့်မားဖို့လိုတယ်။ အပြန်အလှန်နားလည်ဖို့လိုတယ်။ သတ္တိရှိဖို့လည်းလိုတယ်"ဟု ကိုသံဒုတ်ကဆိုသည်။

အလားတူ ထိုင်းအလုပ်သမားလှုပ်ရှားမှုအဖွဲ့ (Thai Labour Campaign)မှ ခေါင်းဆောင်တဦးက အရင်းရှင်အစိုးရများသည် စီးပွားရေးအရင်းရှင်ကြီးများ၏ ငွေပေးစည်းရုံးခြင်းကိုခံထားရသဖြင့် အလုပ်သမားများအနေဖြင့် မိမိတို့အခွင့်အရေးကို မိမိတို့ကိုယ်တိုင်တိုက်ယူမှရမည်ဟုပြောသည်။

"အလုပ်သမားအခွင့်အရေးတွေကို အလုပ်ရှင်တွေက လာပေးမှာမဟုတ်သလို အစိုးရတွေကလည်းပေးမှာ မဟုတ်ဘူး။ ကျနော်တို့ဘာသာတိုက်ယူရမယ်။ တိုက်ပွဲဆိုတာနိုင်တဲ့အခါနိုင်မယ်။ ရှုံးချင်လည်း ရှုံးမှာပဲ။ ဒါပေမယ့် ကျနော်တို့တိုက်ရမယ်" ဟု အဆိုပါ ထိုင်းအလုပ်သမားခေါင်းဆောင်က ပြောသည်။

အခမ်းအနားသို့တက်ရောက်လာသူ စက်ရုံအလုပ်သမားတဦးကလည်း အလုပ်သမားတိုက်ပွဲလမ်းကြောင်းတွင် အခက်အခဲများရှိနိုင်သော်လည်း အလုပ်သမားများ ညီညီညွတ်ညွတ်ဖြင့် ဆက်လက်တိုက်ပွဲဝင်သွားမည့်အကြောင်းကို သူ၏အတွေ့ကြုံများဖြင့် နှိုင်းယှဉ်ပြောပြခဲ့သည်။

"ထမင်းငတ်တဲ့အခါငတ်တယ်။ ဒါပေမယ့်မကြောက်ပါဘူး။ ကိုယ်တွေက ခံလာရတာနှစ်နဲ့ချီနေပြီ။ အဲ့ဒီတော့ တိုက်ရမယ်။ အဓိကကနိုင်ဖို့ပဲ။ အလုပ်သမားတွေဖိနှိပ်ခံနေရတယ်။"ဟု သူမကပြောသည်။

အလုပ်ဖြုတ်ခံရပြီးနောက်ပိုင်းတွင် အလုပ်လက်မဲ့ဘဝဖြင့်အတန်ကြာ ရုန်းကုန်ခဲ့ရသော်လည်း ၎င်းတို့က အလုပ်ရှင်ကိုပြန်လည်းတရားစွဲခဲ့ကြောင်း၊ အဆင့်ဆင့်အယူခံဝင်ခဲ့ပြီးနောက်တွင် ယခုအခါ ဘန်ကောက်ဗဟိုတရားရုံး၏ အဆုံးအဖြတ်ကိုစောင့်နေသည်ဟု သူမကဖြည့်စွက်ပြောသည်။

အလုပ်သမားများက အလုပ်ရှင်များကို ပြန်တရားစွဲသောအမှုများတွင် ယခုနှစ်ဆန်းပိုင်းမှစ၍ အလုပ်ရှင်များဘက်မှ ငွေထိုင်းဘတ်သိန်း (၆၀) ကျော် လျော်ကြေးပေးခဲ့ရသည်ဟု ရောင်ခြည်ဦးအလုပ်သမားအဖွဲ့မှ ကိုချက်ကြီးက မိုးကြိုးသို့ပြောသည်။

အမှုတခုတွင် အလုပ်ရှင်သည် တရားရုံးက ဆုံးဖြတ်သော ဘတ်ငွေသိန်း (၁၆၀) ကို လျော်ကြေးမပေးနိုင်သဖြင့် အလုပ်သမားများက ဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်နေသည်ဟု ကိုချက်ကြီးကပြောသည်။

ရောင်ခြည်ဦးအလုပ်သမားအဖွဲ့က ဦးဆောင်ကျင်းပသော (၁၁၆) ကြိမ်မြောက် ကမ္ဘာ့အလုပ်သမားနေ့ အခမ်းအနားတွင် အဖွဲ့၏တာဝန်ခံ ဦးမိုးဆွေက "အလုပ်သမားတွေမှာ ရသင့်ရထိုက်တဲ့ ကိုယ်ပိုင်အခွင့်အရေးတွေရှိတယ်။ အဲ့ဒါတွေကလည်း အလိုလျောက် ရလာတာမဟုတ်ဘူး။ တိုက်ယူမှရမယ်" ဟု ပြောကြားခဲ့သည်။



ကမ္ဘာ့အလုပ်သမားနေ့အခမ်းအနား ထိုင်း-မြန်မာနယ်စပ်တွင် ကျင်းပနေစဉ်


ကမ္ဘာ့အလုပ်သမားနေ့အခမ်းအနားသို့ တက်ရောက်လာကြသူများ

အလုပ်သမားနေ့အထိမ်းအမှတ်အဖြစ် နယ်စပ်အခြေစိုက် အဝေးရောက်ရောဝတီလူမှုရေးအသင်းကဦးဆောင်၍ အလုပ်သမား (၁၅၀) ခန့်သည် မဲတော်ဆေးခန်းနှင့် မဲဆောက်ဆေးရုံကြီးတွင် သွေးလှူဒါနပြုခဲ့ကြသည်။

(၁၈) ရာစုတွင် အမေရိကန် အလုပ်သမားများက စတင်လိုက်သော တနေ့အလုပ်ချိန် (၈) နာရီ သတ်မှတ်ပေးရေးအပါအဝင် အလုပ်သမားအခွင့်အရေးတိုက်ပွဲများ အတွင်း ကမ္ဘာတဝှမ်းတွင် အလုပ်သမားအများအပြား အသက်ပေးခဲ့ရသည်။

❖



မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ၏အစီအစဉ်ဖြင့်ထုတ်ဝေသည်

# မိုးကြိုး သတင်းစဉ်

## အထူးစာမျက်နှာ

အမှတ် (၇၃) ၂၀၀၆ ခုနှစ်၊ မေလ

The Lightning Newsletter




နှီးနှောဖလှယ်ပွဲ သဘာပတိအဖွဲ့ဝင် NDF ဥက္ကဋ္ဌ ပဒိုစောဘသင်စိန်

'လွတ်လပ်မှု၊ တန်းတူမှုတည်းဟူသော လောကပါလတရားကို ဦးထိပ်ထားလျက် ကျွန်ုပ်တို့ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတို့သည် ငြိမ်းချမ်းသာယာဝပြော၍ ထာဝစဉ် အစွန့်ရှည်တည်တံ့ခိုင်မြဲမည့် ဖက်ဒရယ်ပြည်ထောင်စုကို စုပေါင်းညီညာတည်ဆောက်အံ့သောငှာ ဤဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းအပ်ပေသည်'

**နိဒါန်း**
**(ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံ)**

**ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးတို့သာမက ကျား-မ တန်းတူရေးဆိုင်ရာအခွင့်အရေးများကိုပါ အပြည့်အဝ အာမခံချက်ပေးနိုင်မည့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) တရပ်ကို ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံမှ နိုင်ငံရေးအင်အားစုများ၊ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် အနိုင်ရရှိထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ လူငယ်အဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများပါဝင်သည့် အဖွဲ့ပေါင်း (၅၉) ဖွဲ့မှ ကိုယ်စားလှယ်ပေါင်း (၁၀၁) ဦးတို့က ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြီး သက္ကရာဇ်၂၀၀၆-ခုနှစ်၊ ဧပြီလ (၆) ရက်မှ (၈) ရက်နေ့အထိ (၃) ရက်တိုင်တိုင် လော်ခီးလာစခန်း၌ကျင်းပခဲ့သော နှီးနှောဖလှယ်ပွဲတွင် တညီတညွတ်တည်း အတည်ပြုနိုင်ခဲ့ကြသည်။**

(လော်ခီးလာစခန်း၊ ကော်သူးလေ ထုတ်ပြန်ကြေညာချက် အပုဒ် -၁)




နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသော အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်တော်များ

# ဖက်ဒရယ်ပြည်ထောင်စုတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် အမြင့်ဆုံးဥပဒေဖြစ်သည်




ဤသို့ အတည်ပြုလိုက်သော ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) သည် သက္ကရာဇ် ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက် ပြည်ထောင်စုနေ့တွင် အတည်ပြုချမှတ်ခဲ့သော အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် "လမ်းညွှန်မှု (၈) ချက်" နှင့် "ဆုံးဖြတ်ချက် (၃) ရပ်" တို့အပေါ် ကျောရိုးပြု၍ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးနှင့် ညှိနှိုင်းမှုကော်မတီ (FCDCC) မှ တာဝန်ယူရေးဆွဲထား သောမူကြမ်းပင်ဖြစ်ပါသည်။

(လော်ခီးလာစခန်း၊ ကော်သူးလေ ထုတ်ပြန်ကြေညာချက် အပုဒ် -၂)



အခန်းကြီး (၁၄) ခန်းနှင့် ပုဒ်မပေါင်း (၁၉၇) ပုဒ်မပါဝင်သော ဤဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေ (မူကြမ်း) သည် ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးအတွက်သာမက ပင်လုံညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုးခေါင်းဆောင်များ မျှော်မှန်းခဲ့သည့် စစ်မှန်သည့်ပြည်ထောင်စုစနစ် တည်ဆောက်ရေးကိုပါ ဦးတည်ရည်မှန်းထားခြင်းဖြစ်ပါသည်။

ထို့ကြောင့် ဤဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်း ပုံအခြေခံဥပဒေ (မူကြမ်း) သည် တိုင်းရင်းသားပြည်သူတရပ်လုံး၏ဆန္ဒကို ထင်ဟပ်စေပြီး ယင်းကို တရားဝင်အတည်ပြုနိုင်သောနေ့သည် အနှစ် (၅၀) ကျော် ပြည်တွင်းစစ်ချုပ်ငြိမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးတို့အတွက် အဆုံးအဖြတ်ပေးမည့် နေ့ဖြစ်လိမ့်မည်ဖြစ်ကြောင်း နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်အားလုံးက တညီတညွတ်တည်း သဘောထားရှိကြပါသည်။

(လော်ခီးလာစခန်း၊ ကော်သူးလေ ထုတ်ပြန်ကြေညာချက် အပုဒ် -၃)



ယခုနှီးနှောဖလှယ်ပွဲကြီးက အတည်ပြုလိုက်သော ဤဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို ပြည်ထောင်စုတဝှမ်းလုံးရှိ တိုင်းရင်းသားပြည်သူတရပ်လုံးထံသို့လည်းကောင်း၊ နိုင်ငံတကာမိသားစုများထံသို့လည်းကောင်း၊ နည်းလမ်းပေါင်းစုံဖြင့် ရှင်းလင်းတင်ပြသွားကြရမည်ဖြစ်သည်။ ထို့ပြင် နအဖစစ်အုပ်စုနှင့် အနှစ်သာရရှိသော သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးပွဲ အမြန်ဆုံးစတင်နိုင်ရေးအတွက် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားအင်အားစုများ၏ နိုင်ငံရေးရပ်တည်ချက်အဖြစ်လည်း အသုံးပြုတင်ပြသွားမည်ဖြစ်ပါသည်။

(လော်ခီးလာစခန်း၊ ကော်သူးလေ ထုတ်ပြန်ကြေညာချက် အပုဒ် -၄)




နအဖစစ်အုပ်စုအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို အမှန်တကယ်လိုလားပါက အဖွဲ့အစည်းပေါင်းစုံ ပါဝင်သည့် နှီးနှောဖလှယ်ပွဲကြီးက သဘောတူအတည်ပြုထားသော ဤဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေ (မူကြမ်း) ကို ပြည်သူလူထုတရပ်လုံး၏ စစ်မှန်သော ကိုယ်စားလှယ်များပါဝင်စေလျက် လွတ်လပ်ပွင့်လင်းစွာ နှီးနှောဖလှယ်နိုင်သည့် စစ်မှန်သောအမျိုးသားညီလာခံကြီးတွင် တတပ်တအား ပါဝင်တက်ရောက်ဆွေးနွေးကြပါရန် ဤထုတ်ပြန်ကြေညာချက်ဖြင့် ဖိတ်ခေါ်ကမ်းလှမ်းလိုက်ပါသည်။

(လော်ခီးလာစခန်း၊ ကော်သူးလေ ထုတ်ပြန်ကြေညာချက် အပုဒ် -၅)

**တရားဝင်အတည်ပြုနိုင်သောနေ့သည် အနှစ် (၅၀) ကျော် ပြည်တွင်းစစ်ချုပ်ငြိမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးတို့အတွက် အဆုံးအဖြတ်ပေးမည့်နေ့ဖြစ်လိမ့်မည်**

ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံသည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ယင်းကို ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံဟု ခေါ်တွင်စေရမည်။

**(ပုဒ်မ–၁၊ ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံ)**

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိ၍ တန်းတူသော နိုင်ငံရေးအာဏာများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အပ်နှင်းခြင်းခံရသည့် ပြည်နယ်များဖြင့် ဖက်ဒရယ်ပြည်ထောင်စုကို ဖွဲ့စည်းစေရမည်။

**(ပုဒ်မ–၂၊ ဖွဲ့စည်းခြင်း)**

ဖက်ဒရယ်ပြည်ထောင်စု၏ အချုပ်အခြာအာဏာဟူသမျှတို့သည် နိုင်ငံသားတို့၏ လက်ဝယ်၌တည်ရှိသည်။

**(ပုဒ်မ–၃၊ အချုပ်အခြာအာဏာ)**

ယင်းအချုပ်အခြာအာဏာကို ပုံမှန်ကျင်းပမြဲဖြစ်သော လွတ်လပ်၍တရားမျှတသည့် အထွေထွေရွေးကောက်ပွဲများမှတဆင့် လျှို့ဝှက်မဲပေးစနစ်ဖြင့် နိုင်ငံသားတို့က ရွေးချယ်ခန့်အပ်သည့် လွှတ်တော်ကိုယ်စားလှယ်များက ဤဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခံယူကျင့်သုံးစေရမည်။

**(ပုဒ်မ–၄၊ အချုပ်အခြာအာဏာကျင့်သုံးခြင်း)**

(က) အချုပ်အခြားအာဏာ၏ ပင်မကျောရိုးသုံးရပ်ဖြစ်သော ဥပဒေပြုမှုအာဏာ၊ အုပ်ချုပ်မှုအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ခွဲခြားကျင့်သုံးစေရမည့်အပြင် အာဏာတရပ်နှင့်တရပ်အကြား အပြန်အလှန်ထိန်းညှိမှု ရှိစေရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စု၏ အချုပ်အခြာအာဏာကို ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင် ဖွဲ့စည်းထားသည့် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၊ ဖက်ဒရယ်ပြည်ထောင်စုအစိုးရ၊ ဖက်ဒရယ်ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်ခံ အခြားတရားရုံးအဆင့်ဆင့်တို့က ကျင့်သုံးစေရမည်။

**(ပုဒ်မ–၅၊ အာဏာခွဲခြားမှု)**

ဖက်ဒရယ်ပြည်ထောင်စုနှင့် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအကြားတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးတည်းဟူသော အာဏာကြီး (၃) ရပ်ကို ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခွဲဝေကျင့်သုံးစေရမည်။

**(ပုဒ်မ– ၆၊ အာဏာခွဲဝေကျင့်သုံးခြင်း)**

(က) ဖက်ဒရယ်ပြည်ထောင်စုသည် နိုင်ငံရေးနှင့် ဘာသာရေးရောစပ်ခြင်းမရှိစေဘဲ ဘာသာရေးကိုအခြေမခံသော နိုင်ငံဖြစ်စေရမည်။

(ခ)ဘာသာရေးကိုအသုံးချ၍ နိုင်ငံရေးကိစ္စများကို ဆောင်ရွက်ခွင့်မရှိစေရ။

(ဂ) မည်သည့်ဘာသာအယူဝါဒကိုမျှ နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းခြင်းမရှိစေရ။

**(ပုဒ်မ–၇၊ ဘာသာရေးကို အခြေမခံသောနိုင်ငံ)**

ဖက်ဒရယ်ပြည်ထောင်စု၏ မြေထု၊ရေထု၊ လေထုပါဝင်သော နယ်နိမိတ်သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် တည်ရှိသည့်အတိုင်းဖြစ်သည်။ ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအားလုံး၏ သဘောတူညီချက်မရှိဘဲ ဖက်ဒရယ်ပြည်ထောင်စု၏နယ်နိမိတ်ကို ပြင်ဆင်ခြင်းမပြုစေရ။

**(ပုဒ်မ–၈၊ နယ်နမိတ်)**



ကေအဲန်ယူ အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာလဖန်း




ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မတီ အတွင်းရေးမှူး ကိုမျိုးဝင်း



တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ



အမျိုးသမီးအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ကိုယ်စားလှယ် ဒေါ်နိုးနိုးထက်စံ



နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသော သတင်းထောက်များ

(က) ဖက်ဒရယ်ပြည်ထောင်စု၏ နိုင်ငံရေးစနစ်သည် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်သည်။

(ခ) နိုင်ငံရေးပါတီများကို ဒီမိုကရေစီအခြေခံကျင့်စဉ်များနှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်နိုင်သည်။

(ဂ) နိုင်ငံရေးဆိုင်ရာ ဥပဒေကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးရမည်။

**(ပုဒ်မ–၉၊ နိုင်ငံရေးစနစ်)**

ဖက်ဒရယ်ပြည်ထောင်စုတွင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေသည် အမြင့်ဆုံးဥပဒေဖြစ်သည်။

**(ပုဒ်မ–၁၀၊ အမြင့်ဆုံးဥပဒေ)**

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ကို အမျိုးသားလွှတ်တော် (Chamber of Nationalities) နှင့် ပြည်သူ့လွှတ်တော် (Chamber of Peoplse's Representatives) တို့ဖြင့် ဖွဲ့စည်းသည်။

**( ပုဒ်မ – ၅၆၊ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ဖွဲ့စည်းမှု)**

ဤဖွဲ့စည်းပုံအရ အပ်နှင်းထားသည့် ဥပဒေပြုအာဏာအားလုံးသည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်တွင် တည်ရှိသည်။

**(ပုဒ်မ –၅၇၊ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ အာဏာ)**

(က) ဥပဒေကြမ်းများကို ဖက်ဒရယ်ပြည်ထောင်စုအစိုးရကသော်လည်းကောင်း၊ လွှတ်တော်တရပ်၏ ကိုယ်စားလှယ်များကသော်လည်းကောင်း တင်သွင်းရမည်။

(ခ) ငွေဥပဒေကြမ်းများကို ပြည်သူ့လွှတ်တော်၌သာ စတင်တင်သွင်းရမည်။

(ဂ) သဘာဝသယံဇာတနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို အမျိုးသားလွှတ်တော်၌သာ စတင်တင်သွင်းရမည်။

**(ပုဒ်မ – ၉၁၊ ဥပဒေကြမ်းတင်သွင်းခြင်းက)**

တရားစီရင်မှုအာဏာသည် တရားရုံးများတွင် တည်ရှိရမည်။ တရားစီရင်ရေးအာဏာကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ဥပဒေနှင့်အညီ အဆင့်ဆင့်တည်ထောင်ထားသော တရားရုံးများတွင် ကျင့်သုံးပိုင်ခွင့်ရှိပြီး လွတ်လပ်သောတရားစီရင်ရေးစနစ်ဖြစ်ရမည်။

**(ပုဒ်မ – ၁၂၄၊ တရားစီရင်ပိုင်ခွင့်အာဏာ)**

(က) ဖက်ဒရယ်ပြည်ထောင်စု လက်နက်ကိုင်တပ်ဖွဲ့များသည် ဖက်ဒရယ်ပြည်ထောင်စု၏ လုံခြုံရေးနှင့် ပြည်သူလူထုကိုကာကွယ်စောင့်ရှောက်ရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုလက်နက်ကိုင်တပ်ဖွဲ့များသည် ငြိမ်းချမ်းရေးကို ထိန်းသိမ်းရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စု လက်နက်ကိုင်တပ်ဖွဲ့များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စု လက်နက်ကိုင်တပ်ဖွဲ့များသည် မည်သည့်နိုင်ငံရေးပါတီ၏ ပါတီဝင်မျှ မဖြစ်စေရ။ မည်သည့်နိုင်ငံရေးပါတီ (သို့တည်းမဟုတ်) လူပုဂ္ဂိုလ်တို့၏ သြဇာခံ မဖြစ်စေရ။

(င) ဖက်ဒရယ်ပြည်ထောင်စုကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာတပ်ဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်မှုတွင် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအားလုံး၏ အချိုးကျကိုယ်စားပြုမှုရှိရမည်။

**(ပုဒ်မ – ၁၄၈၊ ဖက်ဒရယ်ပြည်ထောင်စု ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အခြေခံမူများ)**

❍

# ဖက်ဒရယ်ဖွဲ့စည်းပုံမူကြမ်းရေးဆွဲရေးနှင့် ညှိနှိုင်းရေးကော်မတီ ဒုဥက္ကဋ္ဌ ခွန်မားကိုဘန်းနှင့် မိုးကြိုးအင်တာဗျူး

**မေး ။ ။ အခုကျင်းပပြီးစီးသွားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနှီးနှောဖလှယ်ပွဲရဲ့ အဓိက အကျိုးဖြစ်ထွန်းမှုက ဘာတွေပါလဲ။**

ဖြေ ။ ။ ကျနော်တို့ (FCDDC) ကနေ ပြီးတော့ ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းနဲ့ပတ်သက်ပြီးတော့ နှီးနှော ဖလှယ်ပွဲကျင်းပရတာဖြစ်ပါတယ်။

ဒီ (FCDCC) ရဲ့မူကြမ်းရေးဆွဲရေး ကော်မတီကလည်း ရေးဆွဲတာကလည်း ပြီး ခဲ့တဲ့နှစ်က အဖွဲ့အစည်းအသီးသီးကနေချမှတ် ထားတဲ့ (Basic Principle) (၈) ချက် အပေါ် မှာ အခြေခံပြီးတော့ ရေးဆွဲထားတာဖြစ်ပါ တယ်။ အဓိကအချက်ကဘာလဲဆိုရင် ဒီမို ကရေစီအာမခံချက်ရှိရမယ်။ တိုင်းရင်းသား တွေတန်းတူရေး အာမခံချက်ရှိရမယ်။ ကျား၊ မ တန်းတူရေးတွေ အာမခံချက်ရှိရမယ်ဆိုတဲ့ အပေါ်မှာ မူတည်ရေးဆွဲထားတာဖြစ်တယ်။ ဒါကြောင့် ကျနော်တို့ ဒီလိုနေ့မှာ နိုင်ငံရေး အဖွဲ့အစည်းပေါင်းစုံ၊ တိုင်းရင်းသားအဖွဲ့ အစည်းပေါင်းစုံ၊ ဒီမိုကရေစီအဖွဲ့အစည်း ပေါင်းစုံ၊ အမျိုးသမီးများ၊ လူငယ်များ၊ အဖွဲ့ အစည်းများ၊ လူထုလူတန်းစားအခြေခံတဲ့ အဖွဲ့အစည်းပေါင်းစုံ ပါဝင်ဆွေးနွေးကြတဲ့ အတွက် အနာဂတ်မှာ တကယ့်ကို ဒီမိုကရေစီ ဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး အတွက် အများကြီးအထောက်အကူပြုသွား တယ်လို့ပဲ ကျနော်ပြောလိုပါတယ်။

**မေး ။ ။ ကိုယ်စားလှယ်တွေကြားထဲမှာ အခြေအတင်ဆွေးနွေးရတဲ့ကိစ္စရှိပါသလား။ ဘယ်လိုကိစ္စတွေမှာ အဓိကဆွေးနွေးခဲ့ရလဲဆို တာ သိပါရစေ။**

ဖြေ ။ ။ ဒီထဲမှာ ကျနော်တို့က အခြေ အတင်ဆွေးနွေးရတယ်ဆိုတဲ့ဟာ သဘောမျိုး တော့ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့ဟာ နှီးနှောဖလှယ်ပွဲဖြစ်တာကိုး။ ကျနော်တို့က လွှတ်တော်မဟုတ်ဘူးဆိုတော့ ဒီမိုကရေစီအခြေခံလူ့အခွင့်အရေးတွေ ဆွေး နွေးတဲ့အချိန်မှာကျတော့လည်း အခြေအတင် တွေမရှိပါဘူး။ ပြည့်ဝသည်ထက် ပြည့်ဝအောင် ဒီအချက်ထပ်ထည့်ရင်ကောင်းမယ်၊ ဒီပုဒ်မတွေ ထားရင်ကောင်းမယ်ဆိုတဲ့ ဆွေးနွေးချက်ပေါ် မှာပဲရှိပါတယ်။ ထိုနည်းတူပဲ တိုင်းရင်းသား များတန်းတူရေး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အဲဒီ အချက်နဲ့ပတ်သက်ရင်လည်း ဘာမှအခြေ အတင်မရှိပါဘူး။ ကျနော်တို့ တကယ့်ကို အဓိ က ပြည်ထောင်စုအာဏာကို ဘယ်လိုသတ် မှတ်မလဲ၊ ပြည်ထောင်စုအာဏာနဲ့ ပြည်နယ် အာဏာ ဒီပူးတွဲအာဏာဘယ်လိုသတ်မှတ် မလဲ။ ကျန်တဲ့ပြည်နယ် ကျန်တဲ့အာဏာအား လုံးကို ပြည်နယ်အာဏာကို ဘယ်လိုသတ် မှတ်မလဲ၊ လွှဲအပ်မလဲဆိုတဲ့အချက်အလက် အပေါ်မှာ စစ်မှန်တဲ့ဖယ်ဒရယ်ပြည်ထောင်စု စစ်မှန်တဲ့အာဏာခွဲဝေရေးပေါ့၊ အာဏာသုံး ရပ် ခွဲဝေရေးပေါ့၊ပိုင်းပိုင်းခြားခြားဖြစ်အောင် ကောင်းသည်ထက်ကောင်းအောင် ဆွေးနွေးကြ တာပဲရှိပါတယ်။ တကယ့်အခြေအတင်တော့ မရှိပါဘူး။ နောက်ဆုံးတခုကလည်း လူ့အခွင့် အရေးလည်း အဲဒီလိုပါပဲ။ ဘာမှမရှိပါဘူး။ ကောင်းသည်ထက်ကောင်းအောင် ဆွေးနွေးကြ တာပဲရှိပါတယ်။ အမျိုးသမီး၊ အမျိုးသားတန်း တူရေးကိစ္စနဲ့ပတ်သက်ပြီးတော့ အခြေအတင် တော့မဟုတ်ပါဘူး။ ဒါပေမယ့်လို့ ရခိုင်နွှန်း အပြည့်အဝ ဒါတန်းတူရည်တူရှိပြီးသားဖြစ် တယ်။ ဒါကြောင့်အရည်အချင်းအရ ဒီလိုပဲ သတ်မှတ်သွားတယ်။ တန်းတူရည်တူပဲ ထား ပေးတယ်။ အပြည့်အဝပဲထားရမယ်။ ရခိုင် နှုန်း အပြည့်အဝထားရတာပေါ့လေ။ အနည်း ဆုံး (၃၀) ရာခိုင်နှုန်းဆိုတာက ဒါအပြည့်အဝ တန်းတူရည်တူအောက်ရောက်နေပြီဆိုတဲ့ အ မြင်မျိုးနဲ့ဆွေးနွေးကြတာရှိတယ်။ တခြား ကိုယ်စားလှယ်များကလည်း မဟုတ်ဘူး။ ဒီ အမျိုးသမီးတန်းတူရေးဆိုတာ အပြည့်အဝ လက်ခံထားကြတာဟုတ်ပြီ။ ဒါပေမယ့်လို့ အနည်းဆုံး (၃၀) ရာခိုင်နှုန်းဆို အဲဒီလိုမျိုး ထားရှိမှ အဲဒီလိုမျိုးအမျိုးသမီးတွေကို ဆွဲတင် မှပဲ ကျနော်တို့ တကယ့်ကို တန်းတူရေးကို တက်လှမ်းနိုင်မယ်ဖြစ်တယ်ဆိုတဲ့ဟာက ဒါ တွေဆွေးနွေးကြတာရှိပါတယ်။ ဒါပေမယ့် အခြေအတင်ရယ်တော့ မဟုတ်ပါဘူး။

**မေး။ ။ ကျနော်တို့ကြားနေတဲ့သတင်း အရဆိုရင် NLD နဲ့ CRPP မှာလည်း (Constitution) ဆွဲထားပြီးသားရှိတယ်လို့ သိရပါတယ်။ အဲလိုဆိုရင် အခု ဒီဘက်မှာဆွဲ ထားတဲ့ (Constitution) နဲ့ တသားတည်း ဖြစ်အောင် ဘယ်လိုအစီအစဉ်တွေလုပ်ဖို့ရှိလဲ ခင်ဗျ။**

ဖြေ။ ။ (CRPP)၊ (NLD) တို့က ဒီ အနာဂတ် ဖယ်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ ရေးဆွဲထားတယ်ဆိုတဲ့အဆင့်ထိ ကျနော်တို့ မကြားပါဘူး။ ဒါပေမယ့်လို့ သူတို့ပြီးခဲ့တဲ့ (CRPP) ထုတ်ပြန်ကြေညာချက်မှာ ပြန်ကြည့် ရင်တော့ ကျနော်တို့နိုင်ငံဟာ တကယ်စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံဖြစ်ရမယ်။ ဒီမိုကရေစီ လူ့ အခွင့်အရေးကို အပြည့်အဝကာကွယ်ရမယ်။ တိုင်းရင်းသားကလည်း တန်းတူညီတူ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ဖြစ်တဲ့၊ ရှိတဲ့ ပြည်ထောင်စုဖွဲ့စည်း ရမယ်ဆိုတဲ့ဟာ သူတို့သဘောထားထုတ်ပြန် တာကတော့ ကျနော်တို့အခုရေးဆွဲထားတာ နဲ့ ခပ်တူတူပါပဲ။ ဘာမှ ကွာခြားချက်မရှိပါ ဘူး။ ဒါအခြေခံမူ သဘောချထားတယ်ဆိုတဲ့ သဘော။ ဒါ သူတို့ထုတ်ပြန်ကြေ ညာချက် (၂) ချက်ကို ကြည့် လိုက်ခြင်းအားဖြင့်တော့ သူတို့လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေမှ ချ မှတ်ထားတာ ပဲ ။ ဒီမိုကရေစီအရေးတွေ၊ တိုင်းရင်းသားအရေး တွေချမှတ်ထားတာပဲဆိုတော့ ကျနော်တို့ ဒီလိုပဲသိရှိရတယ်။ ကျနော်တို့နဲ့ ကွာခြားချက် မရှိပါဘူး။

**မေး ။ ။ ဒီနှီးနှောဖလှယ်ပွဲနောက်ပိုင်းမှာ (Constitution) နဲ့ပတ်သက်ပြီးတော့ ဆက်လုပ်သွားမယ့် အစီအစဉ်တွေကိုပြောပြ ပေးပါ။**

ဖြေ။ ။ ကျနော်တို့ဖွဲ့စည်းပုံဆိုတာ မူကြမ်း ပဲရှိပါတယ်။ ကျနော်တို့ရေးဆွဲထားတဲ့ဟာ ဖွဲ့စည်းပုံရေးဆွဲဖို့ကတော့ လူတိုင်းမှာ တာဝန် ရှိတယ်။ ပြည်သူတိုင်းမှာ တာဝန်ရှိတာပေါ့ လေ။ ဒါပေမယ့်လို့ အဓိကက အင်အားစု အနေနဲ့ပြန်ကြည့်ရင် ပြည်တွင်းက နိုင်ငံရေး ပါတီအဖွဲ့အစည်းတွေ၊ လွှတ်တော်ကိုယ်စား လှယ်အင်အားစုတစုရှိတယ်။ ကျနော်တို့ လွတ် မြောက်နယ်မြေ၊ နိုင်ငံတကာရောက်နေတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ၊ အဖွဲ့အစည်း အသီးသီးတွေရဲ့အင်အားစုတစုရှိတယ်။ ဒါတစိတ်တပိုင်းအားဖြင့် ကျနော်တို့ရေးဆွဲ ပိုင်ခွင့်ရှိတယ်။ လွှတ်တော်ကိုယ်စားလှယ် လည်း အခု (၃၀) ကျော်ရှိပါတယ်။ ပြီးတော့ ဒီမိုကရေစီအင်အားစုတွေ၊ တိုင်းရင်းသား အင်အားစုတွေဆိုတာလည်း ဒါပြည်သူလူထု က တစိတ်တပိုင်းကိုယ်စားပြုတဲ့အဖွဲ့အစည်း ဖြစ်တဲ့အတွက် ကျနော်တို့ ရေးဆွဲပိုင်ခွင့်ရှိ တယ်။ ကျနော်တို့ အခုရေးဆွဲထားတဲ့ဟာက တိုင်းပြည်တခုလုံးရဲ့ ကိုယ်စားပြောလို့ မရ သည့်တိုင်အောင် တစိတ်တပိုင်းအားဖြင့်တော့ လူထုကိုယ်စားပြုရေးဆွဲပိုင်ခွင့်ရှိပါတယ်။ အဲဒါကြောင့် ဒါပေမယ့်



လို့ ကျနော်တို့ရေးဆွဲပြီးတဲ့ ဒီဖွဲ့စည်းပုံမူကြမ်း ကို ဒီအတိုင်း လက်တွေ့ကျင့်သုံးနိုင်တဲ့အထိ လက်တွေ့ကျင့်သုံးဖို့ မဟုတ်ပါဘူး။ ဒီဖွဲ့ စည်းပုံမူကြမ်းကို ကျနော်တို့အဖွဲ့အစည်း အသီးသီးဆီ ကျနော်တို့ အဲဒါတွေ သဘော ပေါက်အောင် ရှင်းလင်း၊ သဘောပေါက်အောင် ပညာပေးဖို့ အများကြီးလိုပါတယ်။ ပြည်သူ လူထုကိုလည်း ရှင်းလင်းတင်ပြဖို့ အများကြီး လိုအပ်ပါတယ်။ ကျနော်တို့က ပညာပေးဖို့ အများကြီးလိုအပ်ပါတယ်။ နောက်ဆုံးအနေနဲ့ ကျနော်တို့ ဒီမူကြမ်းဟာ ကျနော်တို့ပြည်တွင်း မှာ ပြန်ရောက်တဲ့အချိန် မှာ စစ်အာဏာရှင်၊ စစ်အုပ်စုပြုတ်ကျသွားပြီးတော့ ကျနော်တို့ အားလုံး တကယ့်ကို ဒေါ်အောင်ဆန်းစုကြည် ပြောတဲ့ ပင်လုံကဲ့သို့ အမျိုးသားညီလာခံကျ မှပဲ ဒါမူကြမ်းတခုအနေနဲ့ တခြားအဖွဲ့ အစည်းတွေ ခုနပြောတဲ့ အဲန်အယ်လ်ဒီရော တခြားအဖွဲ့အစည်းတွေရော ရေးဆွဲတာ လည်းရှိမယ်။ အဲဒါနဲ့ကျနော်တို့ကိုက်ပြီးတော့ အားလုံးက လက်ခံနိုင်လောက်တဲ့အထိပေါ့ ကျနော်တို့ လုပ်ဆောင် သွားဖို့ဖြစ်ပါတယ်။ နောက်ဆုံးက ဒီဖွဲ့စည်းပုံက အားလုံးအပြည့် အဝမဟုတ်သည့်တိုင်အောင် ကျနော်တို့တိုင်း ပြည်အတွက် များစွာအထောက်အကူပြုတဲ့ မူကြမ်းတခု ဖြစ်တယ်။ ဒါကို သက်ဝင်လှုပ်ရှား ခဲ့ပြီးတော့ ကျနော်တို့ကြိုးစားဆက်လက် ဆောင်ရွက်သွားမယ်ဆိုတာ ပြောလိုပါတယ်။

**မေး ။ ။ လောလောဆယ်အခြေအနေမှာ ပြည်သူလူထုနဲ့အခြားပညာရှင်တွေက ဒီဖွဲ့ စည်းပုံအပေါ်မှာ ဘယ်လိုတုံ့ပြန်မှုတွေ ရှိသလဲ ခင်ဗျ။**

ဖြေ။ ။ ဒီဟာတွေကတော့ (Basic Principle) (၈) ချက်ကို ၂၀၀၄ ခုနှစ်ကတည်း က ကျနော်တို့ကြိုးစားတယ်။ ကျနော်တို့စတင် လှုပ်ရှားခဲ့တယ်။ အဲဒီလိုလှုပ်ရှားခဲ့တဲ့အခါ အဖွဲ့အစည်းအသီးသီးဆီ၊ ပြည်သူလူထုတွေဆီ ချပြပြီးသား ပါ။ နောက် ကျနော်တို့ဖွဲ့စည်းပုံ (Basic Principle) ဆိုတာကလည်း ကျနော် တို့အသစ်တီထွင်ထားတာလည်းမဟုတ်ပါ ဘူး။ ဗိုလ်ချုပ်အောင်ဆန်းနဲ့တိုင်းရင်းသား ခေါင်းဆောင်များ ပင်လုံစာချုပ် ကတည်းက ပင်လုံစာချုပ် မှာပါသွားတဲ့ ပင်လုံ ရဲ့အနှစ်သာရ တွေ၊ ပင်လုံရဲ့ ပဋိညာဉ် တွေ၊ နောက်ပြီးတော့ (ဖဆပလ) ပထမပြင်ဆင် ရေးညီလာခံမှတ်တမ်းတွေ ၊ ဗိုလ်ချုပ်အောင် ဆန်းရဲ့ လမ်းညွှန်ချက် (၇) ချက်၊ နောက်ပြီး တော့ တောင်ကြီးညီလာခံ၊ နောက်ပြီးတော့ ကျနော်တို့ ၁၉၉၀ ခု NLD နဲ့ UNLD ကနေပြီး တော့ သဘောထားထုတ်ပြန်ကြေ ညာထားတဲ့ ဗိုလ်အောင်ကျော်လမ်း ပူးတွဲကြေညာချက်တွေ အဲဒီဟာကို အခြေခံတယ်။ နောက် မာနယ် ပလော စာချုပ်တို့ နောက် တောက်လျှောက် အဲဒီဟာတွေအားလုံးကို အခြေခံပြီးတော့ (Basic Principle) (၈) ချက် ပေါ်လာတာ ဖြစ်တယ်။ တနည်းအားဖြင့် ဒီ (၈) ချက်ပေါ် လာတာက ၊ ရရှိလာတဲ့ဟာက ပြည်သူလူထုရဲ့ သဘောထားကနေ ရရှိလာတာဖြစ်တယ်။ အဖွဲ့အစည်းအသီးသီးကနေ သဘောထားရရှိ လာတယ်။ ဒါက လူထုဘက်က၊ လူထုဆီက သဘောထားကို ရရှိထားတာဖြစ်တယ်။ ထိုနည်းတူပဲ ကျနော်တို့ ခု ဖွဲ့စည်းပုံ ရေးဆွဲတဲ့ ဒီတနှစ်အတောအတွင်းမှာလည်း ဒီပြည်နယ် ဖွဲ့စည်းပုံရေးဆွဲတဲ့ ဒီအဖွဲ့အစည်းများနဲ့ လည်း ကျနော်တို့ (၇) ဖွဲ့ (၈) ဖွဲ့ အ မြဲတမ်း ခေါ်တွေ့ပါတယ်။ သူတို့ပြည် နယ် ဖွဲ့စည်းပုံ ရေးဆွဲတဲ့အဖွဲ့တွေဟာ သူတို့အောက်ခြေ လူထုအထိ ကွင်းဆင်းထားပါတယ်။ သူတို့ ကလည်း အဲဒီဖယ်ဒရယ်ကိစ္စနဲ့တွဲပြီးတော့ ရှင်းပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဖယ် ဒရယ်ပြည်ထောင်စုနဲ့ ပြည်နယ်ဖွဲ့စည်းပုံက ဘယ်လိုယှဉ်တွဲသွားရမယ်ဆိုတဲ့အချက်။ ဒါတွေ ဟာဆန့်ကျင်ဘက်ဖြစ်လို့မရဘူး။ ဒါကြောင့် လည်းလူထုကလည်း အခုမှ အစိမ်းသက်သက် မဟုတ်ပါဘူး။ လူထုလည်း ဒီကိစ္စအထိ အတွေ့ အကြုံတော်တော်ရှိပြီးပါပြီ။ ဒါကို ကျနော်တို့ မဲဆောက်မြို့ပေါ်မှာရှိတဲ့ လူထု လူတန်းစား အဖွဲ့အစည်းတွေ၊ စက်ရုံ၊ အလုပ်ရုံတွေမှာ ဒါတွေကို ကျနော်တို့ တော်တော်လေးရှင်းလင်း ထားပြီးသား ဖြစ်ပါတယ်။ ဒါကြောင့် အခုခါ ကျနော်တို့ ဒီဖွဲ့စည်းပုံမူကြမ်းနဲ့ပတ်သက်ပြီး တော့ ရှင်းလင်းရင်လည်း ဒီလောက်အစိမ်း သက်သက် မဟုတ်ဘူး။ သိပ်အခက်အခဲရှိမယ် မဟုတ်ဘူး။ ကျနော်တို့ ပြည်သူလူထုအကြား မှာ ခပ်မြန်မြန်ပဲ စိမ့်ဝင်ပျံ့နှံ့သွားနိုင်တယ်လို့ အဲဒီလိုပဲ ကျနော်မျှော်လင့်ပါတယ်။ ပညာရှင် အပိုင်းကတော့ ဒီလိုရှိတယ်။ ကျနော်တို့ ရေးဆွဲကတည်းက ကမ္ဘာ့ပညာရှင်တွေကို လည်း ဖိတ်ခေါ်ပြီးပြီ။ ဥပမာ (Joseph Silver Stine) တို့၊ (David C. William) တို့ (Susan C. William) တို့၊ ဗမာပညာရှင် ဖြစ်တဲ့ ဒေါက်တာထွန်းမြင့်တို့၊ နောက်ပြီးတော့ ချင်းကတယောက်၊ နောက်ပြီးတော့ ဖွဲ့စည်း ပုံနဲ့ပတ်သက်ရင် အထူးတတ်တဲ့သူတွေ၊ နောက် တခြားနိုင်ငံရေးအဖွဲ့အစည်းတွေလည်း ကျနော်တို့က ငါးရက်တိုင်တိုင် အသေး စိတ် ညှိနှိုင်းထားပြီးသားဖြစ်တယ်။ ပညာရှင်ရဲ့အကြံ ဥာဏ်တွေလည်း အများကြီးပါပြီးပါပြီ။ နောက်ပြီးတော့ ဒီနယ်စပ်တလျှောက်လုံး လွတ် မြောက်နယ်မြေမှာရှိတဲ့ ပညာရှင်တွေကတော့ ကျနော်တို့နဲ့အတူတူ တသားတည်း ပါပြီး သား ဖြစ်တယ်။

□